# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | 29, Wednesday June 2016 | (၈၆၀၇)


## ဝီရိယမလျှော့ဘဲ အားထုတ်

ကြွန်ြ္မွ ကောင်းစွာ မစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ကြွန်ြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကို သိရှိပြီး ဝီရိယကို မလျှော့ဘဲ အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၈)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကိုရီးယားသမ္မတနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

စာမျက်နှာ - ၃

# လူများအနေဖြင့် အပြောင်းအလဲနှင့် ရင်ဆိုင်ရပြီဆိုပါက စိုးရိမ်တတ်ကြသည်မှာ သဘာဝကျ ငြိမ်းချမ်းရေးကြိုးပမ်းမှုများသည် အောင်မြင်မည်ဟုယုံကြည်ပြီး စိတ်ဓာတ်တက်တက်ကြွကြွဖြင့် ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

"နောင်မျိုးဆက်တွေအတွက်ထားခဲ့ရမယ့် အကောင်းဆုံးအမွေအနှစ်ဆိုတာ ငြိမ်းချမ်းရေးပါပဲ။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းမှ တိုးတက်နိုင်မှာပါ။ မငြိမ်းချမ်းတဲ့နိုင်ငံဟာ တိုးတက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ညီညွတ်မှ ငြိမ်းချမ်းနိုင်မှာပါ။ ဒါ့ကြောင့် ကျွန်မတို့က ညီညွတ်ရေးကိုရှာဖွေရမယ်။ ညီညွတ်ရေးကိုအခြေခံတဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်ရမယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံသွားရောက်ခဲ့သော တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်းထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ရှိဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား နယ်နိမိတ်ပြန်လည်တိုင်းတာရေးကိစ္စများအပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

၂။ ထို့ပြင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းဘုရင့်နိုင်ငံအစိုးရတို့အကြား အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ခြင်း နားလည်မှုစာချွန်လွှာ၊ အလုပ်သမားများအလုပ်ခန့်ထားရေးဆိုင်ရာသဘောတူညီချက်စာချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းဘုရင့်နိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံအကြားနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာသဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘာဏ်

# ကြေးမုံ

## မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် မျှော်လင့်ချက်ရောင်ခြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာဒုက္ခသည်များ၏ ပြဿနာဖြေရှင်းရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါသော သဘောတူညီချက်များ ရရှိခဲ့သည်။ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ရေးဆိုင်ရာ သဘောတူညီချက်၊ အလုပ်သမားအလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်နှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံ အလုပ်သမားရေးရာဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်ရှိထိုင်းနိုင်ငံတွင် မြန်မာဒုက္ခသည်တစ်သိန်းကျော် ခိုလှုံနေထိုင်နေဆဲဖြစ်သည်။ ၎င်းတို့မှာ တိုင်းရင်းသားဒေသများတွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များကြား ပဋိပက္ခများကြောင့် အစု အပြုံလိုက် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသူများဖြစ်ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၃၀ ကျော်ပင် ရှိလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဒုက္ခသည်များအားလုံးနေရပ်ပြန်လာနိုင်ရေးအတွက် မြန်မာအစိုးရသစ်အနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည့်အကြောင်း ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်ကို တွေ့ရသည်။

နောက်ထပ်ပြဿနာကြီးတစ်ခုမှာ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအရေးဖြစ်သည်။ ဤပြဿနာမှာလည်း အစိုးရအဆက်ဆက်က လျစ်လျူရှုခဲ့သောပြဿနာဖြစ်သည်။ ပြည်ပရောက် မြန်မာများသည် ကိုယ့်ပြဿနာကိုယ်ရှင်းဆိုသောပုံစံဖြင့် နှစ်ပေါင်းများစွာ ရင်ဆိုင်နေခဲ့ကြရခြင်းဖြစ်သည်။ အစိုးရနှင့် အစိုးရကိုယ်စား သံရုံးများက လုံးဝတာဝန်မယူသော ပုံစံမျိုးဖြစ်ခဲ့သည်။

ယခုထိုင်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာပြည်သူများအတွက် မြန်မာနိုင်ငံမှာ တာဝန်ရှိသည်ဆိုသည်ကို အသိအမှတ်ပြုကြောင်း၊ နိုင်ငံသားများ လုပ်ကိုင်နေကြသည့်အတွက် အစိုးရတွင် တာဝန်မရှိဟု မည်သည့်အခါမှ ပြောမည်မဟုတ်ကြောင်း၊ ၎င်းတို့ကို မည်သည့်အခါမှ လျစ်လျူရှုမည်မဟုတ်ကြောင်း၊ ၎င်းတို့မှာ အစိုးရတာဝန်ဖြစ်ကြောင်း၊ ထိုသို့ တာဝန်ယူရသည်ကို ဂုဏ်ယူကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသွားခဲ့သည်။ လက်တွေ့တွင်လည်း လတ်တလောဖြေရှင်းနိုင်သမျှကို ဖြေရှင်းခြင်း၊ နောင် အစီအစဉ်များအတွက် လမ်းညွှန်ခြင်းများပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

မြန်မာအလုပ်သမားများအရေးကို ဆောင်ရွက်နေသည့် မြန်မာအဖွဲ့အစည်း ၁၃ ဖွဲ့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး လိပ်ကျွန်းလူသတ်မှု၊ ရနောင်းလူသတ်မှုများအပါအဝင် ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများ၏ ဒုက္ခမျိုးစုံခံစားနေရမှုများကို နားထောင်ခဲ့သည်။ ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ရာတွင် အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ချိုးဖောက်နေသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို ဖော်ထုတ်အရေးယူရမည်ဖြစ်ကြောင်း၊ ထိုသို့သောကုမ္ပဏီများမှာ နှစ်ဖက်စလုံးတွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

မြန်မာသံရုံး၏အဓိကတာဝန်တစ်ခုမှာ ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများ ပြဿနာပေါ်လျှင် သံရုံးကလိုက်ပါဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ရာဇဝတ်မှု ချိုးဖောက်၍ ထောင်ထဲရောက်နေလျှင်သော်မှ ကိုယ့်နိုင်ငံသူ၊ နိုင်ငံသားဆိုလျှင် စောင့်ရှောက်ရမည်၊ ကူညီရမည်၊ မှန်မှန်သွားတွေ့ရမည်၊ ကိုယ့်နိုင်ငံသားများကို ပစ်မထားရဘူး၊ ပေးသင့်ပေးထိုက်သည့် အကူအညီအားလုံးပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုလိုအပ်နေသည်မှာ မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသားများနှင့်တန်းတူအခွင့်အရေးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရေးတို့ဖြစ်သည်။ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဥပဒေပါ ခံစားခွင့်များမရှိခြင်း စသည့် ပြဿနာများပေါ်ပေါက်လျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မြန်မာအလုပ်သမားများသိရှိအောင် လုပ်ဆောင်သွားမည်ဟုသိရသည်။ ယခုတွေ့ဆုံပွဲများတွင်ပင် ထိုင်းဒေသခံအာဏာပိုင်များက မြန်မာအလုပ်သမားများနှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံမှု အဆင်မပြေအောင်လုပ်ဆောင်မှုများရှိခဲ့သော်လည်း ထိုင်းဝန်ကြီးချုပ်နှင့် အထက်ဆင့်ပုဂ္ဂိုလ်များ၏တုံ့ပြန်မှုက အားရစရာရှိခဲ့သည်ကိုတွေ့ရသည်။ အလုပ်သမားများ ဒုက္ခရောက်ချိန်တွင် Hot Lineဖုန်းနံပါတ်များ ထုတ်ပြန်ပေးမည်ဟုပင် ထိုင်းဝန်ကြီးချုပ်ကဆိုခဲ့သည်။

မည်သို့ဆိုစေ နိုင်ငံခေါင်းဆောင်တစ်ဦးက မိခင်တစ်ဦးသဖွယ် အသေးစိတ်မှာကြားပြောဆိုချက်များ၊ ညှိနှိုင်းဆောင်ရွက်ချက်များက အမိမဲ့သား ရေနည်းငါးပမာဖြစ်နေသူ မြန်မာအလုပ်သမားများ၊ ဒုက္ခသည်များအတွက် အားဆေးတစ်ခွက်ဖြစ်နိုင်ပါသည်။ တကယ်လက်တွေ့ဘဝများတွင်လည်း ထိုအကျိုးဆက်များကို မြန်မာအလုပ်သမားများနှင့်ဒုက္ခသည်များ ခံစားသွားရမည်ဟု ယုံကြည်မိပါကြောင်း။


## အကြိမ် (၉၀)မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ သထုံတွင်ပြုလုပ်

**သထုံ ဇွန် ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးက နှစ်စဉ် ကျင်းပသည့် သုဝဏ္ဏဘူမိပရိယတ္တိ ပိဋကတ္တရပါရဂူ စာမေးပွဲကို ဇွန် ၂၈ ရက်မှ စတင်ကာ မြသပိတ်တောင်ခြေရင်းရှိ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်း ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာမေးပွဲတွင် အနယ်နယ်အရပ်ရပ်မှ သံဃာတော်၂၄၈ ပါးနှင့် သီလရှင် ၁၄ ပါးတို့က သက်ဆိုင်ရာကျမ်းအလိုက် ဝင်ရောက်ဖြေဆိုကြပြီး ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ တစ်ပတ်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ပဲခူး ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက အလှူရှင် ဦးရဲမြင့်မိသားစုက ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်း ၁၉ မျိုးကို အမှန်တကယ်လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန်ရည်ရွယ်၍ လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက လက်ခံခဲ့သည်။

ယင်းနောက် တိုင်းရင်းသားရေးရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပဲခူး(ခရိုင်ပြန်/ဆက်)**



## ကျန်းမာရေးအသိပညာပေးခြင်းနှင့် မူးယစ်ဆေးဝါးအကြောင်း ပညာပေးဟောပြော

**ညောင်တုန်း ဇွန် ၂၈**

ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ပြည်သူ့အကျိုးပြုဥပဒေဆိုင်ရာအသိပညာပေးခြင်းနှင့် လူကုန်ကူးမှုကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မဲဇလီကျေးရွာ၌ ဇွန် ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေးပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းသီတာဌေး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးအောင်လွင်၊ မဲဇလီကျေးရွာ ကျန်းမာရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်သန္တာဦးတို့က အများပြည်သူများ သိသင့်သိထိုက်သည့် ဥပဒေအကြောင်းအရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ၊ ကွမ်းစားသုံးခြင်းနှင့် ကွမ်းတံတွေးထွေးမှုလျှော့နည်းပပျောက်ရေး၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားစေနိုင်သည့် ရောဂါများအကြောင်းနှင့် အန္တရာယ်ကြီးမားပုံ အကြောင်းအရာများအား အသိပညာပေးခြင်းနှင့် လူကုန်ကူးမှု ဖြစ်ပွားစေနိုင်သည့် နည်းလမ်းများနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကြီးမားပုံ ဆိုးကျိုးအပြစ်၊ သိကောင်းစရာများကို ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား ရှင်းလင်းအသိပညာပေးဆွေးနွေးဟောပြောခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်အသီးသီး ဆွေးနွေးဟောပြောခြင်းများနှင့် ဗီဒီယို၊ ပရိုဂျက်တာများနှင့် အသေးစိတ် ရှင်းလင်းဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျောင်းမုန့်ဈေးတန်း အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ပဲခူး ဇွန် ၂၈**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းနားတွင် တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခင်စပယ်က တက်ရောက်လာကြသော (ခ)ယာဉ်မောင်းလိုင်စင် ဝင်ရောက်ဖြေဆိုသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အထူးဂရုစိုက်ရန်၊ လိုက်နာရန်နှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(ပဲခူး ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကိုရီးယားသမ္မတနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်



**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ယူဂျယ်ဂျောင်းသည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ စတီဖင်မာရှယ်**(ယာပုံ)**သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတို့သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အခြေစိုက် ဘင်းမ်စတက်မှ အတွင်းရေးမှူးချုပ် မစ္စတာ ဆူမစ်နာကန်ဒလာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဘင်းမ်စတက်၏ဒေသအတွင်း လွတ်လပ်သော ကုန်သွယ်မှု ဧရိယာထူထောင်နိုင်ရေး၊ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ရေး လမ်းကြောင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘင်းမ်စတက်ဒေသအတွင်း မြန်မာနိုင်ငံပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ဂျောင်းအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■





# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယူဂျယ်ဂျောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယူဂျယ်ဂျောင်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး**(အပေါ်ပုံ)** နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

ကြေးမုံ
ဇွန် ၂၉၊ ၂၀၁၆

# ဩဂုတ်လ လူထုဆန္ဒခံယူပွဲရလဒ် မည်သို့ပင်ရှိစေ ရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ဟု ပရာယုဒ်ပြော



**ဗန်ကောက် ဇွန် ၂၈**
ထိုင်းနိုင်ငံ၌ ဩဂုတ်လတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲ၌ စစ်ဘက်က ထောက်ခံသောဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူများက ပယ်ချသည့်တိုင်အောင် မိမိရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ကြောင်း ဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာ၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ ၂၀၁၄ ခုနှစ် မေလက အာဏာသိမ်းပွဲတွင် ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ ဦးဆောင်သော ရွေးချယ်တင်မြှောက်ခံအစိုးရအဖွဲ့ကို ဖြုတ်ချခဲ့ပြီးနောက် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သော စစ်ကောင်စီဖြစ်သည့် အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ၏အကြီးအကဲဖြစ်သည့် အမျိုးသားငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကောင်စီ၏ အကြီးအကဲအဖြစ် ပရာယုဒ်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ လပေါင်း အတန်ကြာမျှ လမ်းပေါ်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီးနောက် တည်ငြိမ်ရေးကို ပြန်လည်တည်ဆောက်နိုင်ရေးအလို့ငှာ စစ်ဘက်က အာဏာသိမ်းရခြင်းဖြစ်သည်ဟု ပရာယုဒ်က ပြောကြားခဲ့သည်။

မိမိ၏နိုင်ငံအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ချမှတ်ပေးနေရသူ မိမိအနေဖြင့် လူထုဆန္ဒခံယူပွဲရလဒ် မည်သို့ပင် ပေါ်ထွက်လာစေကာမူ ရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ကြောင်း ဗန်ကောက်ရှိ အစိုးရအဖွဲ့ အိမ်တော်တွင် ပရာယုဒ်က သတင်းထောက်များအား ပြောကြားသည်။

ထိုင်းပြည်သူများသည် မိမိကို ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် နှိုင်းယှဉ်သမှု မပြုသင့်ကြောင်း ပရာယုဒ်က ပြောကြားသည်။ ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ပြည်သူများက မဲပေးဆုံးဖြတ်ခဲ့ရာ ဝန်ကြီးချုပ် ကင်မရွန်းက ရာထူးမှ နုတ်ထွက်ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အာဏာရ စစ်ကောင်စီသည် ၂၀၁၇ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီကာလတွင် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပရာယုဒ်က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲကို ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး အသွင်ကူးပြောင်းမှု၏ အစ ဖြစ်လိမ့်မည်ဟု ဆိုသည်။ **ရိုက်တာ။**

## ဒိုးကျည်နည်းပညာ ထိန်းချုပ်ရေးအုပ်စုတွင် အိန္ဒိယ တရားဝင်ပါဝင်ခွင့်ရရှိပြီ

**နယူးဒေလီ ဇွန် ၂၈**
ဒုံးကျည်နည်းပညာထိန်းချုပ်ရေးအုပ်စုတွင် အိန္ဒိယနိုင်ငံက တရားဝင်ပါဝင်ခွင့်ရရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒုံးကျည်နည်းပညာ ထိန်းချုပ်ရေးအုပ်စုတွင် တရားဝင်ပါဝင်ခွင့်ရရှိရန် လျှောက်ထားခဲ့ပြီးနောက် တစ်နှစ်ကျော်အကြာတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရခြင်းဖြစ်သည်။

မြို့တော်နယူးဒေလီ၌ကျင်းပသည့် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ဒုံးကျည်နည်းပညာ ထိန်းချုပ်ရေးအုပ်စုတွင် ပါဝင်ခွင့်ပြုသော သဘောတူညီချက်ကို ပြင်သစ်၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့မှ အထူးသံတမန်များ၏ရှေ့မှောက်တွင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် အက်စ်ဂျေရှန်ကာက လက်မှတ်ရေးထိုးခဲ့သည်။ **ဆင်ဟွာ။**

## ကူညီထောက်ပံ့မှုမပေးနိုင်ပါက ၂၀၃၀ တွင် ကလေးငယ် ၆၉ သန်း သေဆုံးနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၂၈**
ကမ္ဘာကြီးအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီထောက်ပံ့မှုများမပေးနိုင်ပါက ၂၀၃၀ ခုနှစ်တွင် အသက်ငါးနှစ်အောက် ကလေးသူငယ် ၆၉ သန်းသည် အသက်ဆုံးရှုံးရနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က သတိပေးပြောကြားသည်။

ယူနီဆက်က ၎င်း၏ နှစ်စဉ်ထုတ်ပြန်သည့် အစီရင်ခံစာကို ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာကြီးအနေဖြင့် အတိဒုက္ခရောက်ပြီး ဆင်းရဲနွမ်းပါးလွန်းသည့် ကလေးသူငယ်များကို အလေးထားကူညီစောင့်ရှောက်မှုများမပြုလုပ်နိုင်ပါက ကလေးသူငယ်များသည် ကြိုတင်ကာကွယ်နိုင်သည့်ကိစ္စများဖြင့်ပင် အများဆုံးသေဆုံးရလိမ့်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ သေဆုံးနိုင်သည့် အကြောင်းများတွင် ကူးစက်ရောဂါများ၊ ပဋိပက္ခများနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်ရသည့် အကျိုးဆက်များ ပါဝင်သည်။



သေဆုံးနိုင်ဖွယ်ရှိသည့် ကလေးသူငယ်အရေအတွက်၏ထက်ဝက်ခန့်မှာ အာဖရိက ဆာဟာရဒေသခွဲမှဖြစ်သည်။ လက်ရှိအနေအထားအရ ယင်းဒေသရှိ ကလေးငယ် ၁၀ ဦးတွင် ကိုးဦးသည် ၂၀၃၀ ခုနှစ်တွင် အလွန်ဆင်းရဲနွမ်းပါးစွာနေထိုင်ရလိမ့်မည်ဟု ဆိုသည်။ အာဖရိက ဆာဟာရဒေသခွဲသည် စီးပွားရေးဖွံ့ဖြိုးမှုရှိသော်လည်း ဆင်းရဲနွမ်းပါးမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည့်ဒေသဖြစ်သည်။

ထို့ပြင် မူလတန်းအရွယ်ကလေးငယ် သန်း ၆၀ ခန့်သည်လည်း ကျောင်းနေနိုင်လိမ့်မည်မဟုတ်ကြောင်း ယူနီဆက်က ခန့်မှန်းထားပြီး ကလေးငယ်တစ်ဝက်ကျော်သည် အာဖရိက ဆာဟာရဒေသခွဲမှပင်ဖြစ်သည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

## တရုတ်နိုင်ငံ၌ ကမ္ဘာ့အရှည်ဆုံးနှင့် အမြင့်ဆုံး ဖန်တံတား ကြံ့ခိုင်မှုစမ်းသပ်စစ်ဆေး

**ချန်းရှား ဇွန် ၂၈**
တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ကျန်ယွေ့ကျီဒေသ၌ ကမ္ဘာ့အရှည်လျားဆုံးနှင့် အမြင့်ဆုံးဒေသတွင် တည်ဆောက်ထားသည့် ဖန်သားမျက်နှာပြင်သုံးတံတားတစ်စင်း၏ခံနိုင်ဝန်အားကို သိရှိနိုင်ရန် နှစ်တန်အလေးချိန်ရှိ ကုန်တင်ယာဉ်တစ်စီးကို ဖြတ်သန်းမောင်းနှင်ကာ စမ်းသပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါတံတားမှာ အလျားမီတာ ၄၃၀ ရှိပြီး မြေပြင်အထက် မီတာ ၃၀၀ ရှိ အမြင့်တွင် ကျောက်တောင်စွန်းနှစ်ခုကို ဖြတ်သန်းကာ တည်ဆောက်ထားသည်။

အဆိုပါတံတား၏ခိုင်ခံ့မှုနှင့်ပတ်သက်၍ ပြည်သူတို့ယုံကြည်စိတ်ချမှုရှိစေရန် စေတနာ့ဝန်ထမ်း ၂၀ ခန့်က လက်ရိုက်တူများအသုံးပြုကာ တံတား၏ ဖန်သားမျက်နှာပြင်ကို ထုနှက်စစ်ဆေးစေခဲ့သည်။



တံတားကြံ့ခိုင်မှုစစ်ဆေးမှုတွင် မြေမျက်နှာပြင်မရွေးမောင်းနှင်နိုင်သော ကားတစ်စင်းနှင့်အတူ စေတနာ့ဝန်ထမ်း ၁၁ ဦးလိုက်ပါခဲ့သည်။ ၎င်းအပြင် စေတနာ့ဝန်ထမ်း ၁၀ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့က ဖန်သားမျက်နှာပြင်ကို တူဖြင့်ရိုက်ခွဲမှု ထပ်မံပြုလုပ်ခဲ့ကြောင်း၊ မျက်နှာပြင်ပေါ်တွင် အက်ကွဲကြောင်း ဖြစ်ပေါ်သည့်တိုင်အောင် ဖန်သားမှာ ပဲ့ထွက်ကျိုးပျက်သွားခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ခိုင်ခံ့စေရန် ပြုပြင်စီရင်ထားသော ဖန်သားကို အလွှာသုံးလွှာထပ်၍ တံတားမျက်နှာပြင်ကို တည်ဆောက်ထားသည်။ တံတား၌ ဖန်ချပ်ပေါင်း ၉၉ ချပ်ရှိပြီး ဖန်ချပ်တစ်ချပ်လျှင် ၄ ဒသမ ၅ မီတာ၊ ထု ၁၅ မီလီမီတာရှိကြောင်း၊ အကယ်၍ ဖန်ချပ်ပျက်စီးပါက ပျက်စီးသည့်နေရာတွင် ဖန်ချပ်သစ်ဖြင့် အစားထိုးနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## ဇင်ဘာဘွေ၌ ကြံ့ချိုများပျောက်ဆုံး

**ဟာရာရီ ဇွန် ၂၈**
ဇင်ဘာဘွေဥယျာဉ်များနှင့် သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအာဏာပိုင်အဖွဲ့ (ZPWA) သည် ညွှန်ကြားရေးမှူးချုပ်ဖြစ်သူအား ရာထူးမှဆိုင်းငံ့လိုက်ပြီး သိမ်းဆည်းထားသော ကြံ့ချို ၂၂၈ ကီလိုဂရမ် (ပေါင် ၅၀၀) ပျောက်ဆုံးမှုအတွက် စုံစမ်းစစ်ဆေးနေကြောင်း ဇွန် ၂၈ ရက်က ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၅ သန်းထက်မနည်း တန်ကြေးရှိသော ဆင်စွယ်နှင့် ကြံ့ချို တန် ၇၀ ကို သိမ်းဆည်းသိုလှောင်ထားပြီး အပြည်ပြည်ဆိုင်ရာ ဆင်စွယ်ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်ဆောင်ရွက်ရန် အိမ်နီးချင်းတိုင်းပြည်များမှ ပံ့ပိုးမှုများ တောင်းခံလျက်ရှိသည်။ နမီးဘီးယားနိုင်ငံက အပြည်ပြည်ဆိုင်ရာဆင်စွယ်ရောင်းဝယ်ဖောက်ကားရေးဌာန ဖွင့်လှစ်ရန်အဆိုပြုလျက်ရှိသော်လည်း တစ်ကမ္ဘာလုံးတွင် လုံးဝပိတ်ပင်တားဆီးထားသော အဆိုပါအစီအစဉ်တွင် ကင်ညာနိုင်ငံက ဦးဆောင်လျက်ရှိသည်။

စုံစမ်းစစ်ဆေးမှုလွယ်ကူချောမွေ့စေရန် အက်ဒ်ဆင်ချက်ဖယာဆိုသူ တာဝန်ရှိသူတစ်ဦးအား လစာပြည့်ခံစားခွင့်ဖြင့် စေလွှတ်ခဲ့ကြောင်း ZPWA က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ စုံစမ်းစစ်ဆေးရာတွင် စာရင်းစစ်တစ်ဦးခွင့်ပြုရန်လိုအပ်ကြောင်း၊ ၂၂၈ ကီလိုဂရမ်ထိရှိသော ကြံ့ချိုအပုံကြီးပျောက်ကွယ်မှုတွင် မှုမမှန်မှုများရှိနေကြောင်း ZPWA ကဆိုသည်။ **ရိုက်တာ။**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး မစ္စတာစတီဖင်မာရှယ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်အခြေအနေများ၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်း၊ အစားအသောက်လုံခြုံမှုဆိုင်ရာများ၊ တိရစ္ဆာန်ဆေးကုသမှုဆိုင်ရာများနှင့် နည်းပညာပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် လုပ်ဆောင်နိုင်မှုအခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေ ၃ နာရီခွဲတွင် အဆိုပါခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယူဂျယ်ဂျောင်းအား လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များအပါအဝင် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်လုပ်ဆောင်နိုင်မှု အခြေအနေများနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိနိုင်မည့် အခွင့်အလမ်းများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် သီးခြားစီသွားရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် **(ယာပုံ)** ယနေ့နံနက် ၁၁ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌လည်းကောင်း သီးခြားစီတွေ့ဆုံသည်။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တွေ့ဆုံစဉ် လူ့အခွင့်အရေးအစီရင်ခံစာတင်သွင်းသူ၏ လုပ်ငန်းတာဝန်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကိစ္စရပ်များ၊ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကိစ္စများနှင့် တိုက်ပွဲရှောင်ဒုက္ခသည်များ အရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ မစ္စယန်ဟီလီသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ယနေ့ညနေ ၃ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တွေ့ဆုံစဉ် နိုင်ငံတော်၏ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိစေရေး၊ IDPs များနှင့်ပတ်သက်၍ စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ကြီးဌာန၏ကာလတို/ကာလရှည်လုပ်ငန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုဆိုင်ရာများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးစွာ ဆွေးနွေးကြသည်။

အလားတူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံစဉ် အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ပဋိပက္ခလျော့ပါးစေရေးအတွက် အလုပ်သမားများ၏ ဥပဒေကြောင်းအရ အခွင့်အရေးနှင့် ရပိုင်ခွင့်များ ရရှိစေရေးအတွက် ဆောင်ရွက်ချက်များ၊ အလုပ်သမားများအတွက် လူမှုဖူလုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပြည်ပရောက်အလုပ်သမားများအတွက် ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာများတွင် ဥပဒေနှင့်အညီ ထိရောက်စွာအကူအညီပေးသွားရေးဆိုင်ရာများ၊ ကလေးသူငယ် အလုပ်သမားများ ပပျောက်ရေးလုပ်ငန်းစီမံချက်များ ပေါ်ပေါက်လာစေရန်အတွက် ပြည်ပအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံနှင့် ဆောင်ရွက်ချက်ဆိုင်ရာများအပေါ် ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တွေ့ဆုံစဉ် ဝန်ကြီးဌာန၏ ကာလတို/ကာလရှည်စီမံကိန်းဆိုင်ရာများ၊ သက်ကြီးရွယ်အို၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ခိုကိုးရာမဲ့ကလေးသူငယ်များ ပြန်လည်ပြုစုပျိုးထောင်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအတွက် ဆောင်ရွက်ထားရှိမှုများ၊ ကလေးသူငယ်နှင့် အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးကြသည်။

**(သတင်းစဉ်)**

■

### ❖ ဗန်ကောက်မှ

တစ်ရက်လျှင်အသွား/အပြန် နှစ်ကြိမ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရကာ ပျမ်းမျှအားဖြင့် ခရီးသည် ၈၅ ရာခိုင်နှုန်း ရရှိရန်မျှော်မှန်းထားကြောင်းသိရသည်။ ခရီးသည်များအတွက် အခမဲ့ထိုင်ခုံနေရာရွေးချယ်ခွင့်များ ရရှိမည့်အပြင် ကီလို ၃၀ အလေးချိန်ထိ တန်ဆာအခမဲ့နှင့် ၁၅ ကီလိုအထိ အားကစားပစ္စည်းအခမဲ့အပြင် လိုက်ပါစီးနင်းသူများအား လေယာဉ်ပေါ်တွင် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Thai Lion Air လေကြောင်းလိုင်းသည် ထိုင်းနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ပြေးဆွဲခဲ့ပြီး ပြည်တွင်းလေကြောင်းခရီးစဉ် ၁၀ ခုနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ်အဖြစ် စင်ကာပူ၊ ဂျကာတာနှင့် တရုတ်နိုင်ငံတို့အား ပျံသန်းပြေးဆွဲခဲ့ကာ ယခုအခါတွင် မြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းမည်ဖြစ်သည်။ Boeing 737-800 သည် ထိုင်ခုံ ၁၈၉ ခုံ ပါရှိပြီး Boeing 737 -900 ER သည်ထိုင်ခုံ ၂၁၅ ခုံ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ (ဒွန်မောင်း)မှ ဒေသစံတော်ချိန်နံနက် ၉ နာရီ ၅ မိနစ်နှင့် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စတင်ပျံသန်းပြီး ရန်ကုန်သို့ နံနက် ၁၀ နာရီ နှင့် ည ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထပ်မံ၍ ရန်ကုန်မှ နံနက် ၁၁ နာရီနှင့် ည ၈ နာရီ ၅ မိနစ်တွင် စတင်ပျံသန်းပြီး ထိုင်းနိုင်ငံ(ဒွန်မောင်း)သို့ ဒေသစံတော်ချိန်မွန်းလွဲ ၁ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ခရီးသွားများလေယာဉ်လက်မှတ်ကြိုတင်မှာယူလိုပါက www.lionairthai.com နှင့် ပြည်တွင်းလေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ (သို့) ဗန်ကောက်ရှိ Thai Lion Air Call center ၏ ဖုန်းနံပါတ်ဖြစ်သော +66 25299999 နှင့် www.facebook .com သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ❍ ရှုံး/ထွက်ပြိုင်ပွဲမှ

ရလဒ်များထွက်ပေါ်လေ့ရှိရာအနိုင်၊ အရှုံးရလဒ်ကို ကြိုတင်ခန့်မှန်းရန် မလွယ်ကူပေ။ ပြီးခဲ့သည့်တစ်ပတ်က ကျင်းပခဲ့သည့် ပွဲစဉ်များတွင် MNL ထိပ်သီးကလပ် ဇေယျာရွှေမြေအသင်းသည် ပထမတန်းကလပ်မြဝတီအသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်သောကြောင့် အသင်းကြီးများပေါ့ဆ၍ မရသည့်ပြိုင်ပွဲဖြစ်သည်။

ရတနာပုံအသင်းသည် ယခုရာသီတွင် ဖလားနှစ်လုံးလမ်းကြောင်းပေါ်၌ ရပ်တည်နေပြီး အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲရန် အနီးစပ်ဆုံးအနေအထားသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ရှုံးထွက် ပြိုင်ပွဲကိုလည်း အာရုံစိုက်ဖွယ်ရှိနေသည်။ Horizon အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ဇယားအောက်ဆုံးသို့ ရောက်ရှိနေသောကြောင့် ရှုံးထွက်ပြိုင်ပွဲတွင် ရလဒ်ကောင်းတစ်ခု ရယူနိုင်ရန် ကြိုးပမ်းဖွယ်ရှိနေသည်။ မကွေးအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ပွဲမှာ အကြိတ်အနယ်ရှိလာနိုင်ပြီး နှစ်သင်းစလုံးအခွင့်အရေးကိုယ်စီရှိနေသည်။ ပွဲစဉ်များကို ညနေ ၄ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# မြန်မာ့ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုအဝန်းထဲက ၂၁ ရာစု ပင်လုံညီလာခံ

ဒေါက်တာစိန်မြင့်

ကိုလိုနီလက်အောက် မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ်ဟာ လွတ်လပ်ရေးလက်တစ်ကမ်းအလို မြန်မာ့နိုင်ငံရေးသမိုင်းမှာတော့ လှုပ်ရှားတက်ကြွမှုဖြစ်ရပ်တွေ၊ ပြည်တွင်းနိုင်ငံရေးဆွေးနွေးပွဲတွေ၊ နိုင်ငံပြင်ပ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ပြည်သူတို့ရင်ထဲ စူးနစ်ခံစား လွမ်းဆွေးရတဲ့ဖြစ်ရပ်ရယ်၊ နိုင်ငံရဲ့ရှေ့ရေးကို အုတ်မြစ်ချတဲ့ တိုင်းပြည်ပြုလွှတ်တော်ဆွေးနွေးပွဲနဲ့ ယာယီအစိုးရအဖွဲ့ ဖွဲ့တဲ့ဖြစ်ရပ်တွေနဲ့ ပြည့်နေပါတယ်။ ဒီအထဲမှာ ညီညွတ်ရေး အရေးတော်ပုံတစ်ရပ်လည်း ပြောင်ပြောင်မြောက်မြောက်နဲ့ သမိုင်းဝင်ဆင်နွှဲခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညပိုင်း ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းက “စစ်ကြီးအတွင်းက ကျွန်တော်ဝန်ကြီးလုပ်တုန်းမှာ ကရင်အမျိုးသားတပ်ရင်းဖွဲ့စဉ်တုန်းက ထမင်းစားပွဲတစ်ခုမှာ ကရင်စစ်သားတစ်ဦးက လူမျိုးအချင်းချင်း ညီညွတ်ဖို့ပြောတဲ့အထဲမှာ ဗမာက ဖဲရိုက်၊ ကရင်က ငါးမျှား အတူတူပါပဲလို့ ပြောတာကို သတိရပါတယ်။ ကိုယ့်ဒေသအလိုက် ကိုယ်ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင်ကြပြီး တစ်တိုင်းတစ်ပြည်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စကြီးမှာ ညီညီညွတ်ညွတ်လုပ်ကိုင်ကြရင် ဒါဟာတစ်မျိုးတည်းလို့ ယူဆကြရမယ်”ဆိုပြီး လက်ရှိ နိုင်ငံရေးအခြေအနေအရဆိုရင် ထပ်ပြီးတစ်ကြော့ပြန် ဗြိတိသျှတို့ အုပ်ချုပ်ရေးကို ပယ်ဖျက်ကျော်လွှားနိုင်ဖို့ကတော့ ပေါင်းစုညီညွတ်ရေးဟာ အရေးအပါဆုံးဖြစ်ပြီး ဒီထက်အရေးကြီးတာ ဘာမှမရှိတော့ဘူးလို့ ဆိုလိုတာပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ အရှေ့တောင်အာရှဒေသတွင်း ကိုလိုနီလက်အောက်က နိုင်ငံတွေရဲ့ နိုင်ငံရေးဦးတည်ချက်က ကိုလိုနီအုပ်ချုပ်ရေးအောက်ကနေ လွတ်မြောက်ကြရေးပဲ။ အဲဒီလို အာရှဒေသထဲမှာ ကိုလိုနီလက်အောက်ကနေ လွတ်မြောက်ရေး ရှေ့တန်းတင်ပို့ဆောင်နေတဲ့အချိန်မှာ မြန်မာနိုင်ငံကလည်း ဦးတည်ချက်တူ လှုပ်ရှားမှုဖြစ်တဲ့ နိုင်ငံတွင်းညီညွတ်ရေးက ပေါ်ထွက်လာရမှာဖြစ်တယ်။

ညီညွတ်ရေးလို့ အသံပြုခဲ့ကြ၊ တော်လှန်ရေးတစ်ရပ်ကို လုပ်ပြခဲ့ကြရတာကလည်း အင်္ဂလိပ်တို့ရောက်လာကတည်းက မြေပြန့်ဒေသကို ဂေဇက်ဝင် တိုက်ရိုက်အုပ်ချုပ်ပြီး တောင်တန်းဒေသတွေဟာ ဇယားဝင်ပြည်နယ် (Scheduled Area)အဖြစ်နဲ့ရှိစေပြီး ပြည်မနဲ့ သီးခြားစီ တည်ရှိနေစေခဲ့တယ်။ အဲဒီဇယားဝင် ဒေသတွေကတော့ ဗြိတိသျှတို့ရဲ့ တိုက်ရိုက်အုပ်ချုပ်ရေးအောက်မှာပဲ ရှိနေခဲ့တယ်။ ၁၈၂၆ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲပြီးကတည်းက နယ်ချဲ့လက်အောက်ရောက်သွားတဲ့ ပြည်နယ်တွေနဲ့ ဒေသတွေဟာ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ဖြစ်တော့ အတော်လေးကိုပဲ အင်္ဂလိပ်အုပ်ချုပ်ရေးစရိုက်နဲ့ လက္ခဏာရပ်တွေဟာ ပီပြင်နေပြီလို့ ပြောလို့ရသလို တတိယအကြိမ် ၁၈၈၅ ခုနှစ်ကျတော့ မြန်မာ့နောက်ဆုံး ပဒေသရာဇ်တို့ရဲ့ ဇာတ်သိမ်းပြီး အင်္ဂလိပ်တို့ရဲ့ နိုင်ငံရေးစရိုက်နဲ့ လက္ခဏာဟာ ပိုမိုလို့ပီပြင်လာပါတယ်။ အထူးသဖြင့်တော့ ရန်ကုန်၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်၊ စစ်တွေမြို့ပြတွေကို ဗဟိုပြုခဲ့တဲ့ အုပ်ချုပ်ရေးက ပိုခိုင်မာပီပြင်လာပြီး ၁၈၈၆ ခုနှစ်ကနေ ၁၀ နှစ်ကျော် အကြာမှာ တောင်တန်းဒေသအုပ်ချုပ်ရေးနဲ့ မြေပြန့်ဒေသအုပ်ချုပ်ရေးရယ်လို့ လွယ်လွယ်ပဲ ခွဲခြားမြင်လို့ရလာတယ်။ မန္တလေး၊ မြင်းခြံ၊ ညောင်ဦး၊ မုံရွာ၊ ရွှေဘိုစတဲ့ မြို့တွေကလည်း ကျောထောက်နောက်ခံအုပ်ချုပ်ရေးနယ်ဝင် ဒေသတွေနဲ့အတူတူ ဗြိတိသျှကိုလိုနီတို့ရဲ့ နိုင်ငံရေးဓလေ့စရိုက်တွေ တဖြည်းဖြည်းဝင်ရောက် လွှမ်းမိုးလာပြီးတော့ မြန်မာ့အယူအတွေး ဓလေ့စရိုက်တွေ ပြောင်းလဲသွားခဲ့တာကတော့ မြေပြန့်ဒေသတွေပါပဲ။

စောစောကတည်းက ဗြိတိသျှတို့ရဲ့ နိုင်ငံရေးစရိုက်လက္ခဏာကိုရခဲ့ကြတဲ့ အဲဒီခေတ် အသုံးအနှုန်းတစ်ရပ်အခေါ်ဖြစ်တဲ့ အင်္ဂလိပ်အောက် မြန်မာနိုင်ငံကတော့ ဗြိတိသျှတို့ ကိုလိုနီစရိုက်လက္ခဏာဟာ အတော်ကို ခရီးပေါက်တွင်ကျယ်နေပါပြီ။ ဒီကနေ့ အသုံးအနှုန်းနဲ့ နိုင်ငံရေးစကားပြောရရင် ကိုလိုနီနိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းနေပြီဖြစ်တယ်။ ဘုရင်ခံနဲ့စစ်ဘက်အုပ်ချုပ်ရေးဗိုလ်ချုပ်တွေရယ်က ဗြိတိသျှဘုရင်မကြီးရဲ့ အင်ပါယာတော်ကြီးအောက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီနိုင်ငံတစ်နိုင်ငံအနေနဲ့ သွတ်သွင်းထားခဲ့တာကိုက ဗြိတိသျှကိုလိုနီနိုင်ငံရေးယဉ်ကျေးမှု တွန်းတင်ထွန်းကားနေစေခဲ့တာပါပဲ။

ကိုလိုနီခေတ် မြန်မာနိုင်ငံ ပထမဆုံးကော်မရှင်နာမင်းကြီး ဆာအာသာဖယ်ရာ အုပ်ချုပ်မှုသက်တမ်း ၁၈၆၂-၁၈၆၇ ခုနှစ်ကစပြီး ဒုတိယဘုရင်ခံ၊ ဘုရင်ခံအဆက်ဆက်မှာ နောက်ဆုံးဘုရင်ခံဆာဟူးဘတ်ရန့်စ်ရဲ့ ၁၉၄၈ ခုနှစ်အထိ အုပ်ချုပ်ရေးကာလနှစ်ပေါင်းရာကျော် ကြာမြင့်ခဲ့တဲ့ ဘုရင်ခံနဲ့ အုပ်ချုပ်ရေးကောင်စီဝင်တွေမှာ အပေါ်ပိုင်းနိုင်ငံရေးယဉ်ကျေးမှု အဲဒီခေတ်အခေါ် လူ့မလိုင် အထက်တန်းလွှာတို့က မြန်မာအတိုက်အခံသမားတွေဖြစ်တဲ့ သခင်တွေနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းခြားနားပြီး မြန်မာ့နိုင်ငံရေးလွန်ဆွဲပွဲကြီးကို ကျင်းပခဲ့ကြသလို ဖြစ်နေတဲ့အခါ လူထုအတွက် နိုင်ငံရေးကို ပို့ဆောင်ပေး၊ လမ်းခင်းပေးမယ့်သူတွေရယ်လို့ ပေါ်လာခဲ့ကြတာကတော့ ၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်ကနေပြီး ဆက်လက်လှုပ်ရှားရေးကို ဦးဆောင်သူတွေဖြစ်တဲ့ ကိုအောင်ဆန်း၊ ကိုနု၊ ကိုဗဟိန်း၊ ကိုသိန်းဖေ စတဲ့ကျောင်းသားခေါင်းဆောင်တွေပေါ့။

သူတို့တတွေဟာ ဖဆပလအဖွဲ့ချုပ်မှာ ပါဝင်ပြီး အင်္ဂလိပ်တို့ ကိုလိုနီအုပ်ချုပ်ရေးနဲ့ နိုင်ငံရေးယဉ်ကျေးမှုကို တော်လှန်ရေးတစ်ရပ်ခင်းကျင်းခဲ့တာမှာ စစ်ရေးဆန့်ကျင်ရေးနဲ့ နိုင်ငံရေးအတိုက်အခံ တော်လှန်ရေးဆင်နွှဲဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတွင်းညီညွတ်ရေးကို ရှေ့တန်းတင်လုပ်ဆောင်ပြပါတယ်။ ဒါကို တချို့နိုင်ငံရေးသုခမိန်တွေက “အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲတစ်ရပ် ဆင်နွှဲကြခြင်း” လို့ အမည်ကင်ပွန်းတပ်ပါတယ်။ တိုက်ပွဲဟာ အရင်က လက်နက်ကိုင်စစ်ပွဲတွေနဲ့ အသွင်ခြားပြီး ဒီကနေ့စကားနဲ့ပြောရင် စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးတောင်းဆိုမှုတွေပါပဲ။ ဥရောပတိုက်ရဲ့ အလွန်ပဲအေးတဲ့ ဆောင်းဥတုရာသီ လန်ဒန်မြို့ရဲ့ ဒေါင်းနင်းလမ်းအမှတ်(၁၀)နန်းရင်းဝန်ဂေဟာ ဆွေးနွေးပွဲ(၁၃-၂၆ ဇန်နဝါရီ ၁၉၄၇)မှာ မြန်မာ့လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဗြိတိန်အစိုးရဘက်က နန်းရင်းဝန်အက်တလီ ခေါင်းဆောင်တဲ့အဖွဲ့တို့ ဦးတည်ဆွေးနွေးသွားတာက တောင်တန်းဒေသနဲ့ ပြည်မတို့ညီညွတ်ရေးက အရေးပါဆုံးတစ်ချက်ပါပဲ။

ဗြိတိသျှကိုလိုနီနိုင်ငံအနေနဲ့ ပြည်မနဲ့တောင်တန်းဒေသကို သီးခြားစီထားရှိခဲ့တာမို့ လွတ်လပ်ရေးကို တစ်နှစ်အတွင်းရယူမယ်လို့ပြောတဲ့ ဖဆပလအဖွဲ့ချုပ်ဝင်တွေ အများစုပါဝင်တဲ့ အမျိုးသားယာယီအစိုးရမှာ တောင်တန်းသားတို့အရေးကလည်း ပြည်မသားတို့အရေး၊ ပြည်မအရေးကလည်း တောင်တန်းဒေသအရေးရယ်လို့ ပြက်ပြက်ထင်ထင်မြင်ခဲ့တာကြောင့် ညီညွတ်ရေးအရေးတော်ပုံတစ်ရပ်ကို ပြောင်ပြောင်မြောက်မြောက် ဆင်နွှဲပြသကြတယ်။ ပင်လုံညီလာခံ(၃-၁၂ ဖေဖော်ဝါရီ ၁၉၄၇)တစ်ရပ်ကို ခင်းကျင်းခဲ့ကြတယ်လေ။ ကိုလိုနီအုပ်ချုပ်ရေးနဲ့ ကိုလိုနီနိုင်ငံရေးယဉ်ကျေးမှုအတွင်းက မြန်မာနိုင်ငံဟာ မြန်မာတို့ရဲ့ လူမှုအဖွဲ့အစည်းဟောင်းနဲ့နေထိုင်မှုပုံစံစနစ်တွေ ပြောင်းတယ်လို့ ဆိုပေမယ့်လည်း အခြေခံလူတန်းစားအလွှာတွေနဲ့ တောင်တန်းသားတို့ရဲ့ မွေးရာဇာတိ စရိုက်လက္ခဏာတို့ဟာ နှေးနှေးနဲ့ဖြည်းဖြည်းပဲ ရွေ့တွန်းတွန်းသလိုသာရှိခဲ့တယ်။ ပြည်မနေ အထက်တန်းလွှာလူတန်းစားတွေ၊ အစောပိုင်း ကိုလိုနီနယ်ဒေသဝင်တွေထဲက အထက်တန်းလွှာလူတန်းစားတွေအနေနဲ့တော့ ကိုလိုနီနိုင်ငံရေး ယဉ်ကျေးမှုနဲ့အတူ စီးမျောပါဝင်ခဲ့ပါတယ်။ ဥပဒေသမား၊ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အိုင်စီအက်စ်(India Civil Service)၊ ဘီစီအက်စ်(Burma Civil Service)တို့ မြို့အုပ်မင်း၊ ဝန်ထောက်မင်းတို့ဆိုသလို နေရာရာထူးတွေနဲ့အတူ တောရွာ ကျေးလက်သူကြီးတို့အထိ ကိုလိုနီနိုင်ငံရေးယဉ်ကျေးမှုအဝန်းနဲ့ အုပ်ချုပ်ရေးစက်ဝန်းထဲ သရုပ်ပြဇာတ်ကောင်တွေအဖြစ် ပါဝင်လှုပ်ရှားကြပါတယ်။

တောင်တန်းသားတို့နဲ့ မြေပြန့်နေသူတို့ပေါင်းစည်းလာရမယ့် အခြေအနေမျိုး တည်ဆောက်ရနိုင်ဖို့ကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ ထိပ်တန်းဝင် နိုင်ငံရေးခေါင်းဆောင်တို့က နိုင်ငံရေးအရ စည်းရုံးနည်းကို လမ်းခင်းလို့ စည်းလုံးညီညွတ်တဲ့ တောင်းဆိုချက်တစ်ရပ်ကို ဖော်နိုင်ခဲ့ကြတော့ ပင်လုံစာချုပ်(၁၂ ဖေဖော်ဝါရီ ၁၉၄၇)ရယ်လို့ မြန်မာနိုင်ငံသားတိုင်း သိကြပါတယ်။

ပင်လုံညီလာခံမစနိုင်ခင်က မြန်မာနိုင်ငံရဲ့ ညီညွတ်ရေးအခြေအနေကို အောင်မြင်အောင်တည်ဆောက်ဖို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့တို့ လုံးပန်းတဲ့အခါ ကြုံတွေ့ရတဲ့ ပြဿနာအခက်အခဲတွေ၊ တောင်တန်းဒေသ ကိုယ်စားလှယ်တော်ကြီးတွေနဲ့ သဘောတိုက်ဆိုင်မှုရှိသလို သဘောမတူနိုင်တဲ့အချက်တွေလည်း ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းသစ်ခေတ်တစ်ရပ် ထူထောင်နိုင်ဖို့ဆိုတဲ့ ဦးတည်ချက်အပျက်မခံနိုင်တာမို့ နှစ်ဖက်ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံရှေ့ရေးဆိုတာကိုပဲ ဦးနှောက်ထဲသာ ရှိနေကြတာကြောင့် ညီညွတ်ရေးပီပြင်ပေါ်ထွက်လာနိုင်အောင် သဘောတူညီညွတ်ခဲ့ကြတာပါပဲ။

ပင်လုံညီလာခံ ရလဒ်ကောင်းတစ်ရပ်မပေါ်ထွက်ခင် (ပင်လုံစာချုပ်မရေးထိုးမီတစ်ရက်အလို) ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ ညပိုင်း ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းက “အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်မျိုးဖြစ်တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာ စစ်သေနာပတိဟာ ကရင်ဖြစ်ချင်ဖြစ်မယ်၊ ကချင်၊ ချင်းဖြစ်ချင်ရင်လည်းဖြစ်မယ်၊ ဘယ်သူဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာဆောင်ရွက်ကြရမှာပဲ”ဆိုပြီး ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းနဲ့ ဗမာဆိုတာ အားလုံး မြန်မာနိုင်ငံရဲ့ လူမျိုးစုတွေတန်းတူညီရှိရမယ်ဆိုတဲ့ မိန့်ခွန်းကို ပြောကြားလိုက်တယ်။

လူထုအားလုံး တန်းတူညီအခွင့်အရေးနဲ့လွတ်မြောက်နိုင်ရေးရနိုင်အောင် ကိုလိုနီနိုင်ငံရေးယဉ်ကျေးမှုအဝန်းထဲက လွတ်မြောက်ပြီး ပါလီမန် ဒီမိုကရေစီနိုင်ငံသစ်တည်ထောင်နိုင်ဖို့ကို ဒေသတွင်းညီညွတ်ရေးတည်ဆောက်လုပ်ဆောင်ကြတာမှာ မြန်မာနိုင်ငံသားတွေ လက်တွေ့၊ မျက်တွေ့ဖြစ်စဉ်ကို မြင်ခဲ့ကြရတယ်။ ခံစားခဲ့ကြရပါတယ်။ ဒီကနေ့ခေတ် ၂၁ ရာစုကာလရဲ့ နိုင်ငံရေးမျိုးဆက်သစ်တွေလည်းအတုယူလို့ မြန်မာ့နိုင်ငံရေးညီညွတ်ခြင်းဆီကို လှမ်းနေကြပါပြီ။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ထာဝစဉ်ငြိမ်းချမ်းရေးဆီ လှမ်းနေမှုနဲ့အတူ အစိုးရသစ်လက်ထက်မှာ ၂၁ ရာစု ပင်လုံညီလာခံအရေးတော်ပုံ အောင်မြင်နိုင်ဖို့ကိုတော့ အားလုံးပါဝင်ပြီး လုပ်ဆောင်ကြရပါတော့မယ်။ ။

**လူထုအားလုံး တန်းတူညီအခွင့်အရေးနဲ့ လွတ်မြောက်နိုင်ရေးရနိုင်အောင် ကိုလိုနီနိုင်ငံရေးယဉ်ကျေးမှုအဝန်းထဲက လွတ်မြောက်ပြီး ပါလီမန် ဒီမိုကရေစီနိုင်ငံသစ်တည်ထောင်နိုင်ဖို့ကို ဒေသတွင်းညီညွတ်ရေး တည်ဆောက်လုပ်ဆောင်ကြတာမှာ မြန်မာနိုင်ငံသားတွေ လက်တွေ့၊ မျက်တွေ့ဖြစ်စဉ်ကို မြင်ခဲ့ကြရတယ်။ ခံစားခဲ့ကြရပါတယ်။ ဒီကနေ့ခေတ် ၂၁ ရာစုကာလရဲ့ နိုင်ငံရေးမျိုးဆက်သစ်တွေလည်း အတုယူလို့ မြန်မာ့နိုင်ငံရေးညီညွတ်ခြင်းဆီကို လှမ်းနေကြပါပြီ။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ထာဝစဉ်ငြိမ်းချမ်းရေးဆီလှမ်းနေမှုနဲ့အတူ အစိုးရသစ်လက်ထက်မှာ ၂၁ ရာစု ပင်လုံညီလာခံအရေးတော်ပုံ အောင်မြင်နိုင်ဖို့ကိုတော့ အားလုံးပါဝင်ပြီး လုပ်ဆောင်ကြရပါတော့မယ်။**

## ကျွန်းစုမြို့ပေါ်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး ကွန်ကရစ်ပေါင်းကူးတံတားရှစ်စင်း ဆောက်လုပ်လျက်ရှိ

**ကျွန်းစု ဇွန် ၂၈**

ကျွန်းစုမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ရေနုတ်မြောင်းများအား မိုးရာသီတွင် ရေစီးရေလာကောင်းစေရေး စည်ပင်သာယာရေးရန်ပုံငွေဖြင့် ကွန်ကရစ်ပေါင်းကူး တံတားရှစ်စင်းအား ကျွန်းစုမြို့ စည်ပင်သာယာရေး ကော်မတီအဖွဲ့များကကြီးကြပ်ကာ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်အတွင်း မြို့ပေါ်ရပ်ကွက်အသီးသီးရှိ မိုးရာသီရေများပိတ်ဆို့လျက်ရှိသည့် မြောင်းများအား စည်ပင်သာယာရေးရန်ပုံငွေဖြင့် ကွန်ကရစ်ပေါင်းကူး တံတားတစ်စင်းလျှင် ကျပ်၂၄ သိန်းခန့်နှုန်းဖြင့် (၂၄ ပေ × ၆ ပေ)အကျယ် တံတားရှစ်စင်းရှိရာ စုစုပေါင်း ရန်ပုံငွေ ကျပ် ၁၉၂ သိန်းခန့်အကုန်ကျခံကာ ဇွန်လ ဆန်းပိုင်းမှစတင်ကာ ဆောက်လုပ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးကိုလည်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကွင်းဆင်းကြီးကြပ်ကာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီက ပြောသည်။

ရန်နိုင်(ပြန်/ဆက်)



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့နှင့် ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး ပြောင်းလဲချိန်တန်ပြီလား

ဆုနှင်းလဲ့




ရုံးဖွင့်ရက်ဖြစ်သောကြောင့်လည်း ကားမှတ်တိုင်တွင် ဘတ်စ်ကားစောင့်ဆိုင်းနေသူ ခရီးသည်များနှင့် ပြည့်နှက်နေသည်။ ခရီးသည်များ၏ ဦးတည်ရာလမ်းကြောင်း အသီးသီး တူချင်မှတူမည်ဖြစ်သော်လည်း ဘတ်စ်ကားလာရာလမ်းဆီသို့ မျှော်လင့်ငေးမောကြည့်ရှုနေကြသည်မှာ တူကြသည်။ လိုရာခရီးကိုပို့ဆောင်မည့် ဘတ်စ်ကားများကို စိတ်ရှည်သည်းခံစွာဖြင့် စောင့်ဆိုင်းနေကြ၏။ ထိုစဉ်မှာပင် မီးပွိုင့်လွတ်လိုက်သဖြင့် ဘတ်စ်ကားကြီးများ အပြိုင်အဆိုင်ဖြင့် မှတ်တိုင်သို့မောင်းဝင်လာကြသလို အလုအယက်ဖြင့် သူ့ထက်ငါဦးအောင် ခရီးသည်များကို ကားပေါ်မှဆွဲချကာ လိုက်ပါမည့်ခရီးသည်များကို ဆွဲတင်ရင်း မောင်းဆရာရေဟုဆိုကာ ဘတ်စ်ကားပေါ် ခြေနှစ်ချောင်းစုံအောင် မရပ်မိသေးမီမှာပင် ကားကမောင်းထွက်သွားတော့သည်။ ထိုသို့အလုအယက် ခရီးသည်အတင်၊အချလုပ် ပြိုင်ဆိုင်နေကြသော်လည်း နောက်မှတ်တိုင်များတွင် အချိန်အကြာကြီး ကျောက်ချသကဲ့သို့ ရပ်ချင်ရင်လည်း ရပ်နေကြပြန်သေးသည်။ အစိုးမရသောသူများတွင် ဘတ်စ်ကားဆရာများလည်း ပါဝင်ပေသည်။ ကားချောင်လား၊ မချောင်လား၊ အန္တရာယ်ကင်းကင်း ဖြည်းဖြည်းမှန်မှန်မောင်းလား ရွေးချယ်ခွင့်မရှိ၊ ဝန်ဆောင်မှုနှင့် စိတ်ကျေနပ်စရာမရှိသေးသော ဘတ်စ်ကားများကို စီးနင်းကာ နိစ္စဓူဝသွားလာနေကြရသည့် ရန်ကုန်မြို့ပြ ပို့ဆောင်ရေးတစ်ခုပင် မဟုတ်ပါလား။

ထိုဘတ်စ်ကားများကို အားထားစီးနင်းခြင်းမရှိပါကလည်း အခြားသောပို့ဆောင်ရေးကဏ္ဍက မြို့ပြအနှံ့ လွှမ်းခြုံနိုင်မှုမရှိသည့်အတွက် ယင်းတို့နှင့်သာ နေ့စဉ်ကြုံတွေ့ကာ သွားလာနေရသည့် အခက်အခဲများပင်ဖြစ်သည်။

"တန်းတွေ၊ ကွင်းတွေ ကိုင်ထား။ မီးပွိုင့်ဖြတ်မယ်။ ရှေ့ကားကျော်မယ်။ အပေါက်ဝ မပိတ်နဲ့။ မကျေနပ်ရင် လိုင်းကားမစီးနဲ့ တက္ကစီငှားစီး။ တစ်ယောက်တည်းနဲ့ ဆက်ဆံနေရတာမဟုတ်ဘူး။ လူအများနဲ့ ဆက်ဆံနေရတာ"ဟု ဆိုသော ယာဉ်နောက်လိုက်၏ စကားသံများက ဘတ်စ်ကားစီးတိုင်းကြားနေရသလို ဆဲဆိုပြောဆိုသံများကလည်းပါသေးသည်။ မကျေနပ်၍ စကားများသည့်အခါတွင်လည်း ကားပေါ်တွင် အသင့်ဆောင်ထားသော ပစ္စည်းဖြင့်လည်း ရန်ရှာချင်သေးသည်။ ထို့ကြောင့် ပြဿနာမဖြစ်လိုသော၊ အန္တရာယ်မဖြစ်လိုသော ခရီးသည်များအနေဖြင့် သည်းခံစီးနင်းရုံသာရှိသည်။

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးတွင် အဘယ်ကြောင့် ထိုအခက်အခဲများ ဖြစ်ပေါ်နေရပါသနည်း။ အများပြည်သူဝန်ဆောင်မှုမဖြစ်ဘဲ စီးပွားဖြစ်ဝင်ငွေရှာဖွေရုံ၊ စားဝတ်နေရေးအခက်အခဲအား ဖြေရှင်းရုံ လုပ်ကိုင်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်ဟု မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်သည်။ မ. ထ. သ အပါအဝင် ယာဉ်လိုင်းအဖွဲ့အစည်းအသီးသီးက တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များ၊ အဖွဲ့အစည်းပိုင်ယာဉ်များကိုစုစည်းပြီး ကြပ်မတ်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် စည်းကမ်းသတ်မှတ်ချက်များရှိသော်လည်း ဥပဒေနှင့် ကြပ်မတ်ခြင်း၊ အာဏာပိုင်အဖွဲ့မရှိခြင်းတို့ကြောင့် အရေးယူသော်လည်း ထိရောက်မှုမရှိသည်များ ရှိနေသည်။ စည်းကမ်းနှင့်မညီသည့် ယာဉ်လုပ်သားကို ယာဉ်မောင်းနှင်ခွင့်ပိတ်ပင်ခြင်း၊ ယာဉ်နောက်လိုက်ခွင့်ပိတ်ခြင်းဖြင့် အရေးယူသလို၊ ရာသက်ပန် လုပ်ခွင့်မရှိရန် ပိတ်ခြင်းများရှိသော်လည်း ယာဉ်လုပ်သား လိုအပ်ချက်ရှိနေသော အခြားယာဉ်လိုင်းတစ်လိုင်းတွင် သွားရောက်လုပ်ကိုင်နေမှုများရှိနေသည့်အတွက် ကြပ်မတ်နိုင်မှုတွင် အားနည်းချက်များရှိနေသည်။ ယင်းအပြင် တရားဝင်လိုင်စင်မရှိထားသော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုလည်း လိုအပ်ချက်ကြောင့် လုပ်ခွင့်ပေးထားခြင်းများလည်း ရှိနေပြန်သည်။

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့(Transport Authority) ကဲ့သို့ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းမရှိဘဲ တိုးပွားလာသည့် လူဦးရေ၊ တိုးချဲ့လာသည့် မြို့ပြဧရိယာနှင့်အညီ စံသတ်မှတ်ထားချက်မရှိသည့် ယာဉ်အမျိုးအစားပေါင်းစုံတို့ဖြင့် လိုအပ်သလို တိုးချဲ့ပြေးဆွဲခဲ့သည့်အတွက် အချို့မှာ ယာဉ်လိုင်းနံပါတ်၊ ယာဉ်နံပါတ်အသီးသီး ကွဲပြားနေသော်လည်း လမ်းကြောင်းတူ၊ ဦးတည်ရာတူသည့် ယာဉ်လိုင်းများ ထပ်နေကာ ခရီးစဉ်လမ်းကြောင်း ရှုပ်ထွေးမှုကို ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့်လည်း အပြိုင်အဆိုင်လုမောင်းခြင်း၊ ဝင်ငွေရှာဖွေခြင်းတို့ဖြင့် အများပြည်သူဝန်ဆောင်မှုကို ဦးတည်နိုင်ခြင်းမရှိသည့် သယ်ယူပို့ဆောင်ရေးစနစ်ကိုသာ ဦးတည်စေခဲ့ခြင်းဖြစ်သည်။

"အရင် န. ဝ. တ လက်ထက်မှာတုန်းက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကော်မတီကိုဖွဲ့ခဲ့ပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ အဲဒီတုန်းက အမိန့်တစ်ရပ်နဲ့ သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်စေတာပေါ့။ ဒါပေမယ့် ဟိုဌာနမှာ တာဝန်ရှိတယ်။ ဒီဌာနမှာ တာဝန်ရှိတယ်နဲ့ မပြီးပြတ်တာတွေလည်းရှိတယ်။ နောက်တော့ အစိုးရသစ်အပြောင်းအလဲဖြစ်လာတော့ ယာဉ်လိုင်းအားလုံးကို ကြပ်မတ်ဖို့ မ. ထ. သ (ဗဟို)ဆိုတာဖြစ်လာတယ်။ ဒါလည်း ထိရောက်ခဲ့တာတော့မဟုတ်ဘူး။ နိုင်ငံတကာမြို့ပြတွေမှာလို အစိုးရကဦးဆောင်ပြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ကိုင်တွယ်ဆောင်ရွက်တာဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီကြီးက မြို့ပြသယ်ယူပို့ဆောင်ရေးကို တာဝန်ယူဆောင်ရွက်ပြီး အစိုးရက ပံ့ပိုးတာမျိုးဖြစ်စေ ဆောင်ရွက်နိုင်မှ အဆင်ပြေမယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုတာ ငွေရှာရုံသက်သက်၊ အမြတ်ရဖို့သက်သက် လုပ်လို့မရပါဘူး။ ဝန်ဆောင်မှုဖြစ်တဲ့အတွက် အစိုးရရဲ့ပံ့ပိုးမှုမပါဘဲ မဖြစ်နိုင်ဘူး။ ဒါကြောင့် ခေတ်အဆက်ဆက်ရေတိုနည်းနဲ့ ဖြေရှင်းခဲ့တဲ့နည်းလမ်းတွေသုံးခဲ့တာကနေ အခုလက်ရှိမှာ မဖြစ်မနေ ပြောင်းလဲဖို့လိုလာတဲ့ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် ခေတ်နဲ့အညီဖြစ်စေဖို့ဆိုတာ လုပ်ကိုလုပ်ရတော့မှာ"ဟု ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်တစ်ဦးဖြစ်ခဲ့သူ အငြိမ်းစားအရာရှိတစ်ဦးက သုံးသပ်သည်။

ယင်းသို့ မြို့ပြပို့ဆောင်ရေး အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် မြို့ပြယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ယခင်အစိုးရလက်ထက်တွင် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အာဏာပိုင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးကြည်သိန်း (အငြိမ်းစား သံအမတ်ကြီး)၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းလွင်(အငြိမ်းစား သံအမတ်ကြီး)၊ ဦးအောင်မြင့် [ညွှန်မှူး(ငြိမ်း) က. ည. န၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း]၊ ဦးစိုးမြင့် [ညွှန်ချုပ် (ငြိမ်း)၊ စက်မှု(၂)ဝန်ကြီးဌာန]၊ ဦးသက်လွင်ဦး [(တပ်မတော် (ရေ)၊ ငြိမ်း)]၊ ဦးဇော်ဝင်းမြင့် [(ညွှန်ချုပ်(ငြိမ်း) ကညန)]၊ ဦးခင်မောင်ဌေး [(ညွှန်ချုပ်(ငြိမ်း) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)]၊ ဦးထွန်းဦး [(အင်ဂျင်နီယာချုပ်(ငြိမ်း) မြန်မာ့မီးရထား)]တို့ပါဝင်ပြီး ဦးလှအောင် [(မထသ (ဗဟိုဥက္ကဋ္ဌ)] က အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းဆောင်ရွက် စေခဲ့ သည်။

အဆိုပါအဖွဲ့ကြီးသည် မြို့ပြပို့ဆောင်ရေးကဏ္ဍ၏ လိုအပ်ချက်များ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာအသီးသီး ပေါင်းစပ်ဆောင်ရွက်ရမည်တို့ကို နိုင်ငံတော်သို့ တင်ပြခဲ့ပြီး အခြားသောနိုင်ငံများနှင့်လည်း လေ့လာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့သည်ဟု သိရသည်။ သို့ရာတွင် ယင်းအဖွဲ့ကို ပြန်လည်ပယ်ဖျက်ခဲ့သည့်အတွက် သက်ဝင်လှုပ်ရှားမှုများ မရှိတော့ဘဲ ယခင်ကကဲ့သို့ပင် မ. ထ. သ(ဗဟို)၊ မ. ထ. သ(မြို့တွင်း)၊ ပါရမီစသည့် အဖွဲ့အစည်းများက ယာဉ်လိုင်းများကို ကြပ်မတ်ကာ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၏ ကွပ်ကဲမှုဖြင့် ဆက်လက်ဆောင် ရွက်ခဲ့သည်။ ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခုံးကျော်တံတား စီမံကိန်းများကို ဆောင်ရွက်ခဲ့သည်။ ယာဉ်ကြောပိတ်ဆို့နေမှုများကြောင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ကားပါကင်ထောက်ခံချက်ပါရှိမှသာ ကားတင်သွင်းရမည်ဟု သတ်မှတ်ခဲ့သည်။ မော်တော်ယာဉ်တင်သွင်းမှုကို ကန့်သတ်ခဲ့သည်။ အများပိုင်ဘတ်စ်ကားလိုင်း BRT Lite ထူထောင်ပြေးဆွဲမည်ဟု ယာဉ်ပိုင်ရှင်များနှင့် ပြည်သူလူထုအားအသိပေးထုတ်ပြန်ခဲ့သည်။ ယင်းသို့ဖြင့် ငါးနှစ်တာအတွင်း ယာဉ်ကြောပိတ်ဆို့မှုများမှာ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုဆိုးရွားလာခဲ့သည်။

"ယာဉ်ကြောပိတ်ဆို့မှုပြဿနာဆိုတာ စီမံခန့်ခွဲမှုစနစ်က အရေးပါပါတယ်။ ကားတွေများတယ်လို့သာ ပြောနေကြတာ၊ ယာဉ်အစီးရေ များလာတဲ့အပေါ်မှာ လွှမ်းခြုံပြီး စီမံခန့်ခွဲနိုင်တဲ့စနစ် Traffic Demand Management (TDM) က အဓိကကျပါတယ်။ လမ်းမကြီးတွေ အပြည့်အဝအသုံးပြုနိုင်ဖို့ ဖော်ဆောင်ရမယ်။ ကားရပ်စရာနေရာတွေ ဖော်ဆောင်ရမယ်။ စည်းကမ်းမဲ့ ဈေးရောင်းတာ၊ ကားရပ်ထားတာ၊ စည်းကမ်းမဲ့ လမ်းကူးတာတွေမရှိရအောင် အသိပညာပေးရမယ်။ လမ်းအသုံးပြုသူ ပြည်သူတွေရော စီမံခန့်ခွဲနေသူတွေပါ လမ်းအန္တရာယ်နဲ့ ပတ်သက်တဲ့ အသိပညာတွေ တော်တော်များများ လှုံ့ဆော်ပေးရမယ်"ဟု အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဦးအောင်မြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကညန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း]က သုံးသပ်ပြောကြားထားသည်။

ရန်ကုန်မြို့ပြ ယာဉ်ကြွခိုင်မှုများ၊ ဝန်ဆောင်မှုများ လျော့နည်းကျဆင်းလာခြင်းနှင့်အတူ ယင်းတို့ကို ထိန်းသိမ်းကြပ်မတ်မှုအပိုင်းတွင်လည်း အားနည်းမှုများရှိခဲ့သည်။ အခြား အစားထိုးပြေးဆွဲပေးနိုင်သည့် ယာဉ်များ၊ စီမံချက်များ မရှိသည့်အတွက် အဆိုပါယာဉ်များကိုသာ အားထားနေရခြင်းပင်ဖြစ်သည်။ ယင်းကြောင့်လည်း ရန်ကုန်မြို့ပြ အများပိုင်ဘတ်စ်ကားလိုင်းကို နိုင်ငံတော်၏ ထည့်ဝင်ငွေ၊ ပုဂ္ဂလိက၏ ပံ့ပိုးမှုဖြင့် ယခုနှစ်တွင် ဖွဲ့စည်းထူထောင်လိုက်ပြီး BRT Lite ဘတ်စ်ကားလိုင်းစနစ်ကို စတင်ဆောင်ရွက်ခဲ့သည်။ အများပြည်သူ၏ ထည့်ဝင်ငွေများလည်း ပါဝင်ပြီး ယာဉ်မောင်းများအား လစာစနစ်ဖြင့် လုပ်ကိုင်စေကာ ကတ်စနစ်ဖြင့် ငွေပေးချေမှုကို လုပ်ဆောင်စေပြီး ယာဉ်နောက်လိုက်ထားရှိခြင်း မရှိတော့ပေ။ သို့ရာတွင် အဆိုပါစနစ်အောင်မြင်စေရန်မှာ အစိုးရ၏ ပံ့ပိုးမှုအပိုင်းတွင်သာမက ခရီးသည်များ၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပေသည်။ အချို့မှာ ယာဉ်စီးခပေးချေခြင်းမရှိဘဲ စီးနင်းနေမှုများရှိနေသည်။ အများပိုင်ဘတ်စ်ကားလိုင်းစနစ်ကို တိုးချဲ့သွားရန်ရှိနေပြီး ပြန့်ကျဲနေသော ယာဉ်လိုင်းများကို စုစည်းကာ စနစ်တကျဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မြို့ပြပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူ ဒေါက်တာမောင်အောင်က သုံးသပ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် မကြာမီလပိုင်းအတွင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး မ. ထ. သ အဖွဲ့ကို ဖျက်သိမ်းကာ ယာဉ်လိုင်းများစွာကိုလည်း စုစည်း၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ဆောင်ရွက်သွားမည်ဟု ဇွန် ၁၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် ရှင်းလင်းပြောကြားခဲ့သည်။ ယာဉ်ပိုင်ရှင်များကလည်း အများပိုင်စနစ်တွင် ပါဝင်ဆောင်ရွက်လိုကြပြီး ဝန်ဆောင်မှုကို အခြေပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို လိုလားသူများလည်းရှိသည်ဟု သိရသည်။

တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လုံခြုံစိတ်ချရ၍ လိုရာခရီးကို သက်သောင့်သက်သာသွားရောက်နိုင်သည့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို မဖြစ်မနေအကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်သည့်အတွက် အစိုးရ၏ ပြည်သူဗဟိုပြုဆောင်ရွက်မှု၊ အမြတ်ရရှိရုံသက်သက်သာမဟုတ်ဘဲ လူထုဝန်ဆောင်မှုကို အခြေပြုမည့် ပုဂ္ဂလိကများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အများပြည်သူ၏ ပူးပေါင်းပါဝင်မှုများက အဓိကကျလာမည်ဟု မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်သည်။ မြို့ပြပို့ဆောင်ရေးတွင် မြို့ပြလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့် အားထားစီးနင်းနေသည့် ဘတ်စ်ကားလိုင်းများသာမက မြို့ပတ်ရထားစနစ်နှင့် ရေကြောင်းခရီးစဉ်များ၊ အဆိုပါ အခြားသော ပို့ဆောင်ရေးစနစ်များနှင့် ဘတ်စ်ကားလိုင်းများ ချိတ်ဆက်ပြေးဆွဲခြင်းများကိုလည်း အကောင်အထည်ဖော်သင့်သည်ဟု မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်ကလည်း ဆွေးနွေးသုံးသပ်ထားသည်။ ထို့အတူ ဌာနအသီးသီး ချိတ်ဆက်ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုစနစ်များ အရေးပါလာမည်ဖြစ်ရာ မကြာမီ ဖွဲ့စည်းတော့မည့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့သည် ပြုပြင်ပြောင်းလဲရန်နှင့် အဆင့်မြှင့်တင်ရန်အတွက် လိုအပ်ချက်ပေါင်းများစွာရှိနေသည့် ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍကို အမှန်တကယ် ပြောင်းလဲနိုင်မည်လား၊ လုပ်ပိုင်ခွင့်နှင့် အာဏာများ အမှန်တကယ်ရရှိနိုင်မည်လား၊ ယခင်ကဲ့သို့ပင် ပြန်လည်ဖျက်သိမ်းခံရမည်လား ဆိုသည်မှာ. . .။

## ပြည်တွင်းရေးရာ

**နိုင်ငံတစ်နိုင်ငံ ထူထောင်ရန် အခြေခံအကျဆုံး လိုအပ်ချက်သည် တာဝန်သိစိတ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခု အောင်မြင်ရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်သည်လည်း တာဝန်သိစိတ်ပင်ဖြစ်ပါကြောင်း၊ တာဝန်သိစိတ်မရှိဘဲ မိမိရနိုင်သည့် အခွင့်အရေးကိုသာ ကြည့်နေပါက မည်သည့်လုပ်ငန်းမျှ အောင်မြင်မည် မဟုတ်သကဲ့သို့ မည်သည့် အဖွဲ့အစည်းမျှ ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပါကြောင်း။**

**✻ ရွှေဖုံးမှ**

ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တန်ဖိုးရှိသည့် အရာများသည် အလွယ်တကူမရနိုင်ပါကြောင်း၊ အခက်အခဲများရှိနိုင်ပါကြောင်း၊ မိမိတို့ တန်ဖိုးထားတတ်ရန် အရေးကြီးပါကြောင်း၊ မိမိတို့တန်ဖိုးထားရသည့်အရာများ ရရှိရန် မည်မျှပင်ခက်ခဲစေကာမူ မိမိတို့သည် ကြိုးစားဆောင်ရွက်မည်၊ ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့်ဆောင်ရွက်လျှင် ရရှိမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားများအားလုံး လုံခြုံမှုနှင့် လွတ်လပ်မှုကို အာမခံနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ခုထူထောင်ရန် ဝိုင်းဝန်းကူညီကြပါရန် မိမိတို့အနေဖြင့် မေတ္တာရပ်ခံပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် တစ်ဖက်တည်း၊ တစ်ကြိမ်တည်းဖြင့် ဆောင်ရွက်၍ မရပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးရရှိရန် အမြန်ဆုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရရှိသည်မှာ နှစ် ၇၀ နီးပါးရှိပြီဖြစ်ပါကြောင်း၊ ရာစုနှစ်၏ လေးပုံသုံးပုံဖြစ်ပါကြောင်း၊ ထိုအချိန်အတွင်းမိမိတို့သည် ပြည်ထောင်စုတစ်ခုကို ခိုင်ခိုင်မာမာ မထူထောင်နိုင်ပါက မည်မျှကြာဦးမည်ဆိုသည်မှာ စဉ်းစားစရာဖြစ်ပါကြောင်း။

အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အစကောင်းစေရန် အားလုံးကညီညွတ်သည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ရည်ရွယ်ချက် အောင်မြင်ရန် အားလုံးက ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ပါကြောင်း။

အားလုံးကပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ပြည်ထောင်စုတစ်ခုတွင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးက လိုလိုလားလားလက်ခံမှသာ၊ လိုလိုလားလား ဝိုင်းဝန်းတည်ဆောက်ရန် ဆန္ဒရှိမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မိမိတို့၏ စိုးရိမ်မှုများကို တင်ပြကြမည်ကို သဘောပေါက်နားလည်ပါကြောင်း၊ အပြောင်းအလဲနှင့် ရင်ဆိုင်ရလျှင် စိုးရိမ်မှုများ ဖြစ်ပေါ်နိုင်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လျှို့ဝှက်ရည်မှန်းချက်များလည်းမရှိကြောင်း၊ စစ်မှန်သည့် မိမိတို့၏ ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများအားလုံး ချမ်းချမ်းသာသာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန်ဆိုသည့် ရည်ရွယ်ချက်သာရှိကြောင်း၊ လက်ရှိအစိုးရဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကြောင့် အပြောင်းအလဲများနှင့် ကြုံတွေ့လာပါကလည်း စိုးရိမ်ပူပန်ခြင်းမရှိကြရန် တိုင်းရင်းသားများကို မှာကြားလိုကြောင်း၊ တိုင်းရင်းသားများခံစားနေရသည့် စိုးရိမ်ပူပန်မှုများကိုလည်း ယခုဆွေးနွေးပွဲတွင် တင်ပြကြရန်နှင့် စိုးရိမ်ပူပန်မှုများကို ယုံကြည်မှုနှင့် ကျော်လွှားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

လူများအနေဖြင့် အပြောင်းအလဲနှင့် ရင်ဆိုင်ရပြီဆိုပါက စိုးရိမ်တတ်ကြကြောင်း၊ ဤသည်မှာလည်း သဘာဝကျပါကြောင်း၊ ယခင်က မတွေ့မကြုံဖူးသည့် ကိစ္စများ၊ ယခင်က အလေ့အကျင့်မရှိဖူးသည့် အရာများနှင့် မျက်နှာချင်းဆိုင်ရပြီဆိုပါက စိုးရိမ်မှုရှိသည်ဆိုသည်မှာ သဘာဝကျပါကြောင်း၊ စိုးရိမ်မှုကို ကျော်ဖြတ်နိုင်သည့် အရာမှာ ယုံကြည်မှုပင်ဖြစ်ပါကြောင်း၊ ယုံကြည်မှုမရှိ၍ စိုးရိမ်မှုဟူသည်ဖြစ်ပေါ်ခြင်းဖြစ်ပြီး ယုံကြည်မှုရှိလျှင် စိုးရိမ်မှုကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများသည် အောင်မြင်မည်ဟုယုံကြည်ပြီး စိတ်ဓာတ်တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားမည်ဆိုပါက စိုးရိမ်မှုများကို ကျော်လွှားနိုင်မည်ဟုယုံကြည်ပါကြောင်း။

ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်သည့် အမွေနှင့်အတူ တာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ပါကြောင်း။

လူငယ်များသည် တာဝန်ကိုထမ်းဆောင်လိုသည့် စိတ်ဓာတ်နှင့် ထမ်းဆောင်ရဲသည့် သတ္တိရှိရန် လိုအပ်ပါကြောင်း၊ လူငယ်များသည် သတ္တိရှိရှိ တာဝန်သိသိဖြင့် မိမိတို့ ထမ်းဆောင်ရမည့်တာဝန်ကိုထမ်းဆောင်ရန် အသင့်ဖြစ်အောင် မိမိတို့က ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လူကြီးများအနေဖြင့် ကောင်းမွန်သည့် အမွေကို ချန်ထားပေးနိုင်ရန် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့်အမွေကို ချန်ထားမပေးနိုင်ခဲ့လျှင် မိမိတို့လူကြီးများ၏ ချို့ယွင်းချက်ဖြစ်သကဲ့သို့ ချန်ထားပေးခဲ့သော ကောင်းမွန်သည့် အမွေများကိုမထိန်းသိမ်းနိုင်လျှင် လူငယ်များ၏ ချို့ယွင်းချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးဆက်တိုင်းတွင် တာဝန်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံထူထောင်ရန် အခြေခံအကျဆုံး လိုအပ်ချက်သည် တာဝန်သိစိတ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအောင်မြင်ရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်သည်လည်း တာဝန်သိစိတ်ပင်ဖြစ်ပါကြောင်း၊ တာဝန်သိစိတ်မရှိဘဲ မိမိရနိုင်သည့် အခွင့်အရေးကိုသာ ကြည့်နေပါကမည်သည့် လုပ်ငန်းမျှအောင်မြင်မည် မဟုတ်သကဲ့သို့ မည်သည့်အဖွဲ့အစည်းမျှ ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပါကြောင်း။

ထို့ကြောင့် တာဝန်သိစိတ်ဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးသွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့အားလုံးသည် ဖက်ဒရယ်ပြည်ထောင်စုတစ်ခုဖြစ်ပေါ်ရန် မိမိတို့ ဘာပေးနိုင်မလဲဆိုသည့် စေတနာအပြည့်အဝဖြင့် ယခုအစည်းအဝေးကိုအောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်ပါစေဟု မိမိအနေဖြင့် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မူဝါဒဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသော စိုင်းဘောင်ခေး၊ ခွန်ဥက္ကာ၊ ပူးဇင်ကျုံး၊ ခိုင်စိုးနိုင်အောင်၊ ဒေါက်တာနော်ကပေါ်ထူး၊ ဦးသံခဲနှင့် စောမိုရှေးတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မူဝါဒများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီဝင်များက NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနေမှုအခြေအနေများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကျင်းပနိုင်ရေး အကြိုဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်ပါအကောင်အထည်ဖော်ရမည့်အချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှစ်ဖက်ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ)အောင်မြင်ရေး တိုင်းရင်းသားခေါင်းဆောင်များက ဝိုင်းဝန်းပံ့ပိုးကူညီကြရန် တိုက်တွန်းပြောကြားသည်။

ယခုအစည်းအဝေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့နှင့် အစိုးရအဖွဲ့တို့အကြား ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံမှုဖြစ်ပြီး မကြာမီကျင်းပမည့် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ)" အတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလာမည့် ဩဂုတ်လနောက်ဆုံးပတ်ထက် နောက်မကျစေဘဲကျင်းပနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ယခုအစည်းအဝေးတွင် တက်ရောက်လာကြသူများအားလုံးက သဘောတူညီခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ညီလာခံကြိုတင်ပြင်ဆင်ရေးကော်မတီဝင်များနှင့် အထောက်အကူပြုအဖွဲ့များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

ပြီးခဲ့သည့် မတ်လအတွင်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် NCA အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့၏ ထိပ်သီးခေါင်းဆောင်အစည်းအဝေးဆုံးဖြတ်ချက်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

### ❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

၃။ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စအား ယခင်အစိုးရအဆက်ဆက် လက်ထက်ကပြန်လည်စတင်နိုင်ခဲ့ခြင်းမရှိဘဲ အစဉ်တစိုက် ရွှေ့ဆိုင်းထားခဲ့ရာမှ ယခုခရီးစဉ်အတွင်း နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အနာဂတ်ကိုထားရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံအကြားနယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများကိုပြန်လည်စတင်သွားကြရန် နှစ်ဖက်ဆွေးနွေးသဘောတူညီမှုရရှိခဲ့ပါသည်။ ထို့ကြောင့်မြန်မာအစိုးရအနေဖြင့် နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နိုင်ရန် ပူးတွဲနယ်နိမိတ်ကော်မတီအစည်းအဝေး (Joint Boundary Committee- JBC) ကို မြန်မာနိုင်ငံတွင် ခေါ်ယူကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံဘက်သို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အလုပ်သမားရေးရာသဘောတူညီချက်များအရ ဗီဇာသက်တမ်း ၂ နှစ်မကျန်တော့သည့် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ ထိုင်းနိုင်ငံအစိုးရမှ ထုတ်ပေးထားသောယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(TR-38/Pink Card)ကိုင်ဆောင်ထားသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်(C of I) များကို ထုတ်ပေးသွားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်များဆောင်ရွက်ပြီးစီးချိန်တွင် သာမန်နိုင်ငံကူးလက်မှတ်သို့ ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက်အကျိုးခံစားခွင့်များပိုမိုရရှိလာမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဖြင့် အလုပ်သမားများအား မလိုလားအပ်သောနစ်နာဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

၅။ ထို့ပြင် အလုပ်သမားများခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်အရ ရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေအရ အကာအကွယ်နှင့် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်စေမည်ဖြစ်ပြီး အလုပ်သမားများအား လုပ်ငန်းခွင်သို့ စေလွှတ်ခြင်းမပြုမီ အသိပညာပေးမှုများ၊ အကြိုလုပ်ငန်းခွင်သင်တန်းပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် အလုပ်ခန့်ထားခြင်းအတွက် လက်ခံသည့်နိုင်ငံ၏ နယ်မြေအတွင်းဝင်ရောက်လာသည့် အလုပ်သမားများသည် ယင်းနိုင်ငံသားများကဲ့သို့ တန်းတူအခွင့်အရေးရရှိစေမည်ဖြစ်ပြီး အလုပ်သမားများစေလွှတ်ခြင်းနှင့် လက်ခံခြင်းများကို စနစ်တကျဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ အလုပ်သမားများနေထိုင်ခွင့်ဗီဇာ၊ အလုပ်အကိုင်ခွင့်ပြုချက်များ အချိန်မီရရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရေး၊ အလုပ်ရှင်-အလုပ်သမား အငြင်းပွားမှုများဖြစ်ပွားပါက ထိရောက်စွာဖြေရှင်းပေးနိုင်ရေး၊ နေရပ်ပြန်လည်ပို့ဆောင်သည့် အလုပ်သမားများကို နှစ်နိုင်ငံအကြား တရားဝင်လမ်းကြောင်းမှ လွှဲပြောင်းပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းများတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများ လူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ လုပ်ခလစာခေါင်းပုံဖြတ်ခံရခြင်းများမှ ကာကွယ်တားဆီးနိုင်စေရေးနှင့် တရားဝင်အလုပ်သမားများဖြစ်စေရေးအတွက် အထောက်အထားစာရွက်စာတမ်းများ ရရှိစေရန်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာသဘောတူစာချုပ်အရ မြန်မာ-ထိုင်းနယ်စပ်ဂိတ်များဖြစ်သော တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း- ရနောင်းတို့အပြင် ထီးခီး-ဖူနာရွှန်နယ်စပ်ဂိတ်ကို တရားဝင်တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပြီး ယင်းနယ်စပ်ဂိတ်များမှ နေ့စဉ် (သို့မဟုတ်) ရာသီအလိုက် အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်နိုင်ကြမည့်အပြင် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ကိုင်ဆောင်သူများသည် နယ်စပ်ဒေသအတွင်း တစ်ကြိမ်လျှင် ရက် ၃၀ အထိ နေထိုင်ခွင့်ရရှိကြမည်ဖြစ်ပါသည်။

၇။ ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအား မွေးစာရင်းများ ထုတ်ပေးနိုင်ရေး၊ သားသမီးများ၏ အတန်းပညာရေး ထိခိုက်နစ်နာမှုမရှိစေရန် ပြည်ပစာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုခွင့်ရရှိရေး၊ ထိုင်းနိုင်ငံအကျဉ်းထောင်များတွင် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေကြရသည့် မြန်မာနိုင်ငံသားများအား ဥပဒေဘောင်အတွင်းမှ လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပေးအပ်သွားရေးအတွက် မြန်မာနိုင်ငံသံရုံးအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသားများအကျိုးဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားစေမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ ပိုမိုအလေးပေးဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသံရုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝန်ထမ်းအင်အားတိုးချဲ့ တာဝန်ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ထိုင်းနိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသည့် ဒုက္ခသည်များအား မူရင်းနေရပ်သို့ ခေါ်ဆောင်ရေးအတွက် နှစ်နိုင်ငံအစိုးရများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ၎င်းတို့၏မူရင်းနေရပ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဝန်ဆောင်မှု အခြေအနေကောင်းများကို စီစဉ်ဆောင်ရွက်ပေးနိုင်သည့်အချိန်မှသာ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို စတင်သွားရန် သဘောတူညီခဲ့ကြပါသည်။ လတ်တလောအခြေအနေတွင် နေရပ်သို့ပြန်လာလိုကြောင်း ဆန္ဒပြုထားကြသူ ၁၉၆ ဦးအား မူရင်းနေရပ်သို့ပြန်လည်ခေါ်ယူနိုင်ရန် မြန်မာနိုင်ငံအစိုးရမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အားစေလွှတ်၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များ ဆောလျင်စွာဆောင်ရွက်ပြီး ၎င်းတို့၏ မူရင်းနေရပ်များသို့ ပြန်လည်ပို့ဆောင်ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကျန်ရှိနေသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံမှ ဒုက္ခသည်များအားစိစစ်၍ နေရပ်သို့ပြန်ခေါ်နိုင်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကာလတို၊ ကာလရှည်အစီအမံများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက် ။**

# NCA လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ပါဝင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကို ဩဂုတ်လအတွင်း ကျင်းပသွားနိုင်ရေး အဓိကထားဆွေးနွေး

မေး၊ ရေး-ညီနိုင်ဟန်
သတင်းဓာတ်ပုံ-ရွှေကိုလေး


ဦးလှမောင်ရွှေ


ပူးဇင်ကျုံး


ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)တို့သည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးကြသည်။ ထိုသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပါဝင်သော အစိုးရအဖွဲ့နှင့် PPST တွေ့ဆုံဆွေးနွေးမှုသည် ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သော်လည်း နားလည်မှုရှိသော၊ ပွင့်လင်းမှုရှိသော အပြန်အလှန်ဆွေးနွေးမှုများဖြင့် ရလဒ်ကောင်းများ ရရှိခဲ့သည်ဟု ဆွေးနွေးပွဲမှတစ်ဆင့် သိရသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲအပေါ် နှစ်ဖက်ပါဝင်ဆွေးနွေးကြသူများက ဤသို့ ပြောကြားကြသည်။

**ဦးလှမောင်ရွှေ(အတွင်းရေးမှူး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)အကြိုပြင်ဆင်ရေးကော်မတီ)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့တို့ရဲ့ ဆွေးနွေးပွဲက ၂ နာရီ မိနစ် ၅၀ ကြာ ဆွေးနွေးခဲ့တယ်။ မကြာမီပြုလုပ်မယ့် ငြိမ်းချမ်းရေးညီလာခံနဲ့ပတ်သက်တဲ့ အဓိကအချက်တွေ ဆွေးနွေးခဲ့ပါတယ်။ ဩဂုတ်လ နောက်ဆုံးပတ်ထက် နောက်မကျဘဲနဲ့ စတင်သင့်တယ်လို့ နှစ်ဖက်လုံးက မူအားဖြင့်ဆွေးနွေးချက်တွေ ရှိပါတယ်။

ဒုတိယတစ်ခုက လက်မှတ်မထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပါလာဖို့ကို အဓိကထားဆွေးနွေးခဲ့တယ်။ နောက်ပြီး ဒီ framework မှာ နိုင်ငံရေးပါတီတွေနဲ့ civil society တွေ ပါလာဖို့လည်း ဆွေးနွေးခဲ့တယ်။

ဒေါ်အောင်ဆန်းစုကြည်က အဆင့်တိုင်းမှာ အားလုံးပါဝင်နိုင်ဖို့နဲ့ ဖက်ဒရယ်နိုင်ငံကို တည်ဆောက်တဲ့အချိန်မှာ ပင်လုံစိတ်ဓာတ်နဲ့ပါဝင်ဖို့ အဓိကပြောသွားပါတယ်။ သူ့အနေနဲ့ နှစ်ဖက်ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးကြတာကို အားရကျေနပ်တယ်လို့လည်း ပြောပါတယ်။

နှစ်ဖက်အပြန်အလှန် ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အားလုံးပါဝင်မယ့် အနေအထားပါ။ ကျွန်တော်တို့ကော်မတီဘက်က ထပ်ပြီးတင်ပြလိုတာက နာဂအဖွဲ့ကို ရန်ကုန်မှာ ဆွေးနွေးဖို့ ဖိတ်ထားပါတယ်။ ဒါဆို အများကြီး မကျန်တော့ဘူးပေ့ါ။ နောက်ဆုံး ကျန်နေတာက သုံးဖွဲ့ပေ့ါ။

ဒီနေ့မှာ အစည်းအဝေးဆုံးဖြတ်တာ မဟုတ်ပေမယ့် နှစ်ဖက်စလုံးက လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်ဖို့ အဓိကဆွေးနွေးကြပြီးတော့ ဩဂုတ်လ နောက်ဆုံးပတ်ထက် နောက်မကျဘဲ ညီလာခံကိုစတင်ကျင်းပနိုင်ဖို့ ဆွေးနွေးခဲ့ပါတယ်။ အခက်အခဲတွေအားလုံးကို ပူးပေါင်းပြီး ဖြေရှင်းသွားပါမယ်။

ဒီနေ့ဆွေးနွေးပွဲမှာ နှစ်ဖက်စလုံးက နားလည်မှုတွေနဲ့ လိုအပ်ချက်တွေကို အပြန်အလှန် ဆွေးနွေးခဲ့ကြတယ်။ ပထမဆုံးဆွေးနွေးမှုဖြစ်ပေမယ့် အသက်ဝင်ပြီး ရလဒ်ကောင်းတယ်။ ညီလာခံအတွက် ညီလာခံပြင်ဆင်ရေးကော်မတီ အစည်းအဝေးကို လာမယ့် ဇူလိုင် ၃ ရက်မှာ နေပြည်တော်မှာ ဆွေးနွေးဖို့ လျာထားတာရှိပါတယ်။ ဇူလိုင် ၄ ရက်မှာ လက်မှတ်ထိုးထားတဲ့ (၈)ဖွဲ့နဲ့ ဆပ်ကော်မတီ (၁)နဲ့ ဆွေးနွေးဖို့ လျာထားတာရှိတယ်။ ပြီးရင် ကော်မတီတစ်ရပ်လုံးနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ညီလာခံပြင်ဆင်ရေးကိစ္စရပ်တွေ ဆွေးနွေးဖို့ရှိတယ်။

**ပူးဇင်ကျုံး**
**ချင်းအမျိုးသားတပ်ဦး**
**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ ညှိနှိုင်းရေးမှူး(၂)**

ဒီနေ့ ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးကြပါတယ်။ ဒီဟာက အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုလို့ ပြောလို့ရပါတယ်။ နှစ်ဖက်ရင်းရင်းနှီးနှီး ဆွေးနွေးကြပါတယ်။ နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီးတော့ သူ့ရဲ့မူဝါဒသဘောထားတွေကို ကျွန်တော်တို့ကို ချမှတ်ပေးပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်ကတော့ ကျွန်တော်တို့ တင်ပြချင်တဲ့ကိစ္စတွေကို တင်ပြပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ပါ။ နောက်အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဘယ်လိုတည်ဆောက်ရင်ကောင်းမလဲဆိုတဲ့ကိစ္စတွေ၊ နောက်(၂၁) ရာစု ပင်လုံကျင်းပမယ့်ကိစ္စတွေ ဆွေးနွေးဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ (၂၁)ရာစု ပင်လုံကိုတော့ လာမယ့်ဩဂုတ်လ မကုန်ခင်မှာ ကျင်းပနိုင်ဖို့ရာအတွက် နှစ်ဖက်စလုံးကတော့ အကြမ်းဖျင်း သဘောတူညီထားတာတွေ ရှိပါတယ်။

နောက်ပြီးတော့မှ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို ပိုမိုချောမွေ့သွားအောင် JICM ကိုလည်း ပြန်လည်ဖွဲ့စည်းဖို့ ကျွန်တော်တို့ သဘောတူထားတာရှိပါတယ်။

ကျွန်တော်တို့ကတော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက်ဆိုရင် တိုင်းရင်းသားအားလုံး အပစ်ရပ်ဖို့လိုပါတယ်။ ဒါကြောင့် အပစ်မရပ်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်ရပ်နိုင်ဖို့ ကျွန်တော်တို့အစိုးရနဲ့ ဆွေးနွေးဖြစ်ပါတယ်။ အစိုးရဘက်ကတော့ အပစ်မရပ်သေးတဲ့ တိုင်းရင်းသားအဖွဲ့တွေနဲ့ တွေ့ဆုံဖို့ရာရှိပါတယ်။ ဒီလ ၃၀ ရက်လောက်ကျရင် သူတို့ဆွေးနွေးဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ နှစ်ဖက်စလုံးကတော့ ကျွန်တော်တို့ အပစ်ရပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရော အစိုးရဘက်ကရော ကျွန်တော်တို့အားလုံး အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ကြိုးပမ်းနေတယ်လို့ ပြောလို့ရပါတယ်။

ကျွန်တော်တို့ ဖက်ဒရယ်ကိစ္စဆွေးနွေးတာ ဒီနေ့ပွဲမှာ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ အမြဲတမ်းပြောပါတယ်။ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး ထူထောင်မယ်ဆိုရင် အစိုးရရဲ့ Policy ပါ။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ဖို့ရာအတွက် ဆန္ဒရှိကြပါတယ်။ ဒီအပေါ်မှာပဲ ကျွန်တော်တို့ ဆက်ပြီးမှ လျှောက်ဖို့ရှိတယ်လို့လည်း ပြောလို့ရပါတယ်။ နောက် NCA သဘောတူညီချက်မှာလည်းပဲ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ရာအတွက် ချမှတ်ထားပြီးသားလည်း ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ မဖြစ်မနေသွားဖို့ရာလိုလိမ့်မယ်လို့ ကျွန်တော် ပြောလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင်**

NCA အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်း(၈)ဖွဲ့က ခေါင်းဆောင်တွေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အစိုးရဘက်၊ တပ်မတော်အဖွဲ့တို့နဲ့ ဆွေးနွေးတဲ့အခါ အားလုံးက အပြုသဘောဆောင်ပြီးမိမိတို့အမြင်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပါတယ်။ ဒီလိုဆွေးနွေးကြတဲ့အပေါ်မှာ အားလုံးနောက်ဆုံးအနေနဲ့ ညှိနှိုင်းရရှိချက်ကတော့ အပြုသဘောဆောင်တဲ့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကျင်းပရေးအတွက် ကောင်းတဲ့အလားအလာတွေ အများကြီးတွေ့ရပါတယ်။

ဒီလပထမပတ်အတွင်းလောက်တုန်းက NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကနေ ချင်းမိုင်မှာ အခြေပြုနေတဲ့အဖွဲ့တွေကိုသွားပြီးဆွေးနွေးခဲ့ပါတယ်။ အစိုးရဘက်က အမြင်တွေ၊ သဘောထားတွေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)မှာ ပါဝင်လာဖို့ရယ်၊ NCA လက်မှတ်ထိုးဖို့ကိစ္စတွေအပါအဝင် ဆွေးနွေးခဲ့ပါတယ်။ အလားတူ ဒုတိယပတ်တုန်းက မိုင်းလားကိုသွားပြီး အထူးဒေသ (၂) “ဝ” UWSA အဖွဲ့နဲ့ အထူးဒေသ(၄) မိုင်းလားအဖွဲ့တို့နဲ့လည်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီမှာလည်း သဘောထားတွေ၊ အမြင်တွေပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ရပါတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့ အနေအထားကိုပြောရမယ်ဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကို အားလုံးစိတ်ဝင်စားပါတယ်။ ပါဝင်ဖို့အနေအထားများပါတယ်။ တက်ရောက်မယ့်အနေအထားတွေရှိပါတယ်။ ကျွန်တော်တို့လည်း ဖိတ်ကြားခဲ့ပါတယ်။ သို့သော်လည်း ဆက်ပြီး ညှိနှိုင်းရမယ့်သဘောတွေ ရှိသေးတယ်။ ဆက်ပြီး ညှိနှိုင်းလိုက်မယ်ဆိုရင် ကောင်းတဲ့ဘက်ကို အလားအလာအများကြီးရှိလာမယ်လို့ ယူဆပါတယ်။

ဒီနေ့အစည်းအဝေးမှာ အဓိကဆွေးနွေးတဲ့ အချက်တစ်ချက်ထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) ဘယ်တော့ကျင်းပမလဲဆိုတာလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးကြတဲ့အခါမှာ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေ တစ်ခုကြားဖြတ်ပြီးပြောချင်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)ဟာ ဖြစ်စဉ်တစ်ခုအနေနဲ့ Event အနေနဲ့ မဟုတ်ပါဘူး။ Process အနေနဲ့ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အနေနဲ့ဖြစ်ပါတယ်။ အကြမ်းဖျင်းအနေနဲ့ ပထမအကြိမ်ငြိမ်းချမ်းရေးညီလာခံတုန်းက ဒီငြိမ်းချမ်းရေးကို ငါးနှစ်ပြီးအောင်လုပ်မယ်လို့ ဝိုင်းဝန်းဆွေးနွေးကြတာရှိပါတယ်။ time frame လေးတစ်ခု ရှိပါတယ်။ အဲဒီလိုဆိုတော့ တစ်နိုင်ငံလုံးက ပြည်သူတွေကလည်း မျှော်လင့်နေတယ်။ time frame သတ်မှတ်ထားတာမရှိဘူးဆိုရင် ဘယ်တော့ပြီးမလဲဆိုတဲ့ အနေအထားမျိုးနဲ့ ဖြစ်နေမှာစိုးတဲ့အတွက်ကြောင့် time frame တစ်ခုကို သတ်မှတ်လိုက်ပါတယ်။ ဒီ time frame ပေါ်မူတည်ပြီး ကြည့်လိုက်မယ်ဆိုရင် တစ်ချိန်တုန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က JMCA အစည်းအဝေးမှာ ပြောဖူးပါတယ်။ လာမယ့် နှစ်လလောက်မှာ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပမယ်။ အကြမ်းဖျင်း ဇူလိုင်လလောက်ဆိုပြီး ပြောခဲ့တယ်။ အဲဒီကနေ အချင်းချင်း ညှိနှိုင်းဆွေးနွေးလိုက်တဲ့အခါ ဩဂုတ်လ ပထမပတ်ထက်မစော စက်တင်ဘာလ ပထမပတ်ထက် နောက်မကျလို့ဆိုတဲ့ အဖြေတစ်ခုရပါတယ်။ ဒီနေ့ဝိုင်းဝန်းဆွေးနွေးကြည့်လိုက်တဲ့အခါ ဩဂုတ်လရဲ့ နောက်ဆုံးပတ်မတိုင်မီမှာ ကျင်းပနိုင်အောင်ဆိုပြီး အဖြေတစ်ခုရပါတယ်။ ဒီငြိမ်းချမ်းရေးညီလာခံကို ဩဂုတ်လရဲ့နောက်ဆုံးပတ်မှာ ကျင်းပဖြစ်ကောင်း ဖြစ်ပါမယ်။

ဒီနေ့အစည်းအဝေးမှာလည်း ခေါင်းဆောင်တွေအကုန်လုံးနဲ့ တွေ့ဆုံညှိနှိုင်းပြောဆိုရတဲ့အခါ ယုံကြည်မှုတည်ဆောက်တဲ့အပိုင်းကတော့ တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုယုံကြည်မှုတွေတည်ဆောက်လာနိုင်ပြီးပြီဆိုရင် ကြားမှာမတူကွဲပြားတဲ့ဟာတွေကို တူညီအောင် ကြားမှာဆုံမှတ်တစ်ခုကိုသွားရမယ်။ မတူကွဲပြားတဲ့ကြားထဲက ဆုံမှတ်တစ်ခုကိုသွားတဲ့အခါ အချင်းချင်း ယုံကြည်နေကြမယ်ဆိုရင် ဒီဆုံမှတ်တစ်ခုကို ရောက်ချင်တဲ့အချိန်၊ သွားချင်တဲ့အချိန်မှာ ရောက်သွားနိုင်မယ်လို့ ယူဆပါတယ်။

ယနေ့နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ငြိမ်းချမ်းရေးသည် နောင်မျိုးဆက်သစ်များအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အတူ နှစ်ဖက်ပါဝင်ဆွေးနွေးသူများကလည်း ငြိမ်းချမ်းရေးရရှိစေလိုသည့် ဆန္ဒဖြင့် ဆွေးနွေးခဲ့ကြသလို မပါဝင်သေးသည့် အဖွဲ့များလည်း မကြာမီ ကျင်းပမည့် ညီလာခံတွင် ပါဝင်လာပြီး ပြည်သူဆန္ဒရှိရာ ငြိမ်းချမ်းရေးဆီသို့ တက်လှမ်းနိုင်ကြပါစေကြောင်း။ ။

## ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆွေးနွေး

**ဒေးဒရဲ ဇွန် ၂၈**

ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဝင် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် ကျေးရွာမြေငှားဂရန်များ အောင်မြင်စွာ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ၊ မြို့နယ်သစ်တောဦးစီးအရာရှိ၊ မြို့နယ်လဝက ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဦးစီးအရာရှိနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင် ပါဝင်သောအဖွဲ့သည် ယနေ့ညနေ ၃ နာရီက ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာရှိ ပြည်သူများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ မြေပိုင်ဆိုင်မှုအခွင့်အရေးခိုင်ခိုင်မာမာရရှိစေရန်အတွက် နေရာအလိုက်ကွက်ကျဲကွက်စိပ်တိုင်းတာခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ မြေရာဇဝင်စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်သဘောထားရယူခြင်း၊ အမှုတွဲပြုစုခြင်း၊ အိမ်ခြေစာရင်း အတည်ပြုခြင်းစသည့် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်၍ ရက် ၁၀၀ အတွင်း မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

## ယုံကြည်မှုကို အရင်းတည်

ယုံကြည်မှုကို အရင်းတည်
ဒို့ညီအစ်ကိုတွေစည်းလုံးမည်
ပြည်မြန်မာကြီးတည်မြဲဖို့
ယုံကြည်မှုကိုတည်ဆောက်စို့
ဒို့ခေါင်းဆောင်ကပြောခဲ့ပြီ
ဒို့တစ်တွေလိုက်နာကျင့်သုံးမည်
ဒုတိယပင်လုံညီလာခံကြီး အောင်မြင်ဖို့
ယုံကြည်မှုကိုရင်းနှီးစို့။ ။

မောင်ဖေ(မန်းမြို့)

# ပြည်သူများ ငွေကြေးဝန်ဆောင်မှုပိုမိုရရှိရေး ဘဏ်များ တိုးချဲ့ဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံတွင်း ကျေးလက်ဒေသများအထိ နေရာအနှံ့အပြားတွင် ဘဏ်ခွဲသစ်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ဇွန် ၂၈ ရက်က ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်တွင် ဘဏ်ခွဲ ၄၀၀ ပြည့် အနောက်ရွှေဂုံတိုင်လမ်းဘဏ်ခွဲကို ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်ကို ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်း ပြည်ပဘဏ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားဘဏ်ခွဲများအနေဖြင့် မေလနှင့် ဇွန်လတွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်လိုင်စင်ရရှိခဲ့သည်။

ထို့အပြင် ကမ္ဘာ့အဆင့်မီ Oracal Flexcube Core Banking Software ကို အသုံးပြုကာ ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို လည်းကောင်း၊ ATM စက်များ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ယခုထက် လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် Mobile Banking၊ Internet Banking၊ E-commerce နှင့် Online Shopping အစရှိသည့် digital payment များကို လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်ရန် ကမ္ဘာ့အကောင်းဆုံး ဖြိုဟ်တုဆက်သွယ်ရေး နည်းပညာများကို အသုံးပြုဝန်ဆောင်မှုပေးနိုင်သည့် KBZ Gateway ကုမ္ပဏီကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအတွက် ချေးငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်ချေးလာနိုင်ခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပါဝင်လာအောင် ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်းဖြင့် အာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ယနေ့ခေတ် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ ပိုမိုသိသာစွာတိုးတက်အောင်မြင်ဖွံ့ဖြိုးစေခဲ့ခြင်း၊ ခေတ်မီအဆင့်မြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိခြင်း၊ နိုင်ငံတော်အတွက် ဝင်ငွေခွန်အများဆုံး ပထမနေရာမှ လေးနှစ်ဆက်ပေးဆောင်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတကာမှ ချီးမြှင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ထူးချွန်ဆုများကို နှစ်စဉ်ရရှိခဲ့ကြောင်း သိရသည်။ **(ဝသ၀)**




# ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၆ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင် ၁၁၅၇၉ ပါးအနက် ၃၂၇၇ ပါးအောင်မြင်၍ ၂၇ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင် ၁၀၇၄၇ ပါးအနက် ၄၄၇၁ ပါးအောင်မြင်၍ ၄၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင် အပါး ၁၉၅၀၀ အနက် ၆၄၀၃ ပါးအောင်မြင်၍ ၃၂ ဒသမ ၈၄ ရာခိုင်နှုန်း အောင်မြင်တော်မူကြပါသည်။

၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များတွင် အတန်းအသီးသီး၌ နိုင်ငံတစ်ဝန်းလုံး ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် (ပထမ)ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ပထမကြီးတန်း**

(၁) ပထမ(ပထမကျော်ဘွဲ့ရ) ခုံအမှတ် (စက-၃၇၀) ဦးဝိသုတာလင်္ကာရ၊ အသက်(၂၂)နှစ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့။

(၂) ဒုတိယ၊ ခုံအမှတ် (မဟမ-၁၄) ရှင်ပဝရ၊ အသက်(၂၀)နှစ်၊ ဓမ္မဂါရဝကျောင်း မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

(၃) တတိယ၊ ခုံအမှတ်(စက-၃၆၅)၊ ဦးသီတလာလင်္ကာရ၊ အသက်(၂၂)နှစ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့။

(၄) သီလရှင် ပထမ၊ ခုံအမှတ်(စက-၉၁၈)၊ မဝဏ္ဏစာရီ၊ အသက်(၃၁)နှစ်၊ သကျဓိတာ သီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့။

**ပထမလတ်တန်း**

(၁) ပထမ၊ ခုံအမှတ် (ကွေး-၂၁)ဦးပညာနန္ဒ၊ အသက်(၂၀)နှစ်၊ အောင်မြေရတနာကျောင်း၊ မကွေးမြို့။

(၂) ဒုတိယ၊ ခုံအမှတ်(မြ-၁၆)ရှင်သြဒါတ၊ အသက်(၁၇)နှစ်၊ တိုက်သစ်ပဋ္ဌာနတာရုံကျောင်း၊ မြောင်းမြမြို့။

(၃) တတိယ၊ ခုံအမှတ်(ညတ-၄၇) ရှင်ထေရဝံသ၊ အသက်(၁၉)နှစ်၊ တောင်ညိုကျောင်း၊ ညောင်တုန်းမြို့။

(၁) သီလရှင် ပထမ၊ ခုံအမှတ်(စိန်-၁၇၈) မစန္ဒကလျာ၊ အသက်(၂၁)နှစ်၊ ဓမ္မဝါဒီ သီလရှင်စာသင်တိုက်၊ ရန်ကုန်မြို့။

**ပထမငယ်တန်း**

(၁) ပထမ၊ ခုံအမှတ် (စက-၃၈၀)၊ ရှင်ဂုဏာတေဇ၊ အသက်(၁၉)နှစ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့။

(၂) ဒုတိယ၊ ခုံအမှတ်(မဟမ-၁၈) ဦးဇေယျာနန္ဒ၊ အသက်(၂၂)နှစ်၊ ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။

(၃) တတိယ၊ ခုံအမှတ်(စိန်-၄၅) ရှင်ပညာနန္ဒ၊ အသက်(၁၅)နှစ်၊ ရွှာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်မြို့။

(၁) သီလရှင် ပထမ၊ ခုံအမှတ်(စက-၈၆၁) မယသဝတီ၊ အသက်(၁၈)နှစ်၊ မဂ္ဂင်ကျောင်း၊ စစ်ကိုင်းမြို့။

၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ ပါဠိပထမပြန်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီမံခန့်ခွဲရေးသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန်အတွက် စီမံခန့်ခွဲရေးသင်တန်း (၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဇွန် ၂၄ ရက်က ပြည်နယ်ကျေးလက်ရုံး၌ ဖွင့်လှစ်ခဲ့ရာ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# လူကုန်ကူးသူ၏ သွေးဆောင်မှုကြောင့် အုပ်ထိန်းသူများမသိဘဲ ထွက်လာသည့် ကျောင်းသူငါးဦးအား အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၇) ရပ်ကွက်နေ ဒေါ်--သည် ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ဈေးဆိုင်၌ ဈေးရောင်းပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်၌ သမီးဖြစ်သူ (၈)တန်းကျောင်းသူနှင့်အတူ တစ်တန်းတည်း သူငယ်ချင်းလေးဦးတို့ ဝိုင်းဖွဲ့စာကျက်နေရာမှ နေအိမ်တွင် မတွေ့ရှိသဖြင့် ဖျာပုံမြို့မရဲစခန်းသို့ အကြောင်းကြားလာ၍ ဖျာပုံမြို့မရဲစခန်းက သက်ဆိုင်ရာရဲစခန်းများသို့ ကူညီစုံစမ်းရှာဖွေပေးရန် အကြောင်းကြားခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀) ရာအိမ်မှူးနှင့်အတူ အဆိုပါရပ်ကွက်ရှိ သီရိပဒေသာကားကြီးဝင်း၌ ယာဉ်များ ဆိုက်ရောက်ချိန် လိုက်လံစုံစမ်းရှာဖွေခဲ့ပြီး "နယူးမန္တလာထွန်း" ရန်ကုန်-ပြင်ဦးလွင်ကားဂိတ်၌ မိန်းကလေးငါးဦး၏ အမည်စာရင်းကို တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) မန္တလေး-လားရှိုးလမ်း "စံပြ" ထမင်းဆိုင်၌ ရှာဖွေတွေ့ရှိခဲ့သဖြင့် မေးမြန်းရာ အသက်(၄၀)ကျော်အမျိုးသမီးတစ်ဦးက တစ်လလျှင် ငွေကျပ် ၅၀၀၀၀၀ ခန့်ရမည့် အလုပ်ပေးမည်ဟု ပြောဆိုစည်းရုံး၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့မရဲစခန်း၌ ခေါ်ယူထိန်းသိမ်းထားရှိကာ ၎င်းတို့၏ အုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားခဲ့ပြီး ယနေ့မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ သက်သေများရှေ့တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# ဆက်သွယ်ရေးတာဝါတိုင် ၉၀၀ ကျော် နိုင်ငံအဝှမ်းတွင် တစ်နှစ်အတွင်း တည်ဆောက်မည်

**ရန်ကုန် ဇွန် ၂၈**

မလေးရှားနိုင်ငံ OCK Group Berhad မှ နိုင်ငံအဝှမ်းတွင် ဆက်သွယ်ရေးတာဝါတိုင် ၉၀၀ ကျော်ကို တစ်နှစ်အတွင်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဟု ဇွန် ၂၈ ရက်ကဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်ခဲ့သော ပြည်ပဘဏ်လေးခုနှင့် ချေးငွေရယူသည့် သဘောတူလက်မှတ်ရေးထိုးပွဲမှ သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ တာဝါတိုင်တွေ တည်ဆောက်ပြီး ဆက်သွယ်ရေးလိုင်းတွေ ငှားရမ်းပေးနိုင်ဖို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက တယ်လီနောမြန်မာကုမ္ပဏီနဲ့ ၁၂ နှစ်သက်တမ်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ မြေစိုက်တာဝါတိုင်တွေကိုပဲ တည်ဆောက်သွားမှာဖြစ်တဲ့အတွက် လိုအပ်တဲ့ မြေနေရာငှားရမ်းခြင်းနဲ့ သက်ဆိုင်ရာ ခွင့်ပြုချက်တွေ ဆောင်ရွက်ပြီးရင် နောက်နှစ်လလောက်ဆို လုပ်ငန်းစတင်ဆောင်ရွက်မှာပါ"ဟု Dato' Syed Norulzaman Bin Syed Kamarulzaman Chairman of OCK Group Berhad ကပြောသည်။

OCK Group သည် အဆိုပါလုပ်ငန်းလုပ်ကိုင်ရန်အတွက် OCBC ဘဏ်၊ UOB ဘဏ်၊ May ဘဏ်၊ Bangkok ဘဏ်တို့မှ သတ်မှတ်ထားသောအတိုးနှုန်းဖြင့် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂ မီလီယံ ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခုနစ်နှစ်သက်တမ်းဖြင့် ပြန်လည်ပေးဆပ်သွားမည်ဟု သိရသည်။ ယခုကဲ့သို့ ပြည်ပဘဏ်များမှ ချေးငွေပေးအပ်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး လိုအပ်ချက်ပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံလိုသည့် ပြည်ပကုမ္ပဏီများအတွက်သာ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒါပထမဆုံးအကြိမ် စတင်ခွင့်ပြုတာပါ။ ၂၀၁၆ Financial Institution Law မှာ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအားလုံးအတွက်ကို လျှော့ထားတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်ပက ဝင်လာတဲ့သူတွေ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုငွေပမာဏကို ချေးငွေပေးတဲ့သူတွေက စွန့်စားမှုယူပြီး လုပ်နိုင်သလို ငွေကိုလက်ခံရရှိတဲ့ ကုမ္ပဏီတွေအနေနဲ့ကလည်း သူတို့လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ကြမယ်။ အခုလို တယ်လီကွန်မြူနီကေးရှင်းနဲ့ ဆိုတဲ့အတွက်ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုကို ထောက်ပံ့ပေးလိုက်တာပဲ။ ဒီလိုပဲ ဘဏ်အသီးသီးက သူတို့ရဲ့ စိတ်ချယုံကြည်ရတဲ့ Client တွေရှိလာရင် ဒါက Central Bank ရဲ့ ခွင့်ပြုချက် မလိုပါဘူး။ ဥပဒေအရကိုက ယူလို့ရပါတယ်။ အနာဂတ်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီး တစ်ဆင့် ဖြေလျှော့လာတာဟာ နိုင်ငံတကာရဲ့ ရင်းနှီးမြှုပ်နှံမှုကို ပိုပြီးတော့ ဖိတ်ခေါ်လာတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောသည်။

ယခုနိုင်ငံအဝှမ်းတည်ဆောက်မည့် တာဝါတိုင်များမှာ အနိမ့်ဆုံး တာဝါတိုင်အမြင့် ၃၅ မီတာမှ မြေအနေအထားပေါ်မူတည်၍ ၄၅ မီတာနှင့် အမြင့်ဆုံး ၅၅ မီတာအမြင့်ရှိသည့် တာဝါတိုင်များကို တည်ဆောက်သွားမည်ဟုသိရပြီး အဆိုပါတာဝါတိုင်များအတွက် အာမခံကို CB ဘဏ်၌ ထားရှိသွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေးအသစ် အသက်နှစ်လအရွယ်ကလေးများအား ဇူလိုင်လတွင် စတင်ထိုးနှံပေးမည်

**မန္တလေး ဇွန် ၂၈**

မြန်မာနိုင်ငံ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင်ပြင်းထန်အဆုတ်ရောင် ရောဂါပိုးကာကွယ်ဆေးကို ဇူလိုင်လမှ စတင်၍ အသက်နှစ်လအရွယ်ကလေး များအား ထည့်သွင်းထိုးနှံပေးမည်ဖြစ် သည်။ ပြင်းထန်အဆုတ်ရောင်ရောဂါ သည် Pneumococcus ဗက်တီး ရီယားပိုးကြောင့်ဖြစ်ပွားသော ကူးစက် ရောဂါအုပ်စုတစ်မျိုးဖြစ်သည်။ အများ အားဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခဲ ခြင်း စသည့် ပြင်းထန်ဆိုးရွားသော လက္ခဏာများဖြစ်စေလျက် သေဆုံး ခြင်းနှင့် တစ်သက်တာမသန်စွမ်းခြင်း များဖြစ်စေနိုင်သည်။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကူးစက်ဝင်ရောက်ခြင်းကြောင့် ကိုယ် ခန္ဓာအတွင်းအင်္ဂါများတွင် ပြင်းထန် အဆုတ်ရောင်ရောဂါ၊ ဦးနှောက် အမြှေးရောင်ရောဂါ၊ သွေးတွင်း ဗက်တီးရီးယား အဆိပ်တက်ခြင်း၊ သွေးထဲတွင် ဗက်တီးရီးယားပိုးများ ဝင်ရောက်လှည့်ပတ်လျက် အခြား နေရာများတွင် ဆက်လက်ကူးစက် သောရောဂါများ၊ နားအလယ်ခန်း ရောင်ခြင်း၊ နှာခေါင်းလေအိတ်ရောင် ခြင်း၊ လေပြွန်ရောင်ခြင်းစသည့် သာမန်ရောဂါများ ဖြစ်တတ်သည်။ ပြင်းထန် အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး(PCV)သည် ပြင်းထန် အဆုတ်ရောင်ရောဂါပိုး အမျိုးအစား ပေါင်း ၉၀ ကျော်အနက် ပြင်းထန် သောရောဂါဖြစ်စေနိုင်သော ပိုးအများ စုကိုကာကွယ်ပေးသည်။ ကာကွယ် ဆေးထိုးခြင်းသည်သာ အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း ဇွန် ၂၇ ရက်က ပုံမှန်ကာကွယ်ဆေးထိုးလုပ် ငန်းတွင် ကာကွယ်ဆေးအသစ်ဖြစ် သော ပြင်းထန်အဆုတ်ရောင်ရောဂါ ပိုးကာကွယ်ဆေး (PCV-10)စတင် ထိုးနှံခြင်း တိုင်းဒေသကြီးအဆင့် အသိပေးဆွေးနွေးပွဲတွင် မန္တလေး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် နိုင်ငံ တစ်ဝန်းပြုလုပ်ခဲ့သော ငါးနှစ်အောက် ကလေးများ သေဆုံးမှုအကြောင်းရင်း လေ့လာမှုအရ အသက်ရှူလမ်း ကြောင်း ရောဂါပိုးဝင်ခြင်းနှင့် ပြင်းထန် အဆုတ်ရောင်ရောဂါကြောင့် သေဆုံးမှုသည် ၁၂ ရာခိုင်နှုန်းရှိ ကြောင်း တွေ့ရသည်။ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့၏ခန့်မှန်းချက်အရ မြန်မာ နိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးတစ်သိန်းတွင် ၁၀၀ မှ ၃၀၀ အထိ ပြင်းထန်အဆုတ်ရောင်ရောဂါ ကြောင့်သေဆုံးသည်ဟု သိရသည်။

အဆုတ်ရောင် ရောဂါသည် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း သာ တိုက်ကျွေးမှုမပြုလုပ်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အိမ်တွင်းလေထု ညစ်ညမ်းခြင်း၊ မွေးစအလေးချိန်မပြည့် ခြင်း၊ လူနေထူထပ်ခြင်း၊ ပြင်းထန် အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV)၊ ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများ မထိုးထားခြင်းကြောင့် ဖြစ်ပွားရသည်။

ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး(PCV)စတင်ထည့် သွင်းထိုးခြင်းကို Gavi Alliance အဖွဲ့ကြီး၏ အထောက်အပံ့နှင့် နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၇၇၃ သန်းထည့်ဝင်၍ ပူးတွဲတာဝန်ယူခြင်းဖြင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကလေးတစ်ဦး ၃ ဒသမ ၀၅ ဒေါ်လာအကုန်အကျခံ ကာ ကာကွယ်ဆေးကို ပုံမှန်ကာကွယ် ဆေးထိုး အစီအစဉ်တွင် ဇူလိုင်လမှ စတင်ပြီး ထည့်သွင်းထိုးနှံပေးမည်ဖြစ် သည်။ ပြင်းထန်အဆုတ်ရောင်ရောဂါ ပိုးကာကွယ်ဆေးသစ်ကို ကလေး အသက် နှစ်လ၊ လေးလ၊ ခြောက်လ အရွယ်တွင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေးနှင့်အတူ ဆေးရည်ကို ဆေးထိုးအပ်ဖြင့် ကလေး ငယ်၏ညာဘက်ပေါင်တွင် ထိုးနှံပေး မည်ဖြစ်သည်။

ကာကွယ်ဆေး ထိုးပြီးနောက် ဆေးထိုးထားသည့်နေရာတွင် အနည်း ငယ် နီမြန်းခြင်း၊ နာကျင်ခြင်းများ၊ ဂျီကျခြင်း၊ အိပ်ငိုက်ခြင်း၊ မစားချင် မသောက်ချင်ဖြစ်ခြင်း၊ အဖျားတက် ခြင်းသာဖြစ်နိုင်ပြီး ပြင်းထန်သော ဘေးထွက်ဆိုးကျိုးမရှိကြောင်း ခုတင် (၅၅၀) ကလေးအထူးကုဆေးရုံမှ ကလေးအထူးကု ဆရာဝန်ကြီးက ပြောသည်။ ဇူလိုင် ၁ ရက်တွင် ပြင်းထန် အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ရာ ကလေးမိဘများက အသက်နှစ်လ အရွယ်ကလေးများအား စုရပ်များသို့ လာရောက်ရန်နှိုးဆော်ထားသည်။

**သီဟကိုကို(မန္တလေး)**

# ရွှေပြည်သာမြို့နယ်၌ လူမှုရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးနှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့်အဖွဲ့သည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက် မူကြိုကျောင်းတွင် ကလေးငယ် များအား အာဟာရကြက်သားဆန်ပြုတ်၊ ပဲနို့များတိုက်ကျွေးပြီး (၁၄)ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး သားဖွားခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များ အား အာဟာရဖွံ့ဖြိုးရေးအတွက် လက်ဆောင်ပစ္စည်းများပေးအပ်၍ ကျန်းမာ ရေး အသိပညာပေးဟောပြောကာ အမှတ်(၁၆)ရပ်ကွက် ဓမ္မာရုံ၌ ရပ်ကွက် အတွင်းရှိ သက်ကြီးဘိုးဘွား ၃၀ အား လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြု ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝင်းမင်း)**



# လယ်ဝေးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်စည်းဝေး

**လယ်ဝေး ဇွန် ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ် လည်အစည်းအဝေးကို ဇွန် ၂၆ ရက်က အဆိုပါ သမဝါယမအစည်းအဝေးခန်းမ ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် လက်လုပ်လက်စား ငွေစု ငွေချေးသမဝါယမအသင်းပေါင်း ၁၈၉ သင်းမှ ဥက္ကဋ္ဌများနှင့် အမှုဆောင် ၁၂၀ ခန့် တက်ရောက်ခဲ့ပြီး မြို့နယ်သမဝါယမအသင်းစု ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ငွေခွဲဝေစာရင်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများ ဖတ်ကြားရှင်းလင်းကာ အတည်ပြုချက်ရယူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကြေးမုံ)**

# ကွမ်းတံတွေးထွေးမှုကျဆင်းပပျောက်ရေး အသိပညာပေးဟောပြော

**ချောင်းဆုံ ဇွန် ၂၈**

ကွမ်းစားခြင်းကြောင့်ဖြစ်ပွားနိုင်သောရောဂါများနှင့် ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မွန်ပြည်နယ် ချောင်းဆုံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက အမှာစကားပြောကြား သည်။

ယင်းနောက် ကွမ်းစားသုံးခြင်းနှင့်ပတ်သက်ပြီး ဖြစ်ပွားနိုင်သည့်ရောဂါများ အား မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမင်းညွန့်ဝင်းက ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းသန့် က ကွမ်းစားခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအား ထိခိုက်ပျက်စီးစေသည့် အကြောင်းအရာများအား ပြောကြားခဲ့သည်။ ဟောပြောပွဲကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့များတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နွယ်သစ်ပင်များ အုပ်ဆိုင်းနေသော ဓာတ်တိုင်၊ ဓာတ်ကြိုးများ ရှင်းလင်းပေးစေလို



**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့တွင်း နေရာအများအပြား တွင် လျှပ်စစ်အန္တရာယ်ကင်းစေရန် သက်ဆိုင်ရာမှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်တိုင်များတွင် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်း လင်းခြင်း၊ ဓာတ်တိုင်များတွင်ရှိနေသော ရှုပ်ထွေးနေသည့်ကြိုးလိုင်းများ ပြုပြင်မှု များ ပြုလုပ်နေသည်ကို မြင်တွေ့ရသည်။

သို့သော် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်း ရိုးကြီး အနောက်ဘက်လမ်းဘေးရှိ အဆောက် အအုံ မဆောက်လုပ်ရသေးသော မြေကွက်လပ်ရှေ့ရှိ ဓာတ်တိုင် တစ်တိုင်၏ ဓာတ်ကြိုးများနေရာတွင် နွယ်ပင်များ ဖုံးအုပ်နေသည်ကို မြင်တွေ့ရသည်။ ဓာတ်ကြိုးအောက် တွင် ဖုန်းလိုင်းကြိုးများပါ မြင်တွေ့ရ သည်။ **(ဝဲပုံ)**

ယင်းဓာတ်တိုင်အခြေတွင် ရေအိုင် ကြီးနှင့် အမှိုက်ပုံများရှိသည်။ စီတန်း ရပ်နားထားသော အဝေးပြေးကုန်ကား မျိုးစုံပါရှိနေသည်။ ယင်းဓာတ်တိုင် အနီးတွင် ချုံနွယ်သစ်ပင်များ ဖုံးအုပ်နေသော ထရန်စဖော်မာတိုင် လည်း ရှိနေသည်။

ရန်ကုန်မြို့တွင်းနေရာအများအပြား တွင် ဓာတ်တိုင်၊ ဓာတ်ကြိုးများ ဘေးအန္တရာယ်ကင်းရန်နှင့် ဓာတ်အား ဆုံးရှုံးမှုလျော့နည်းရန် အလေးထား ဆောင်ရွက်နေချိန်တွင် ဘုရင့်နောင်ပွဲရုံ ဝင်းမှ အဆိုပါမြင်ကွင်းမလှခြင်းနှင့် လျှပ်စစ်အန္တရာယ် ကြုံတွေ့ရနိုင်သည့် နွယ်ပင်များဖြင့် ဖုံးအုပ်နေသော ဓာတ်တိုင်၊ ဓာတ်ကြိုး၊ ထရန်စဖော်မာ တို့ကို ပြုပြင်ရှင်းလင်းပေးစေလိုသည် ဟု ယင်းနေရာအနီး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်(ရွှေဈေး) ၈၁၉၀၀၀ - ၈၁၉၀၀၀ မန္တလေး(ရွှေဈေး) ၈၁၉၀၀၀ - ၈၁၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၄. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၂၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၀၅. ၄ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၆၃. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၈. ၀၀ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃. ၅၁၇ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၁. ၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၈. ၀၈ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၀. ၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉- ၆ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ -အဖွင့်
  -မိုးလေဝသအစီအစဉ်
  -ပြည်သူ့နီတိ
  "တန်ဆေး လွန်ဘေး"
- ၆း၂၀ -ကာတွန်းအစီအစဉ်
  "Bee Movie" (အပိုင်း-၂)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
  (အပိုင်း-၂၉)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
  "နင်. . စေလိုရာစေ" (အပိုင်း-၉)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ ရွှေမန်းဇာတ်သဘင် (အပိုင်း-၂)
- ၉း၄၀ မြန်မာနိုင်ငံဗဟိုချက်မ
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၂၀ တိုင်းရင်းသားရိုးရာအကများ
- ၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း
  "လက်သီးပုန်း"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနပြု
  ဆရာတော်ကြီး၏
  ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
  စကားဝိုင်း (Present And
  Future of Myanmar's Finance
  Sector) (အပိုင်း-၂)
- ၈း၃၅ စိုက်ပျိုးရေးရာအဖြေရှာ
  "စိုက်ပျိုးရေးတွင် ရေ၏
  အရေးပါမှု ကဏ္ဍများ
- ၉း၃၅ "သဘာဝမြေပြိုဆည်နှင့်
  ပတ်သက်ပြီး ကြိုတင်ကာကွယ်
  ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ"
- ၁၀း၃၅ အထွေထွေသုတ
  "ငှက်ပျောသီးနှင့် ကျန်းမာရေး
  (အပိုင်း-၂)
- ၁၁း၁၅ "မတူညီခြင်းများ
  ပေါင်းစည်းထားတဲ့ အလှတရား"
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား
  ပညာရေးအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
  "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၄)
- ၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ
  "မင်္ဂလာပါဂင်ချီ" (အပိုင်း-၅၀)
- ၂း၁၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
  (အကယ်ဒမီပြေတီဦး)
- ၂း၄၀ ပီသကြည်မြမဟာဂီတ
  (အပိုင်း-၁၈)
- ၃း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
  စကားဝိုင်း (Present And
  Future of Myanmar's Finance
  Sector) (အပိုင်း-၂)
- ၄း၃၅ Football Magazine
  (ရန်ကုန်ယူနိုက်တက်အသင်း)
- ၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
  (ကိုကိုအောင်နှင့် နေသွေးသစ်)
- ၅း၃၅ NHK Program
  "ကျောရိုးမဲ့သတ္တဝါ"
- ၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
  "ကျွန်တော့်တပည့်က
  ကျွန်တော့်ဆရာ"
  (မင်းသူ၊ ရဲလင်း၊ ရွှေမြင့်မိုရ်၊
  ရွှေဖူးစာ) [ဒါရိုက်တာ -
  သိမ်းစိုး (သီဟရတနာ)]
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
  "မင်္ဂလာပါဂင်ချီ" (အပိုင်း-၅၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
  သတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံခြားဇာတ်လမ်းတွဲ
  "မကြွေတဲ့နှင်းဆီ" (အပိုင်း-၂၅)
  - "သီရိဝံသ ရာဇဝင်
  ဇာတ်တော်ကြီး"
  (ပထမပိုင်း)

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊
  မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၄၀ "တရားဟောခြင်း
  မဟောခြင်းအကြောင်း
  (၁၀)ပါး" တရားတော်
  [ဆရာတော် ဒေါက်တာအရှင်
  ပညိဿရာဘိဝံသ (ဓမ္မဒူတ)]
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၄း၀၅ Cartoon Series
  (Go Go Giggles)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "ထာဝရ ချစ်သူသည်သာ"
  (အပိုင်း-၁၀၈)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
  "လူရည်ချွန်"
  (အပိုင်း-၅၆)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "အချစ်သစ္စာတည်စေသော်"
  (အပိုင်း-၃၅)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "နက္ခတ်ပညာရှင်
  ဂျန်းယောလ်ရှီးလ်" (အပိုင်း-၂၇)
- ၉း၅၅ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ Let's Talk
- ၁၀း၅၀ MRTV-4 Stage
- ၁၁း၂၀ World of Knowledge
  (Megastructure China
  Smart Tower)

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ သူနှင့်သူ၏ သီချင်းများ
- ၉း၃၅ အမှတ်တရနေ့ရက်ကလေးများ
- ၁၀း၁၀ Made In Myanmar
- ၁၀း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၃၅ Journal Talk
- ၁၀း၅၀ သီချင်းလက်ဆောင်
- ၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၁၁း၂၅ ကျန်းမာသုတ
- ၁၁း၄၀ Sport Review
- ၁၂း၀၀ ခရီးလည်းသွားစကားလည်ဆို
- ၁၂း၁၅ DVD Hits
- ၁၂း၂၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
- ၄း၂၅ ရွှေဟောင်းသုတ
- ၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၅၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၅း၁၀ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  အယ်ဒါနာ
  အပိုင်း(၃၇)
- ၆း၁၅ Top Magic
- ၆း၃၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုတ်မြင်ဇာတ်လမ်း
  - ချစ်သောဇကေရီ
  အပိုင်း(၄၄)
  - VOA အင်္ဂလိတ်စာသင်ခန်းစာ
  - ရယ်စရာပျော်စရာဟာသကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ၏
  တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -ရင်နှင့်အောင်ချစ်ရသူ
  အပိုင်း(၁၄)

# ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေ အကယ်ဒမီနေတိုးနှင့်အတူ ၂၀၁၇တွင် ရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးမည်



**ရန်ကုန် ဇွန် ၂၈**
ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေနှင့် သရုပ်ဆောင်နေတိုးတို့ ရိုက်ကူးမည့် အချစ်အကြောင်းကို အခြေခံထားသည့် ရုပ်ရှင်ဇာတ်ကားကြီးကို၂၀၁၇ ခုနှစ် မေ ၁ ရက်တွင် ရိုက်ကူးရန်အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေသည် ဇာတ်ကားရိုက်ကူးမှုအတွက် ဆွေးနွေးရန် မြန်မာနိုင်ငံသို့ ဇွန် ၂၇ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ပြီး ဇွန် ၂၈ ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော်သို့ တက်ရောက်ဖူးမြော်ခဲ့သည်။ ရွှေတိဂုံစေတီသို့ ဖူးမြော်ရာတွင် သူသိလိုသည့် အကြောင်းများ ရှင်းလင်းဖြေကြားပေးရန် မြန်မာနိုင်ငံမှ အလှမယ်မေမြတ်နိုးနှင့် အိန်ဂျယ်လမုန်တို့က အတူလိုက်ပါခဲ့ကြသည်။ မွန်းလွဲ ၂နာရီတွင် ရန်ကုန်ရှိ ADMA ဥက္ကဋ္ဌ ကိုဝေမင်းမောင်၊ သရုပ်ဆောင်နေတိုး၊ ခင်ဝင့်ဝါ၊ ဒါရိုက်တာ ဩရသတို့နှင့်အတူ ရိုက်ကူးမည့်ဇာတ်ကားနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားရိုက်ကူးမည့် အကြောင်းနှင့်ပတ်သက်ပြီး ငုရင်က "ကိုနေတိုးက အကယ်ဒမီဆုရခဲ့တုန်းကလည်း ဂုဏ်ယူပါတယ်ဆိုတာကို မပြောခဲ့ရဘူး။ အဲဒီအတွက်ကြောင့် အခုကျွန်မဂုဏ်ယူပါတယ်လို့ပြောချင်ပါတယ်။ ပြီးတော့ ကိုနေတိုးဆိုတာကလည်း ဇာတ်ကားပိုင်းတွေမှာ အတွေ့အကြုံရှိတဲ့ သူတစ်ယောက်ဖြစ်တယ်။ အဲဒီအတွက်ကြောင့်သူနဲ့အလုပ်လုပ်ရတာဂုဏ်ယူပါတယ်။ အမှန်တိုင်းပြောရရင် သူနဲ့လုပ်ရတာကလည်း ပထမဦးဆုံးအကြိမ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်မမှာ အတွေ့အကြုံလုံးဝမရှိတဲ့အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မကြိုးစားပြီးတော့ ရိုက်ကူးသွားမှာပါ။ အခုလောလောဆယ်တော့ ဗီယက်နမ်ဇာတ်ကားတွေကိုကြည့်ပြီး ပြင်ဆင်နေပါတယ်။ သရုပ်ဆောင်ပိုင်းကိုလည်း လေ့လာတယ်။ သူတို့ရဲ့စကားပြောပုံတွေကိုလည်း ကြိုးစားပြီးတော့ လေ့လာနေပါတယ်။ အဲဒါတွေလေ့လာပြီးမှပဲ ကိုနေတိုးဆီကနေပြန်သင်ယူသွားဖို့ရှိပါတယ်။" ဟု သူ၏ခံစားချက်ကို ပြောပြခဲ့သည်။

ဇာတ်လမ်း၊ ဇာတ်ညွှန်း သည် ခေတ်နေရေးသားထားသည့် အချစ်အကြောင်းပုံဖော်ထားသည့် ရုပ်ရှင်ဇာတ်ကားကြီးတွင် ၎င်းတို့နှစ်ဦးအပြင် ထွန်းထွန်းနှင့်ခင်ဝင့်ဝါတို့လည်း ပါဝင်မည်ဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကြီးကို၂၀၁၇ ခုနှစ် မေ ၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် သူ့အနေဖြင့် ဇာတ်ကားမိတ်ဆက်ပွဲအတွက် ပထမအကြိမ်လာရောက်ခဲ့သည်။

ငုရင်ထရန်ဟုရန်မေသည် ဇွန် ၃၀ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ **(ခင်ဇာလီ)**

# ၂၀၁၆ ခုနှစ်အတွက် BET Award ဆုပေးပွဲတွင် ဘီယွန်စေး ဆုငါးဆု ဆွတ်ခူး

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်အတွင်း ထွက်ရှိခဲ့သည့် ဂီတပိုင်းဆိုင်ရာ တေးအယ်လ်ဘမ်များ၊ အားကစားဇာတ်လမ်း၊ ရုပ်သံဇာတ်လမ်းတွဲနှင့် ရုပ်ရှင်တို့အတွက် ဂုဏ်ပြုအပ်နှင်းသည့် ၂၀၁၆ ခုနှစ်အတွက် BET Award ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ မိုက်ခရိုဆော့ဖ်ပြဇာတ်ရုံတွင် ကျင်းပခဲ့ရာ ပေါ့ပ်တေးသံရှင် ဘီယွန်စေးနှင့် Drake တို့က ဆုအများဆုံးဆွတ်ခူးခဲ့ကြောင်း သိရသည်။

ယခုနှစ်၏ BET Award ဆုပေးပွဲအတွက် ဆန်ခါတင်ဆုရှင်များစာရင်းကို မေ ၂၀ ရက်က ထုတ်ပြန်ပေးခဲ့ပြီး တေးသံရှင် Drake က ဆန်ခါတင်ဆုကိုးဆု၊ ဘီယွန်စေးနှင့် ရီဟာန်းနားတို့က ဆန်ခါတင်ခြောက်ဆုစီဖြင့် ပဏာမရွေးချယ်ခံထားရသော်လည်း ဘီယွန်စေးက အသစ်ထွက်ရှိခဲ့သည့် Formation တေးသီချင်းဖြင့် Video of the Year ဆုအပါအဝင် ဆုငါးဆုရရှိဆွတ်ခူးခဲ့သည်။

ဘီယွန်စေးသည် ယခုနှစ်အတွင်း ထွက်ရှိခဲ့သည့် Lemonade အယ်လ်ဘမ်မှ Formation တေးသီချင်းဖြင့် Video of the Year ဆု၊ Coca-cola Viewers' Choice Award ဆု၊ Centric Award ဆု၊ Best Female R&B/Pop Artist ဆုနှင့် FANdemoninum ဂုဏ်ပြုဆုတို့ကို ရရှိခဲ့ကြောင်းသိရသည်။

ထို့အပြင် အကောင်းဆုံးအမျိုးသမီး ဟစ်ပ်ဟော့အဆိုရှင်ဆုကို တေးသံရှင် Nicki Minaj ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုကို တင်းနစ်အားကစားမယ် ဆီရီနာဝီလျံကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို Taraji P. Henson ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို အမေရိကန်မင်းသား Michael B. Jordan ကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

# ဂျက်စီကာဂျန်း၏ ကိုရီးယားဘားရှင်းဖြင့်သီဆိုထားသော FLY သီချင်း ယူကျူ့တွင် ကြည့်ရှုသူ ၁၁ သန်းကျော်ရှိ



Girls' Generation ၏အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျက်စီကာဂျန်း၏ ကိုရီးယားဗားရှင်းဖြင့် သီဆိုထားသော FLY သီချင်းသည် ထွက်ရှိပြီးပထမဆုံးရက်သတ္တပတ်မှာပင် ကြည့်ရှုသူ ၁၁ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

ယင်းသီချင်းသည် Girls' Generation မှ ထွက်ခွာပြီးနောက်ပိုင်း ဂျက်စီကာ၏ ပထမဆုံးသော တေးအယ်လ်ဘမ်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ယင်းသီချင်းသည် အင်္ဂလိပ်နှင့် ကိုရီးယား ဗားရှင်းနှစ်မျိုးဖြင့် ထွက်ရှိထားခဲ့သည်ဖြစ်ရာ နားဆင်သူပရိသတ်များအနေဖြင့် ယခုထွက်ရှိသည့် ကိုရီးယားဗားရှင်းကိုသာ ပိုမိုနှစ်သက်ကြကြောင်း ယူကျူ့တွင် မှတ်ချက်ပြုထားကြကြောင်း သိရသည်။

မျိုး စ န္တာ မောင် - စု စည်း ရေး သား သည်



# IAAF ပြေးခုန်ပစ်နည်းပြသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၈**
ရက် ၁၀၀ စီမံချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် IAAF Coaches Education and Certification System Level I Athletics Coaching Course ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ Mr. Mohd Nanang(အင်ဒိုနီးရှား)က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းသင်တန်းကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၈ ရက်အထိ နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိသည်။ သင်တန်းနည်းပြအဖြစ် အင်ဒိုနီးရှားနိုင်ငံသားက ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဦးကျော်ကျော်ဝင်းက တွဲဖက်နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ချစ်ကိုကို**

# အင်္ဂလန်နည်းပြအဖြစ်မှ ရှိုင်းဟော့ဂ်ဆန် နုတ်ထွက်သွားခဲ့ပြီးနောက် နည်းပြသစ်အဖြစ် အသက်(၂၁)နှစ်အောက်နည်းပြဆော့ဂိတ် ရေပန်းစားနေ

**ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းရှုံးထွက်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် အိုက်စလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အသင်းသည် အိုက်စလန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် အင်္ဂလန်အသင်းနည်းပြအဖြစ်မှ ရှိုင်းဟော့ဂ်ဆန် နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။**

အသက်(၆၈)နှစ်အရွယ်ရှိ နည်းပြရှိုင်းဟော့ဂ်ဆန်သည် နည်းပြကာပယ်လို၏ နေရာတွင် အစားထိုးနည်းပြအဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ နည်းပြရှိုင်းဟော့ဂ်ဆန်သည် အင်္ဂလန်အသင်းအား ၅၆ ပွဲ ကိုင်တွယ်ခဲ့ရာတွင် ၃၃ ပွဲအထိ အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

အင်္ဂလန်အသင်း ယူရိုပြိုင်ပွဲတွင် အနိမ့်ဆုံး ကွာတားဖိုင်နယ် တက်လှမ်းနိုင်ခဲ့မည်ဆိုပါက နည်းပြရှိုင်းဟော့ဂ်ဆန် အင်္ဂလန်အသင်းနည်းပြအဖြစ် ဆက်ရှိနေလိမ့်မည်ဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရက်ဒိုက်ခ်က ပြောကြားခဲ့ပြီး လက်ရှိတွင် အိုက်စလန်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နည်းပြအဖြစ်မှ နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့သည်ဟု ဂရက်ဒိုက်ခ်က မှတ်ချက်ပြုခဲ့သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ခြေစစ်ပွဲများကစားစဉ်က အသင်း၏ ရလဒ်ပိုင်းသည် ရာနှုန်းပြည့်ကောင်းမွန်ခဲ့သော်လည်း အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့စဉ်တွင် ရုရှားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေပွဲ၊ ဝေလအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စု(B)၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် အုပ်စုဒုတိယနေရာဖြင့်သာ ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

သို့ရာတွင် အင်္ဂလန်အသင်းနည်းပြရှိုင်းဟော့ဂ်ဆန်သည် ဆလိုဗက်ကီးယားအသင်းနှင့်ပွဲစဉ်တွင် ဝေလအသင်းအားအနိုင်ရရှိခဲ့စဉ်က ပွဲထွက်ခဲ့သည့် ကစားသမား ၁၁ ဦးကို ခြောက်ဦးအထိအပြောင်းအလဲလုပ်ခဲ့ခြင်းကြောင့် ဝေဖန်မှုများခံခဲ့ရသည်။

အင်္ဂလန်အသင်းသည် နည်းပြရှိုင်းဟော့ဂ်ဆန်၏လက်ထက် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သော်လည်း ကွာတားဖိုင်နယ်တွင် အီတလီအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထို့ပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုအဆင့်တွင် နိုင်ပွဲတစ်ပွဲမှမရရှိခဲ့ဘဲ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

လက်ရှိ ပြင်သစ်မြေတွင်ကစားနေသည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း အိုက်စလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် နည်းပြရှိုင်းဟော့ဂ်ဆန်မှာ နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီး နည်းပြရှိုင်းဟော့ဂ်ဆန်နှင့်အတူ လက်ထောက်နည်းပြများဖြစ်ကြသည့် ရေးလီဝန်တန်နှင့် ဂယ်ရီနဗီးလ်တို့သည်လည်း လက်ထောက်နည်းပြများအဖြစ်မှ နုတ်ထွက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်အသင်း နည်းပြများအဖြစ် တာဝန်ယူခဲ့သည့် နည်းပြများအနက် ကာပယ်လိုသည် ၄၂ ပွဲတာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် ၂၈ ပွဲနိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၆ ဒသမ ၇ ရာခိုင်နှုန်း၊ ရမ်ဆေးသည် ၁၁၃ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၆၉ ပွဲနိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဟော့ဒယ်သည် ၂၈ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၁၇ ပွဲနိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၀ ဒသမ ၇ ရာခိုင်နှုန်း၊ ဂရင်းဝုဒ်သည် ၅၅ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၃၃ ပွဲနိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၀၊ ဗန်ဂိုရန်အဲရစ်ဆင်သည် ၆၇ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ပွဲ ၄၀ နိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၅၉ ဒသမ ၇ ရာခိုင်နှုန်း၊ ရှိုင်းဟော့ဂ်ဆန်သည် ၅၆ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၃၃ ပွဲ နိုင်ပွဲရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း ၅၈ ဒသမ ၉ ရာခိုင်နှုန်းစသည်ဖြင့် အောင်မြင်မှုအသီးသီးရယူနိုင်ခဲ့သည်။



လက်ရှိတွင် နည်းပြရှိုင်းဟော့ဂ်ဆန် နုတ်ထွက်သွားခဲ့ပြီးနောက် အင်္ဂလန်အသက်(၂၁)နှစ်အောက် အသင်းနည်းပြဆော့ဂိတ်သည် အင်္ဂလန်လက်ရွေးစင်နည်းပြဖြစ်လာရန် ရေပန်းစားလျက်ရှိပြီး ဂယ်ရီနဗီးလ်၊ ခရစ္စတယ်ပဲလေ့နည်းပြ အလန်ပါဂျူး၊ ဆဲလ်တစ်နည်းပြ ဘရန်ဒန်ရော့ဂျာ၊ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် မန်ယူအသင်းနည်းပြ မော်ရင်ဟိုတို့ကိုလည်း ကမ်းလှမ်းထားကြောင်း သိရသည်။**(ငွေကြယ်)**

# အီတလီအသင်း ကွာတားဖိုင်နယ်တွင် ဂျာမနီအသင်းနှင့် တွေ့မည်

ယူရို ၂၀၀၈ နှင့် ယူရို ၂၀၁၂ ချန်ပီယံ စပိန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်တွင် အီတလီအသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် ပြိုင်ပွဲမှထွက်လိုက်ရပြီဖြစ်သည်။ အီတလီအသင်းနှင့် စပိန်အသင်းတို့၏ ပွဲစဉ်တွင် အီတလီအသင်းသည် ချီယယ်လီနီနှင့် ပယ်လီတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ရာ ကွာတားဖိုင်နယ်အဆင့်တွင် ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။



အီတလီအသင်းသည် ယခုယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်တွင် စပိန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် စပိန်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သည့် နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

အီတလီအသင်းသည် ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် စပိန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ပြီးနောက် စပိန်အသင်းကို တစ်ပွဲမှ နိုင်ပွဲမရရှိခဲ့ပေ။ စပိန်အသင်းသည် အီတလီအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် သုံးကြိမ်ဆက်တိုက် ယူရိုချန်ပီယံ ဖြစ်မည့်အခွင့်အရေးကိုလည်း ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

လက်ရှိတွင် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ၁၆ သင်းအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်သောကြောင့် ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်အသင်းသည် ပေါ်တူဂီအသင်းနှင့်လည်းကောင်း၊ ဝေလအသင်းသည် ဘယ်လ်ဂျီယံအသင်းနှင့်လည်းကောင်း၊ ဂျာမနီအသင်းသည် အီတလီအသင်းနှင့်လည်းကောင်း၊ အိမ်ရှင်ပြင်သစ်အသင်းသည် အိုက်စလန်အသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အလင်းသစ်)**

# နိုင်ငံ့လက်ရွေးစင်ကစားသမားဘဝမှ အနားမယူရန် မက်ဆီအား အာဂျင်တီးနားသမ္မတတောင်းဆို

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားအသင်းက ချီလီအသင်းအား ကိုပါအမေရိကဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နိုင်ငံ့လက်ရွေးစင်ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း လူသိရှင်ကြား ကြေညာခဲ့သည်။

သို့ရာတွင် အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာက မက်ဆီအား လက်ရွေးစင်ကစားသမားဘဝမှ အနားမယူရန်နှင့် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းနှင့် အတူပါဝင်လာရန် ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားသမ္မတ မော်ရီစီယိုမက်ခ်ရီကလည်း ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား နိုင်ငံလက်ရွေးစင်အသင်းတွင် ပါဝင်ကစားရန် ၎င်း၏ တွစ်တာစာမျက်နှာမှတစ်ဆင့် တောင်းဆိုခဲ့ကြောင်း သိရသည်။ **(ငွေကြယ်)**



# မင်းဘူး(စကု)မြို့နယ်တွင် ထွန်ငှားလိုက်သူများ အဆင်ပြေလျက်ရှိ

**မင်းဘူး ဇွန် ၂၈**

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နေလျက်ရှိနေသော်လည်း မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အချို့ကျေးရွာများတွင် လယ်ထွန်စက်များ သွားလာရခက်ခဲသည့် လယ်ယာများ၊ လယ်ထွန်စက်များအလွယ်တကူ ငှားရမ်းမရရှိခြင်းများကြောင့် နွားဖြင့် ထွန်ငှားလိုက်သူများကို ယခုအချိန်ထိ ဆက်လက်လုပ်ကိုင်နေလျက်ရှိကြသည်။

ဒါးမနိုင်ကျေးရွာနေ မိုးစပါးစိုက်တောင်သူတစ်ဦးက "ကျွန်တော်တို့လယ်မြေတွေက ရိုးခြား/ချောင်းခြားတွေလည်းရှိတယ်။ လယ်ထွန်စက် မဝင်နိုင်တာရှိတော့ နွားနဲ့ပဲငှားရမ်းလုပ်ကိုင်ရတယ်။ စက်နဲ့ ထွန်တာ မြန်တယ်။ ခရီးရောက်ပြီး လူသက်သာတယ်။ ကုန်ကျစရိတ်လည်း သက်သာပါတယ်။ ဒါပေမယ့် နွားကိုတော့ ပစ်ပယ်လို့ မရသေးပါဘူး" ဟုပြောသည်။

"ထွန်ငှားလိုက်တာ နံနက် ၅ နာရီအိမ်ကထွက်၊ ၆ နာရီကနေ နွားနဲ့ထွန်ယက်ပေးတယ်။ ၁၁ နာရီဆို ထွန်-ဖတ်ပြန်ရတယ်။ တစ်မနက် ငွေကျပ် ၅၀၀၀ရတယ်။ လယ်စိုက်အလုပ်များလာချိန်ဆို ညနေဘက်ပါထွန်ငှားလိုက်ရင် ငွေကျပ် ၁၀၀၀၀ထိရတာလည်းရှိတယ်။ နွားတွေ ပင်ပန်းမှာ စိုးတော့ မနက်တစ်ကြိမ်ပဲ ထွန်ငှားလိုက်သူများပါတယ်" ဟု ထွန်ငှားလိုက်သူ တစ်ဦးက ပြောသည်။

**တင်ထွန်းဦး(မင်းဘူး)**

■

# တောင်တော်ကြို(သို့)မောင်တော်ကြို ရိုးရာနတ်ပွဲ ဆားလင်းကြီးမြို့၌ စည်ကားစွာ ကျင်းပလျက်ရှိ

**ယင်းမာပင် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ တောင်တော်ကြို (သို့) မောင်တော်ကြို ရိုးရာနတ်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ နယုန်လပြည့်ကျော် ၅ ရက်မှစ၍ နယုန်လကွယ်နေ့အထိ ရက်ရှည်ကျင်းပလာခဲ့သော ဆားလင်းကြီးမြို့က တစ်ခုတည်းသော ရိုးရာနတ်ပွဲဖြစ်သည်။

ရပ်ဝေး ရပ်နီးသို့ ရောက်ရှိနေကြသော ဆားလင်းကြီးမြို့နယ်သူ မြို့နယ်သားတို့ ပြန်လည်ဆုံဆည်းကြသောပွဲတော်ဆိုလျှင်လည်း မှားမည်မထင်။ နှစ်လများစွာ ကွဲကွာနေကြသော ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟတို့ လာရောက်ကြခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဈေးရောင်း ဈေးဝယ်လာရောက်ရောင်းချသော ဈေးသည်ဈေးဝယ်များကြောင့်လည်း တစ်နှစ်ထက် တစ်နှစ် စည်ကားလျက်ရှိလေသည်။

နှစ်စဉ် ခတ်ပေါင်းမဥ္ဇူဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကိုလည်း ရိုးရာနတ်ပွဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ကျင်းပခဲ့ခြင်းကြောင့် ပိုမိုစည်ကားခြင်းဖြစ်လိမ့်မည်ဟု ခတ်ပေါင်းမဥ္ဇူဘုရားကြီး၏ ဂေါပကများက ပြောဆိုသည်။ ဆားလင်းကြီးမြို့နယ် အတွင်းမှ ဒေသခံတောင်သူ ဦးကြီးများအတွက် လယ်ယာသုံးပစ္စည်းများ မိမိတို့အလိုရှိသလောက် ဝယ်ယူနိုင်ခြင်း၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော သစ်သားခုတင်၊ တန်းလျား၊ စားပွဲ၊ ကုလားထိုင်များ ဝယ်ယူရာမှာလည်း အဆင်ပြေကြသဖြင့် လာရောက်ဝယ်ယူ အားပေးမှုများကလည်း အားကျလောက်အောင်ပင် ဖြစ်လေသည်။ ယခင်နှစ်များက လမ်းဘေးတစ်လျှောက် ခင်းကျင်းရောင်းချနေသော ဈေးသည်များထံမှ ဆိုင်ခန်းခများကောက်ယူ၍ မြို့နယ်စည်ပင်သာယာရေးရုံးသို့ ခေတ္တမြေငှားရမ်းခကို ဘုရားကြီးဂေါပကများမှ ပေးသွင်းခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပေးသွင်းမြဲဖြစ်ကြောင်း၊ ယခုနှစ်တွင် လမ်းဘေး ဝဲ၊ ယာ နေအိမ်အချို့၏ ဝိသမလောဘကြောင့် ဈေးသည်များမှာ အိမ်ရှင်အချို့ကိုလည်း အခွန်အခသဖွယ် ပေးဆောင်နေရသောကြောင့် ဈေးသည်အချို့မှာ စိတ်အနှောင့်အယှက် ဖြစ်နေကြရကြောင်း ဘုရားကြီးဂေါပကများထံမှ သိရသည်။

လာမည့်နှစ်များတွင် အခုလို ဈေးသည်များ အခွန်အခများပေးနေရခြင်းမှ လျော့ပါးစေရန် ပွဲခင်းဆိုင်ခန်းနေရာများကို နေရာအနည်းငယ်ရွှေ့ပြီး ရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနအသီးသီးသို့ တင်ပြ တောင်းဆိုထားကြောင်း ဘုရားကြီးဂေါပက ဥက္ကဋ္ဌ ဆရာကြီး ဦးအောင်ထွန်းထံက ကြားသိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



# ဂျီအီးစီ(ပညာရေး)နှင့် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယအသင်းလီမိတက်တို့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ပုဇွန်တောင် ဇွန် ၂၈**

ပုဇွန်တောင်မြို့နယ် ဂျီအီးစီ(ပညာရေး)နှင့် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းတို့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ပုဇွန်တောင် အထက(၂) ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးငြိမ်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှမြင့်တို့က အမှာစကားပြောကြားသည်။

အသင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာတို့ကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး အသင်းသားများအား စုဆောင်းငွေပေါ် အတိုးငွေနှင့် အသင်းသားချီးမြှင့်ငွေများကို စနစ်တကျ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပင်သောင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးသဖြင့် ဒေသခံပြည်သူများဝမ်းသာလျက်ရှိ

**တပ်ကုန်း ဇွန် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု ပင်သောင်ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်ထောက်ပံ့ငွေကျပ် ၇၇၀၀၀၀၀ ဖြင့် အလျား ပေ ၃၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိ ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မတ် ၂၅ ရက်က စတင်တည်ဆောက်ခဲ့ပြီး မေ ၂၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသဖြင့် စာပေဗဟုသုတများရရှိတော့မည့် ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော် ဝမ်းသာလျက်ရှိကြောင်း ပင်သောင်ကျေးရွာမှ ကိုမျိုးမင်းထွန်းက ပြောသည်။



အဆိုပါ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်သည် ဇွန် ၂၅ ရက် မွန်းလွဲ ၂နာရီက ယင်းကျေးရွာစာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်ကော်မတီဖွဲ့စည်းရေး၊ စေတနာ့ဝန်ထမ်းဖြင့် အလှည့်ကျစာကြည့်တိုက်မှူးထားရှိရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့်စာကြည့်တိုက်ရန်ပုံငွေရရှိရေးတို့ကို ဒေသခံပြည်သူများနှင့် ဆွေးနွေး၍လည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ကွမ်းစားသုံးခြင်း အန္တရာယ်အကြောင်း ဟောပြောပြီးနောက် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ တက်ရောက်လာသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ကွမ်းစားခြင်းဆိုးကျိုး အသိပညာပေး နံရံကပ်ဗီနိုင်းစာစောင်များ ချိတ်ဆွဲပြသထားသည်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

**တင်စိုးလွင်**

# စတုတ္ထအကြိမ်မြောက် ဓမ္မကျောင်းသင်တန်းဖွင့်

**ကျောက်တန်း ဇွန် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၁) ရပ်ကွက် ရွာလယ်ကျောင်းတိုက်အတွင်းရှိ သုံးလောကထွဋ်ခေါင်မာရ်အောင်ရတနာဘုရားကြီးတန်ဆောင်းတွင် ဇွန် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က စတုတ္ထအကြိမ်မြောက် ဓမ္မကျောင်းတော်သင်တန်းဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ၌ တံတားမြို့ သံဃာ့နာယက ဥက္ကဋ္ဌအဖွဲ့ ဆရာတော်ဘဒ္ဒန္တဝါယမနှင့် ဓမ္မကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဘဒ္ဒန္တဝဏ္ဏသာမိတို့က ဩဝါဒစကား မိန့်ကြားတော်မူခဲ့ကြပြီး ကျောက်တန်းမြို့ YMBA အဖွဲ့ခွဲ (၃) ဒုတိယ ဥက္ကဋ္ဌ ဦးလှဝင်းက သင်တန်းသားများအတွက် ဗလာစာအုပ် ၄၀၀ နှင့် ဘောပင် ၄၀၀ကို ပေးအပ်လှူဒါန်းခဲ့သည်။ သင်တန်းကို တံတားမြို့ အထက၊ အမက(၁)နှင့် အမက(၂)တို့မှ ဆရာ ဆရာမများက သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားဦးရေ ၄၅၀ ခန့်ရှိကြောင်း သိရသည်။ **အောင်ရွှေ(တံတား)**



# ကားလမ်းပေါ်၌ ဂျိုးဖြူလိုင်း ရေပိုက်ပေါက် ပြုပြင်ဖို့လို

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဂဠုန်ရပ်ကွက် အမှတ် (၄၃)နှင့် (၄၅)ကြား ကျောင်းလမ်းထိပ် ကားလမ်းကြောင်းပေါ်တွင် ဂျိုးဖြူရေသန့်ပိုက်မှာ နှစ်နေရာ (သုံးနေရာ) နှစ်ပေါက်ခန့် ရေများယိုစိမ့်ထွက်လျက်ရှိသည်မှာ သုံးလရှိပြီဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ အနီးအနားရှိ အမျိုးသမီးတစ်ဦးကိုမေးမြန်းရာ ရေသန့်ရှင်းမှုကို မဖြစ်စေကြောင်း၊ သက်ဆိုင်ရာက အမြန်ပြုပြင်သင့်ပါကြောင်း ပြောကြားသည်ကိုကြားသိရသည်။ အသက် (၇၅)နှစ်ရှိ အဘတစ်ဦးက ရေပိုက်ရေလာနှုန်းနည်းသွားသလို ရေသန့်ရှင်းမှုမရှိတဲ့ရေတွေဖြစ်ရင် ကျန်းမာရေးအရ စိုးရိမ်ရတာမို့ ဒီရေပိုက်ပေါက်ကို ပြုပြင်စေလိုကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**

# "သီရိဝံသ" ရာဇဝင်ဇာတ်ကြီး

à တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

"အင်းဝ" နေပြည်တော်တွင် ထီးနန်းစိုးစံတော်မူခဲ့သော ညောင်ရမ်းခေတ်၊ စတုတ္ထမြောက် သာလွန်မင်းတရား (မြန်မာသက္ကရာဇ် ၉၄၆-၁၀၁၀) လက်ထက်တော်အခါက အဖြစ်အပျက်တစ်ခုကို အခြေခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာနက "သီရိဝံသ" ရာဇဝင်ဇာတ်ကြီးအဖြစ် တင်ဆက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ကျော်ကြာခဲ့ ပါပြီ။ ထိုအချိန်က ထိုဇာတ်ကြီး စီစဉ်ရေးသားညွှန်ကြားသူမှာ ကွယ်လွန်သူ ဇာတ်စာရေးဆရာကြီး ဘိုကလေးလှထွန်းဖြစ်ပြီး ၁၉၇၅ ခုနှစ်ခန့်က ယဉ်ကျေးမှုကဇာတ်ဌာန (ယခင်အခေါ် အဝေါ်)၊ ကဇာတ်အဖွဲ့ခွဲ(၁)မှ မြန်မာတစ်ပြည်လုံးရှိ တိုင်းနှင့်ပြည်နယ်မြို့ကြီးများ (ထိုစဉ်က အသွားအလာခက်ခဲသည့် ချင်းပြည်နယ်မှအပ)သို့ လှည့်လည်ကပြခဲ့သည်။

သဘင်ပညာသည် အမျိုးသားရေး လက္ခဏာတစ်ရပ်၊ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများကို ဖော်ကျူးရာ၌ သဘင်သည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အစဉ်အလာကြီးမားပြီး သိမ်မွေ့နက်နဲခက်ခဲလှသော ကိုယ်ပိုင်ဟန်ဖြင့် ယနေ့တိုင်ရပ်တည်လျက်ရှိသော မြန်မာတို့၏ အက၊ အလှ၊ သဘာဝနှင့် ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်သံ၊ ဇာတ်ဟန်၊ ဇာတ်ဆို၊ ဇာတ်ပို့၊ ဇာတ်သီချင်း စသည့် ဆို၊ ငို၊ ပြော၊ အနုသုခုမ သဘင်ပညာရပ်များ မတိမ်ကော၊ မပပျောက်စေခြင်းငှာ ဆက်လက်ရှင်သန်စေရန် ရည်ရွယ်၍ ရက် ၁၀၀ စီမံချက်အတွင်း နိုင်ငံတော်အစိုးရ တာဝန်ရှိလူကြီးမင်းများနှင့် အနုပညာရှင်များပူးပေါင်း၍ ထိုဇာတ်ကြီးကို ပြန်လည်ဖော်ထုတ်ကြပြန်သည်။ ယခုတစ်ဖန်အဆိုပါ ဇာတ်ကြီးကို ပြင်ဆင်မွမ်းမံစီစဉ်ညွှန်ကြားသူတို့မှာ ဇာတ်စာရေးဆရာ တောင်စွန်းအောင်တိုး (ဦးအောင်တိုး-ကထိက-ငြိမ်း) ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်နှင့် ဦးကျော်ဆွေ (ညွှန်/မှူး) ထုတ်လုပ်ဌာနခွဲ၊ အနုပညာဦးစီးဌာနတို့ ဖြစ်ကြသည်။ အနုပညာဦးစီးဌာန ပညာရှင်ဝန်ထမ်းများ၏ စွမ်းပကားဖြင့် ဇွန် ၂၆ ရက်နေ့ညက ရှေ့ပိုင်းနိုင်ငံကျော်တေးသံရှင်များ၏ တေးသံသာများ၊ ယဉ်ကျေးမှုအကပဒေသာများနှင့် တွဲဖက်၍ ထိုဇာတ်ကြီးကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြခဲ့ရာ ပရိသတ်များ အထူးနှစ်ခြိုက်စွာ အားပေးခဲ့ကြလေသည်။

ဇာတ်လမ်းအကျဉ်းချုပ်ကို ဖော်ပြရသော် သာလွန်မင်းလက်ထက် စစ်ကိုင်းမြို့ "ကောင်းမှုတော်" အနီးရှိ မန်ကျည်းစင်ကျေးရွာ (ယခုလက်ရှိ မန်ကျည်းစင်ကျေးရွာ) မှာ ကျပန်းလုပ်သားလယ်သမားဘဝဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ အဖ ဦးရာကျော်နဲ့ ဖြောင့်မှန်တည်ကြည်တဲ့ သားလုလင်ပျို မောင်ဝံသ ဆိုသူတို့ ရှိကြသလို၊ သူကြီးဆိုး နေမျိုးဗလနဲ့ သမီးချောလေး မသီရိတို့ ရှိကြပြန်လေသည်။ ပဒေသရာဇ်ခေတ်မှာ အာဏာရခဲ့တဲ့ မသီရိရဲ့ဖခင်သူကြီးဟာ ရာထူးအရှိန်အဝါနဲ့ အာဏာပြ အရာရာအလွဲသုံးစားပြု ထုတ်ပြန်ခဲ့သမျှ ဘုရင့်အမိန့်သံမနာခံ လက်တစ်လုံးခြားဖြင့် အတ္တဆန်၊ ပြည်သူ့အသံကို ကျော်ခိုင်း၊ ထင်ရာစိုင်းရိုင်းချင်တိုင်းရိုင်းခဲ့သလောက် သမီးဖြစ်သူကတော့ စိတ်သဘောထားဖြူစင်လှသူပါ။ လူငယ်တို့သဘာဝ မောင်ဝံသနဲ့ မသီရိတို့ မေတ္တာမျှခဲ့ကြရာ ပီတိမဖြာနိုင်သူ မြို့ဝန်မင်းရဲ့သား ရဲသီဟ၊ လူကြီးသားဆိုပြီး အရှိန်အဝါပြ မာန်တက် လူဖျင်းတို့စရိုက် အလေလိုက်၊ ကြက်တိုက်၊ ထန်းရေမူး၊ အဖေ့ရာထူးကိုမှီမထောက် မောက်မာတဲ့ သားဆိုး၊ သူကြီးသမီးကို ပိုးမရလေတော့ သူကြီးနဲ့ပေါင်း သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ မကောင်းသော အကြံဖြင့် မောင်ဝံသနဲ့ မသီရိချစ်ခြင်းကို ခွဲရန်ကြံ၊ မခံနိုင်တဲ့ အဆုံး မောင်ဝံသတို့ သားအဖ အန္တရာယ်မကျခင် လွတ်ရာပြေးကြရလေသည်။ မောင်ဝံသသည် အရည်ချင်းရှိသူဖြစ်သည့်အတွက် အလုပ်မရှား၊ တစ်ရွာသား မန်ကျည်းသီးပွဲစား သာဒွန်းအောင်(ပွဲစားလောကအခေါ် သာဒွန်းအောင်ထိပ်ပိတ်) ထံမှာ မန်ကျည်းသီးခူးသည့်အလုပ်ရသည်။ စေတနာသည် ကံမည်ပါ၏။ ထင်ပေါ်လျှင် စင်တော်က ကောက်ဆိုသကဲ့သို့ တစ်နေ့ အမတ်မင်း ဗညားကျန်းတော နယ်မြေလှည့်ရင်း သာဒွန်းအောင်၏ လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ မောင်ဝံသကိုတွေ့ပြီး ရဲရင့်ဖျတ်လတ်တည့်မတ်မှန်ကန်သူ ဖြစ်ကြောင်း၊ လုပ်ရည်ကိုင်ရည်ရှိသူဖြစ်ကြောင်း သိမြင်တော်မူသည့်အတွက် မြောက်စားလိုသည့်ဆန္ဒဖြင့် သာလွန်မင်းတရားကြီး၏ညီတော် ပြည်မြို့စားထံသို့ ပို့လေသည်။ ပြည်မြို့စားကလည်း အမတ်မင်းပို့သည့်အတွက် ထိုသူငယ်သည် ခေသူမဟုတ်။ ပညာရှိပီပီ အပွေးမြင် အပင်သိ အကဲခတ်မလွဲတန်ရာ။ မောင်ဝံသသည် ဓားရေးကလည်း ကျွမ်း၊ စကားလေးကလည်း စွမ်း သမို့ အခွန်ဘဏ္ဍာတွေကို လုံခြုံစွာ စောင့်ထိန်းရန်တော့သည်။

ရဲသီဟ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို မောင်ဝံသနှင့် မသီရိတို့ ဘဝပျက်အောင် အကောက်ဉာဏ်ဖြင့် ယုတ်မာရက်စက်လေသော လုပ်ရပ်ပင်ဖြစ်သည်။ ရဲသီဟက မောင်ဝံသကို အခဲမကြေနိုင်။ မောင်ဝံသသည် သူ့ရန်ဘက်ဖြစ် သော်လည်း အချိုသတ်၍ "မောင်ဝံသရေ ပြီးတာတွေ မေ့လိုက်တော့။ ခုချိန်မှာ ငါက မင်းအထက်က တာဝန်ရှိသူအကောက်တော်။ မင်းကပဏ္ဏာကောက်ဆိုတော့ ငါပေးတဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါ။ မင်းဆောင်ရွက်ရမယ့် တာဝန်က ပဏ္ဏာတော်အဖြစ် မသီရိကိုသိမ်းရမယ်"။

တကယ်တော့ မောင်ဝံသသိမ်းရမည့်ပဏ္ဏာက ဝံသအသက်တမျှ ချစ်ရတဲ့ မသီရိ၊ မင်းပဏ္ဏာဆိုတော့ တို့ထိခွင့်မရ။ ပြည်မြို့စားကို ဆက်သရမည်။ မသီရိရဲ့ ဖခင်ကလည်း သီရိကို မောင်ဝံသနဲ့ လုံးဝသဘောမတူ။ ပြည်မြို့စားက

**သဘင်ပညာသည် အမျိုးသားရေးလက္ခဏာတစ်ရပ်၊ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများကိုဖော်ကျူးရာ၌သဘင်သည်အဓိကကျသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အစဉ်အလာကြီးမားပြီးသိမ်မွေ့နက်နဲခက်ခဲလှသော ကိုယ်ပိုင်ဟန်ဖြင့်ယနေ့တိုင်ရပ်တည်လျက်ရှိသော......**

(လက်ဆောင်ယူ ပဏ္ဏာသိမ်း) ရာထူးကို ပေးအပ်လေတော့သည်။ မောင်ဝံသနှင့် မရှေးမနှောင်းပင် မြို့ဝန်သား လူ့ပေါ်ကြော့ ရဲသီဟလည်း ပြည်မြို့စားထံ အခစားရောက်လာ၍ အလုပ်တောင်းရာ ပြည်မြို့စားက ရဲသီဟကို မနှစ်မြို့၊ အလုပ်မပေးလိုသော်လည်း ရေရှည်စဉ်းစားပြီး လူကြီးလူကောင်းသားတစ်ယောက် ဘာမှ အမှုမထမ်းဘဲနေလျှင် လူ့သရမ်းဖြစ်တတ်တယ်လို့ တွေးဆပြီး မြို့ဝန်မင်းမျက်နှာကို ထောက်၍ (ဝင်းတော်မှူးနှင့် အကောက်တော်) ရာထူးပေးလေ၏။ ရဲသီဟသည် ရာထူးရပြီးသည်နှင့် ကောက်ကျစ်ယုတ်မာသောအကြံကို စတင်ကြံစည်သည်။ စေတနာယောင်ယောင်ဖြင့် ပြည်မြို့စားသည် မန်ကျည်းစင်ကျေးရွာသူသူကြီးသမီးအချောအလှမသီရိကို မင်းကတော်အဖြစ် သိမ်းပိုက်သင့်ကြောင်း ရှေ့သွားနောက်လိုက်ညီလှကြောင်း၊ မြှောက်ပင့်ဖြားယောင်းလျှောက်တင်သည်။ ပြည်မြို့စားသည် လူမမယ်မဟုတ်ပေမယ့် 'မ'နှင့်မြူဆွယ်တော့မခံနိုင်။ သတိလက်လွတ် တပ်မက်စိတ်ဖြင့် သဘောတော်ကျပြီး မသီရိကို သိမ်းပိုက်ရန် အမိန့်တော်မှတ်လေ ကောက်ယူမည်ဆိုတော့ အတိုင်းမသိပီတိဖြစ်သူက သူကြီး။ မသီရိအတွက် သဲဖြူခင်း၊ ရာဇမတ်ကာ ပြည်မြို့စားကို ကွမ်းယာတော်ဆက်ဖို့ပြင်ကြလေသည်။ မူလက မောင်ဝံသရော မသီရိပါ အဖြစ်မှန်မသိ၊ အခြေအနေ အရပ်ရပ်ကို ပေါင်းစုံကြည့်တော့ အကြောင်းစုံသိပြီ။ ရဲသီဟလက်ချက်။ အရင်းစစ်တော့ အမြစ်မြေက ပဒေသရာဇ်စနစ်အမွေကြောင့် အဖြစ်ဆိုးတွေကြုံရပါတကား။ အမှန်တရားတွေ ပျောက်ကွယ်ဖို့ နောက်ကွယ်က လှုံ့ဆော်သူတွေကို မဖော်ထုတ်နိုင်သမျှ တို့ဘဝတွေကျဆုံး ကုန်ကြတော့မယ်။ ဒီပဒေသရာဇ်စနစ်ကို ရိုက်ချိုးပစ်ပြီး လူ့ဘောင်တစ်ခေတ်ထူ ထောင်ဖို့ သင့်ပြီ။ ပဏ္ဏာလှန်ရင်ရန်၊ ပဏ္ဏာဖျက်ရင်ရွာ ပျက်သတဲ့ အိုပျက်ချင်တာပျက်ပါစေ အခေါင်ကနက် ပလ္လင် ရဝိက ဘုရင်ထီးဘုရားသိအောင် တရားနိမိတ်ကောက်ပြီး ဓားဘိသိက်မြှောက်မပေ့ဆိုပြီး တော်ကောက်မယ့် အခမ်းအနားမှာ ဝံသတစ်ယောက်တော်လှန်ကာ ဓားရေးပြလို့ ဘုရင်ထီးဘုရားထံမှောက် အရောက်သွားလေသည်။ မသီရိကလည်း သစ္စာရှိသူပီပီ တရားမဲ့တဲ့ ဘဝမှာ မထားခဲ့ပါနဲ့မောင်ကြီးရေဆိုပြီး မောင်ဝံသနောက်တော်ပါးက ထက်ကြပ်မကွာ လိုက်ပါလေတော့သည်။

စစ်ကိုင်း "ကောင်းမှုတော်" ဘုရားရင်ပြင်မှာ သာလွန်မင်းတရားကြီးရောက်ရှိနေသည့် အခိုက်နှင့် ကြုံကြိုက်လေတော့ မောင်ဝံသနဲ့ မသီရိတို့က တစ်ဖက်၊ သူကြီးနဲ့ ရဲသီဟတို့ တစ်ဖက် အပြန်အလှန်စွဲချက်တွေတင်လို့ ဘုရင်မင်းတရားရှေ့ စကားစစ်ခင်းကြလေသည်။ ထိုအခါ မောင်ဝံသရဲ့လျှောက်တင်ချက်တွေဟာ ဘုရင်မင်းတရားရဲ့ နှလုံးသားကို တိုက်ရိုက်ထိမှန်ပါတော့တယ်။ မောင်ဝံသရဲဝံ့ပြတ်သားစွာ လျှောက်တင်လိုက်ပုံက "မှန်လှပါ မသီရိရဲ့ဖခင်သူကြီး နေမျိုးဗလ အခြေဆိုးသမျှ မဖွယ်သည့်အချက်၊ သူ့သမီးမယ်သီရိအတွက် ကျွန်တော်မျိုး ရာဇဝတ်ဘေး ကျရောက်ခဲ့ရပါတယ်ဘုရား။ သူကြီးသည် မင်းကြီးအမိန့်သံမနာခံ၊ လက်တစ်လုံးခြားဖြင့် ဥပဒေတွေကို ချိုးဖောက်၊ တန်ခိုးတောက်ကာ အာဏာအလွဲသုံးပြီး အကဲဆုံးက မြေရှင်စရိုက်ဆိုးတွေ အမျိုးမျိုးပြ၊ ပိုးကျ၍ ပျက်စီး၊ ရေတွေကြီးလို့ စပါးအရနည်း၊ နွားနဲ့ ကျွဲတွေကလည်း အတုံးအရုံးသေ အဆုံးအရှုံးတွေများအနက် ဝက်ဉာဏ်အလွန်ဆန်းစွာဖြင့် အခွန်ထမ်းပျက်တယ်အခါခါအော်ပြီး ကျွန်တော်မျိုးဖခင် ဦးရာကျော်ပြန်လည်ဖော်ထုတ်ထားတဲ့ လက်ငုတ်လယ်မြေများကို မတရားသိမ်းယူကာ အာဏာအလွဲသုံးခဲ့တဲ့ အကဲဆုံးသူကြီး၊ အထူးဆိုးသမျှ ဦးတိုက်၍ သံတော်ဦးတင်ရပါကြောင်း"။

မောင်ဝံသနည်းတူ ဖေးကူသည့် မသီရိကလည်း အမှန်တရားကို ထပ်ဆင့်ထောက်ခံရင်း ဤသို့ လျှောက်တင်ပြန်လေသည်။ "မှန်လှပါ ကျွန်တော်မျိုးမ သံတော်ဦးတင်ပါ့မယ်။ ရွှေနားပန်ဆင်တော်မူပါဘုရား။ ကျွန်တော်မျိုးမနှင့်ဝံသ လူငယ်သဘာဝ မေတ္တာမျှနေတာကို မတူမတန်ဘူးရယ်လို့ တယူသန်တဲ့အဘက အတင်းခွဲပြီး ပုလင်းမလဲ ရဲသီဟနှင့် တကတည်း ယူရမယ်လို့ ဇွတ်အတင်းစီမံပါတယ်ဘုရား။ ဒီအတွင်းမှာပဲ ဘုရားကျွန်မက ငြင်းဆန်ပြလေတော့ အဘနဲ့ရဲသီဟ မသူတော်နှစ်ဦးပေါင်းပြီး မကောင်းတဲ့အကြံနဲ့ ပြည်မြို့စားမင်းထံ ကျွန်တော်မျိုးမကို ပဏ္ဏာတော်အဖြစ်နဲ့ အတင်းဆက်ကြပါတယ်။ သို့ဖြစ်၍ သဒ္ဒါရှင်းမပျက်တဲ့ ကိုဝံသနဲ့ သစ္စာချင်းဆက် ပေါင်းဖက်ရန် အသက်ဘေး ကြမ္မာတကယ်ပေါ်ပြီမို့ အမယ်လေး. . ကယ်တော်မူပါဘုရား"။

နှစ်ဖက်လျှောက်တင်စကားများအားလုံး ကြားနာပြီးသည့်အခါ သူကြီးနှင့် ရဲသီဟတို့၏ မတရားသောလုပ်ရပ်များကို သိမြင်တော်မူသည့်အတွက် သာလွန်ဘုရင်မင်းမြတ် ဤသို့ အမိန့်တော်မှတ်လေသည်။

"မြို့ဝန်သားဆိုတဲ့ ရဲသီဟ၊ ဖခင်အရှိန်အဝါနဲ့ အာဏာပြ၊ မဟုတ်သည့်ဘက်မှာ အစွမ်းထက်လှသည်။ ဖမ်းလျက်ချုပ်နှောင်၊ အချုပ်ထောင်၌ အချိန်ကြာကြာသွင်း မလိမ္မာမချင်း ထိန်းသိမ်းထားစေ"။

"ယောင်ကြီးတော့ငိုက်၊ လူကြီးတော့မိုက်သတဲ့၊ ဆင်ခြင်အသိတရားမရှိ ကြီးမိုက်သူကြီး နေမျိုးဗလကိုတော့ ရာထူးကချ၊ ရွာဦးက မတရားသိမ်းပိုက်ထားတဲ့ လယ်မြေယာတွေကို ပိုင်ရှင်များထံ အမြန်ပြန်ပေးစေ။ တစ်ဖန်မနှေးသမီးငယ်ကို ဇနီးသဖွယ် မောင်ဝံသကို ပေးအပ်၍ အလေးအမြတ်လက်ထပ်ပေးရမယ်။ ငါ့အမိန့်မနာခံပါက ရွာပြန်ခွင့်မပေးဘဲ ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်၍ မြိုင်ရပ်က နှင်စေ"။

"မောင်ဝံသနဲ့ မသီရိတို့ကတော့ ငါ့ဆီအထိပေါက်ကြားအောင် လျှောက်ထားနိုင်ပြီး အထောက်အထားခိုင်ခိုင်နဲ့ အမှန်တရားတွေ ပေါ်ပေါက်စေခဲ့သဖြင့် မောင်ဝံသကို မြှောက်စားကာ လယ်ယာလမိုင်းဝန် (လယ်သမားဝန်) အဖြစ် ခန့်ထားတော်မူမည်။ တောင်သူလယ်သမား အများရှေ့ဆောင် ကြံတိုင်းအောင်၍ ပြည်ထောင်အကျိုးရွက်သယ်ပိုးကြစေ"။

"သီရိဝံသ" ဇာတ်ကြီး ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်လေပြီ။ ဇာတ်၏ အနှစ်ချုပ်ကို စစ်ထုတ်ကြည့်ပြန်တော့ ပဒေသရာဇ် အရင်းရှင်စနစ် မတရားမှုတွေကြောင့် အများစုအကျိုး မဖြစ်ထွန်းတဲ့အပြင် အဆိုးအညစ်အစွန်းတွေနဲ့ ပြည်သူတွေ ဆင်းရဲတွင်း နက်ခဲ့ကြသည်။ ဆန်ကွဲထမင်းချက်၍ ဟင်းရွက်ရေလုံနဲ့ မသေရုံအသက်ဆက်ခဲ့ကြရတဲ့ အပြင် အဘက်ဘက်က ညှိုးငယ်လာတော့ ကိုးကွယ်ရာ အလျှင်ချဉ်းကပ်၍ ဘုရင်မင်းမြတ်ချမှတ်သည့် စည်းကမ်းဥပဒေသာလျှင် ယခုအခြေမှာ ကိုးကွယ်ရာဖြစ်ကြောင်း ဤ "သီရိဝံသ" ရာဇဝင်ကို မှတ်စရာအသွင်မပြတ် ဖော်ညွှန်း၍ ဇာတ်မဟာမော်ကွန်းတင်ကြလေတော့သတည်း။ ။



မတရားမှုကို ခေါင်းငုံ့မခံ "မောင်ဝံသ" ပဏ္ဏာကောက်ခန်းတွင် ရဲသီဟကို တော်လှန်စဉ်။



မသီရိနှင့် မန်ကျည်းစင် ကျေးလက်ပျိုဖြူများ "ဝါကောက်ယိမ်း"

# ပုဏ္ဏားကျွန်းမြို့နယ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ခရိုင်များအားလုံး ဖွံ့ဖြိုးတိုးတက်မှ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိရန် အရေးကြီးကြောင်း၊ ပြည်သူများလိုလားတောင့်တသော အစိုးရအဖြစ် ပြည်သူများမျှော်လင့်သလိုဖြစ်လာစေရေးအတွက် အစိုးရအဖွဲ့ကိုလည်း အကောင်းဆုံးပုံစံဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အလားတူ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း အရည်အချင်းပြည့်ဝသူများဖြင့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ဒေသနှင့်လိုက်လျောညီထွေသော မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ ပြောဆိုဆောင်ရွက်ကြခြင်းဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်ကလုပ်ဆောင်၍ တည်ငြိမ်အေးချမ်းရေးကိုလည်း အထူးသဖြင့် အာရုံစိုက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့် ကော်မတီအဖွဲ့အစည်းဆောင်ရွက်နေခြင်းဖြစ်၍ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများကပါ အာရုံစိုက်ဆောင်ရွက်နေသည်များကို တွေ့ရှိရမှာဖြစ်ကြောင်း၊ အစိုးရအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများကပါ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ အပြောင်းအလဲနှင့်အတူ လိုက်ပါဆောင်ရွက်ရန် အရေးကြီးကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူများနှင့်တွေ့ဆုံပွဲ၌ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူလူထုတွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးက မြို့နယ်ဆိုင်ရာအချက်အလက်များအား တင်ပြခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် မြို့မိမြို့ဖများက မြို့နယ်၏လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မဟာဇေယျာသိဒ္ဓိ အဓိဌာန်ပညာဒါနအခမဲ့ ကွန်ပျူတာသင်တန်းကျောင်းအတွက် ပြည်နယ်အစိုးရအဖွဲ့က ပရိုဂျက်တာနှင့် ကွန်ပျူတာငါးစုံကို သင်တန်းကျောင်းတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းဝင်း(ပြန်/ဆက်)**

# စွန်ရဲအင်းသို့ လာရောက်လည်ပတ်သူများပြား၍ လှေအငှားလိုက်သူများ အဆင်ပြေ



**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအနီးရှိ စွန်ရဲအင်းသို့ လာရောက်လည်ပတ်သူများပြားလာ၍ လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီစွန်ရဲအင်းကို လာရောက်လည်ပတ်တဲ့သူတွေ တော်တော်များပါတယ်။ ခုလိုခရီးသွားတွေလာရောက်လည်ပတ်တာ သိပ်မကြာသေးပါဘူး။ တစ်လလောက်ပဲရှိသေးတာပါ။ လာရောက်လည်ပတ်လေ့လာသူတွေက အင်းကြီးအတွင်းမှာရှိတဲ့ ကြာပန်းတောကြီးထဲကို လှေစီးသွားပြီး ကြာပန်းတွေခူးကြတယ်။ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြတယ်။ အင်းကြီးအရှေ့ဘက်မှာရှိတဲ့ ဓာတ်တော်တောင်နောက်ခံနဲ့ဆိုတော့ သဘာဝရှုခင်းကလည်း အလွန်သာယာလှပပါတယ်။ ခုချိန်ထိတော့ နေ့စဉ်ပြည်တွင်းခရီးသည် ၁၀၀၀ ဝန်းကျင်လောက်လာပါတယ်။ ပြည်ပခရီးသွားတွေတော့ လာရောက်လည်ပတ်မှုမရှိသေးပါဘူး။ လာရောက်လည်ပတ်တဲ့ ခရီးသွားတွေကို ကျွန်တော်တို့က အလှည့်ကျစနစ်နဲ့ လှေအငှားလိုက်ရပါတယ်။ ဒီမှာက လှေအကြီးအစင်း ၂၀ ကျော်နဲ့ လှေအသေး အစင်း ၁၀၀ ကျော် ရှိပါတယ်။ ဒီအင်းကြီးအနီးမှာရှိတဲ့ အင်းကုန်းရွာက လှေသမားတွေပါပဲ။ တစ်နေ့ကို လှေအငှားသုံးခေါက်လောက်လိုက်ရပါတယ်။ လူတစ်ဦးကို ၂၀၀၀ ကျပ်နဲ့ အင်းကြီးအတွင်းကို လိုက်ပို့ရတာပါ။ အဆင်ပြေပါတယ်။ ပြည်ပခရီးသွားတွေပါ လာရောက်လည်ပတ်ရင် အခုထက်ပိုပြီး အဆင်ပြေတာပေါ့" ဟု အင်းကုန်းကျေးရွာမှ လှေအငှားလိုက်သူတစ်ဦးက ပြောသည်။

သဘာဝအလှတရားများနှင့်ပြည့်စုံသော စွန်ရဲအင်းသို့ ပြည်တွင်းခရီးသွားများသာ လာရောက်လည်ပတ်မှုရှိသော်လည်း လာရောက်လည်ပတ်သူများပြားစည်ကားခြင်းကြောင့် ဒေသခံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ရေဆင်း ၁၄ ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း

**ပခုက္ကူ ဇွန် ၂၈**

မေလအတွင်း မိုးရွာသွန်းခဲ့သဖြင့် အညာဒေသ ပခုက္ကူမြို့နယ်တွင် သီးနှံများ စတင်စိုက်ပျိုးခဲ့ရာ မြောက်လူးကန်ကျေးရွာတွင် မေ ၂၂ ရက်၊ ၂၃ ရက်က စိုက်ပျိုးခဲ့သော ရေဆင်း ၁၄ မျိုး ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးပြီး ၃၂ ရက်လောက်ရှိတဲ့အခါမှာ ပန်းတွေပွင့်နေပါပြီ။ ဒီပန်းတွေဟာ ပန်လို့လည်းမတင့်တယ်၊ မွှေးလို့လည်းမရပေမယ့် ကျွန်တော်တို့တောင်သူတွေအတွက်ကတော့ အားဆေးတွေပါပဲ" ဟု မြောက်လူးကန်ကျေးရွာမှ တောင်သူဦးညွန့်လွင်က ပြောသည်။

၎င်းကိုယ်တိုင် ၁၅ ဧကစိုက်ပျိုးထားပြီး ရာသီဥတုမှန်ကန်ရန် တောင်သူများက မျှော်လင့်နေကြောင်း သိရသည်။

ပခုက္ကူမြို့နယ်သည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၂၂ ဒသမ ၇၇ လက်မသာ ရရှိကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။ **(၁၁၇)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းပြုလုပ်ပေး

**ရေဦး ဇွန် ၂၈**

ရေဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် ဝန်ထမ်းများသည် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက နှောကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး နယ်မြေကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဇွန် ၂၃ ရက်ထိ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာတွင် သံသည်ကျေးရွာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ၅၂ ဦး၊ တင်းတိန်ရံစံပြကျေးရွာ ဈေးကျောင်းမှ ကျောင်းသား ၁၃၂ ဦး၊ နှောကုန်းကျေးရွာအ. ထ. ကမှ ကျောင်းသား ၁၁၅ ဦး စုစုပေါင်းကျောင်းသား ၂၉၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အခမဲ့သီတဂူမျက်စိကုသအဖွဲ့မျက်စိဝေဒနာရှင်များအား အခမဲ့လာရောက်ခွဲစိတ်ကုသ



**လှိုင်းဘွဲ့ ဇွန် ၂၈**

သီတဂူဆရာတော်ကြီး ကြီးမှူးသည့် အခမဲ့သီတဂူမျက်စိကုသအဖွဲ့သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူတိုက်နယ်ဆေးရုံတွင် ဇွန် ၂၄ ရက်မှ စတင်ကာ မျက်စိလာရောက်ပြသသော မျက်စိဝေဒနာရှင် ပြည်သူများအား စက္ခုဒါနကုသိုလ်ဖြစ် အခမဲ့တာဝန်ယူ ခွဲစိတ်ကုပေးလျက်ရှိကြောင်း သိရသည်။

မျက်စိလာရောက်ပြသသော ပြည်သူများအားလုံးကို စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကို ကျွမ်းကျင်ဆရာဝန်ကြီးများက ဆက်လက်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် သီတဂူလက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်မိမိအေး၊ ရန်ကုန်မြို့မှ ပါမောက္ခ ဦးမြအောင်၊ ဒေါက်တာဒေါ်ခင်အုန်းဟန်၊ ဒေါက်တာဒေါ်မြတ်စုခင်၊ ဒေါက်တာ ဒေါ်အေးအေးသွင်နှင့် ဆရာမ ၁၂ ဦးတို့က တာဝန်ယူစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ လာရောက်ကုသမှုခံယူသည့် ဝေဒနာရှင်များအား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည့်အချိန်ထိ နေထိုင်မှု၊ စားသောက်မှု၊ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ ဆေးဝါးနှင့် မျက်မှန်လိုအပ်ချက်များကို အခမဲ့ကုသိုလ်ပြု ကုသပေးခဲ့ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီး ကြီးမှူးသော အခမဲ့သီတဂူမျက်စိကုသအဖွဲ့သည် ဖေဖော်ဝါရီလ၌ လှိုင်းဘွဲ့ပြည်သူ့ဆေးရုံတွင် တစ်ကြိမ်လာရောက်ကုသပေးခဲ့ပြီးဖြစ်ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး စမ်းသပ်ခွဲစိတ် ကုသပေးမည့်ကာလမှာ ဇွန် ၂၄ မှ ၃၀ ရက်ထိ ဖြစ်ကြောင်း သိရသည်။ **ဘားအံ(ပြန်/ဆက်)**

# သဲချောင်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဝင်များရွေးချယ်

**အင်းတော် ဇွန် ၂၈**

မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီရွေးချယ်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နတ်ရေတွင်းကျေးရွာအုပ်စု သဲချောင်းကျေးရွာ အမကစာသင်ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နဲ့ အာဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အရင်းမပျောက်မတည်ရင်းနှီးငွေကျပ်သိန်း ၃၀၀ နဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်က ပြောသည်။

အင်းတော်မြို့နယ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ကျေးရွာပေါင်း ၁၀ ရွာ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပေပင်ကျေးရွာ၊ သဲချောင်းကျေးရွာ၊ မကျီးပင်ကျေးရွာ၊ ဂဟဲ(ရွာဟောင်း)ကျေးရွာ၊ ကွင်းငို့ကျေးရွာ စုစုပေါင်းကျေးရွာငါးရွာတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားကာ ကော်မတီဝင်များကို မဲပေးရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **ကျော်မြိုင်**

# ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင် ၁၅၀၀ စိုက်ပျိုးမည်

**မန္တလေး ဇွန် ၂၈**
မန္တလေးမြို့ တောင်စလင်းတိုက်သစ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခဦးဆောင်သော နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) က ကြီးမှူး၍ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင် ၁၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသစ်ပင်တွေစိုက်တဲ့ ဆရာတော်ကြီးရဲ့ရည်ရွယ်ချက်က အမြန်လမ်းဘေးဝဲယာမှာ အရိပ်ရအပင်တွေ၊ ပန်းပင်တွေနဲ့ ကျေးငှက်တိရစ္ဆာန်တွေ၊ လူတွေ အပန်းဖြေနားနေနိုင်အောင်လို့ပါ။ ကျွန်တော်တို့အသင်းကြီးက အမြန်လမ်းမကြီးဘေးမှာ အရိပ်ရသစ်ပင်စိုက်တာ ဒါနဲ့ဆိုသုံးနှစ်ရှိပြီး ၂၀၁၄ ခုနှစ် ဇွန်လက မိုင်တိုင် ၃၆၅/၆ မှ ၃၅၇ ထိ ကုက္ကိုပင် ၁၇၅၀၊ ၂၀၁၅ ခုနှစ် ဇွန်လမှာ မိုင်တိုင် ၃၅၇ မှ ၃၅၃ ထိ မယ်ဇယ်ပင် ၁၂၅၀၊ အခု ၂၀၁၆ ခုနှစ်မှာ မိုင်တိုင် ၃၅၃ မှစတင်၍ မည်စည်ပင်၊ ကုက္ကိုပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်၊ ငုပင် အစရှိတဲ့အပင် ၁၅၀၀ စိုက်ပျိုးသွားမှာပါ။ ဒီနှစ်တော့ အပင်တစ်မျိုးကို နှစ်ဖာလုံခြားစိုက်မယ်။ ဘာလို့လဲဆိုတော့ အမြန်လမ်းမှာသွားလာနေတဲ့ ခရီးသွားတွေ ပွင့်သောအရိပ်ရအပင်တွေနဲ့ အမြင်ဆန်းစေချင်လို့ပါ။ နှစ်ဖာလုံခြားတစ်ခါ မတူညီတဲ့အပွင့်ပန်းတွေကြောင့် ခရီးသွားပြည်သူတွေ စိတ်လန်းဆန်းအောင်လို့ပါ။ ဒီအရိပ်ရသစ်ပင်တွေစိုက်တာ ကျွန်တော်တို့ပဲ စိုက်လို့မဖြစ်ပါဘူး။

တခြားလူမှုရေးအသင်းတွေနဲ့ စေတနာရှင်ပြည်သူတွေရဲ့ အကူအညီလည်း လိုပါတယ်။ သစ်တောဦးစီးဌာနရဲ့ အကူအညီလည်း လိုပါတယ်။ သူတို့ကလည်း အရိပ်ရသစ်ပင်တွေ လာရောက်လှူဒါန်းပါတယ်။ အရင်နှစ်တွေကစိုက်တဲ့အပင်တွေက တော်တော်ကြီးနေပါပြီ။ အခုအရိပ်တောင်ရနေပြီ။ စိုက်ခဲ့တဲ့အပင်တွေ ၁၀ ရာခိုင်နှုန်းပဲ အသေအပျောက်ရှိပါတယ်။ ဒီသေသွားတဲ့အပင်နေရာတွေမှာ အခုအစားထိုးစိုက်နေပါပြီ။ ရှင်သန်အောင်စိုက်ပျိုးသွားမှာပါ။ သစ်ပင်သဘောသဘာဝကို ပိုမိုနားလည်တဲ့ တံတားဦးစိမ်းလန်းစိုပြည်ရေးလူမှုရေးအသင်းအဖွဲ့ကို လိုအပ်တဲ့ပစ္စည်းကူညီထောက်ပံ့မှုတွေပြုလုပ်ပြီး တစ်နှစ်ပတ်လုံး ထိန်းသိမ်းစောင့်ရှောက်နေပါတယ်" ဟု နယ်စပ်တောင်တန်းဒေသနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

"ကျွန်တော်တို့အသင်းမှာ အရိပ်ရသစ်ပင်တစ်ပင်ကို ကျပ် ၅၀၀၀ နဲ့အလှူခံပါတယ်။ စိုက်ပျိုးစရိတ်နဲ့ အပင်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့စရိတ်စကဖြစ်ပါတယ်။ ရှင်သန်တဲ့အထိစိုက်ပျိုးပေးသွားမှာပါ။ ဘာလို့လဲဆိုတော့ သစ်ပင်စိုက်ပြီးသေသွားရင် ဘာလုပ်မလဲ။ ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ အကယ်၍ သေသွားရင် အစားထိုးပြန်စိုက်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေးလမ်းမကြီး လမ်းဘေးဝဲယာ အရိပ်ရသစ်ပင်များ စိုက်ပျိုးရေးစီမံကိန်းအား ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အရိပ်ရသစ်ပင်တစ်ပင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ရုံး ဖုန်း-၆၈၃၀၅၊ ၀၉-၄၀၂၆၉၂၅၂၂ သို့ မည်သူမဆို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ကျေးရွာကြီးကြပ်မှုကော်မတီများဖွဲ့စည်းရေး ကွင်းဆင်းဆောင်ရွက်

**ကနီ ဇွန် ၂၈**
မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ယင်းကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့နည်းစေရန် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ကျေးရွာပေါင်း ၁၄၅၀ ကို မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စီမံကိန်းကျေးရွာများတွင် နိုင်ငံတော်မှပံ့ပိုးငွေသိန်း ၃၀၀ ကို မတည်၍အရင်းမပျောက် လည်ပတ်ရန်ပုံငွေထူထောင်ကာ ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊စားနပ်ရိက္ခာ ဖူလုံစေရေး၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့ အစည်းများပေါ်ပေါက်လာစေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ ကျေးရွာ ၁၁ ရွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကျေးရွာများအလိုက် စီမံကိန်းများဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က "ကျွန်တော်တို့မြို့နယ်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ရန်ပုံငွေတွေရရှိတဲ့ ကျေးရွာငါးရွာကို ရန်ပုံငွေများအမြန်ထုတ်ပေးနိုင်ရေး ကျေးရွာတွေက ကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းရွေးချယ်ဆောင်ရွက်ခြင်းတွေကို နယ်မြေကွင်းဆင်းဆောင်ရွက်ရာမှာ ကျေးရွာပြည်သူလူထုရဲ့ သဘောဆန္ဒများနဲ့အညီ ဖွဲ့စည်းဆောင်ရွက်ပြီး ကျွန်တော်တို့ ကျေးရွာတွေကို ချေးငွေများစတင်ထုတ်ချေးသွားနိုင်အောင် အခုလို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်နှင့် ဝန်ထမ်းများက ဇွန် ၂၅ ရက်က တွင်းကျေးရွာအုပ်စု တောင်ပျောက်ကျေးရွာသို့ သွားရောက်၍ ယင်းကျေးရွာမှ ပြည်သူလူထု၏ သဘောဆန္ဒတူညီမှုဖြင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ငါးသိုင်းချောင်းမြို့ ရေစီးရေလာကောင်းမွန်ရေး ပင်မမြောင်းများ ပြန်လည်တူးဖော်



**ငါးသိုင်းချောင်း ဇွန် ၂၈**
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် မိုးရာသီ၌ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့က ဇွန် ၂၆ ရက်မှစတင်၍ မြို့တွင်းပင်မရေမြောင်းများ ပြန်လည်တူးဖော်ဆယ်ယူခြင်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ရှေ့ဆောင်ရပ်ကွက်ရှိ ငါးသိုင်းချောင်း အ. ထ. က ကျောင်းဝင်းနှင့် ဦးကဲလမ်းကြားရှိ မြို့တွင်းပင်မရေနုတ်မြောင်းအား စတင်တူးဖော်လျက်ရှိပြီး မိုးရာသီ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးကဲ့သို့သော ရောဂါဘယများကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ဦးစားပေးစတင်တူးဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တူးဖော်ဆယ်ယူရန်လိုအပ်သော မြို့တွင်းရှိ ပင်မမြောင်းများကိုလည်း ဆက်လက်တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ခြင်အန္တရာယ်ကင်းဝေးစေရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**ဆိပ်ဖြူ ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့က ဦးဆောင်၍ ဇွန် ၂၅ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဦးတင်ဇော်အေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အ. ထ. က(ဆိပ်ဖြူ) မှ တာဝန်ခံကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ကြသည်။

ပခုက္ကူခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်သောင်းသောင်းဌေးတို့က ကျောင်းသား၊ ကျောင်းသူများ ခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊သန့်ရှင်းသောသောက်သုံးရေများ စနစ်တကျသုံးစွဲစေရေးတို့ကို ကျောင်းအတွင်းလိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ ဇွန် ၂၅ ရက် ညနေ ၅ နာရီခွဲက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ကျော်ထွန်းဦးဆောင်သည့် အဖွဲ့သည် လေးသီအုပ်စု နောင်မဲ့လုံကျေးရွာအတွင်းရှိ တောင်သူများ၏ ကျွဲ၊ နွားများအား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို လိုက်လံထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မေသူ

# ကျိုက်ဒုံမြို့ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်

**ကျိုက်ဒုံ ဇွန် ၂၈**
ကရင်ပြည်နယ် ကျိုက်ဒုံမြို့လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေးအတွက် ဂျပန်နိုင်ငံ (JICA) အစီစဉ်ဖြင့်ရရှိသည့် 200KVA (JCB) ဓာတ်အားပေးစက်လည်ပတ်နိုင်ရေးအတွက် လျှပ်စစ်မှူးဦးကျော်မျိုးထက်နှင့် ဝန်ထမ်းများသည် ဓာတ်တိုင်များအား အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းသစ်များ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၁ ရက်မှ စတင်စမ်းသပ်ကာ ဓာတ်အား ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်မီးလင်းရေး ကော်မတီဝင်များသည် စက်လည်ပတ်မှုနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးပို့နိုင်မှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

**ကျိုက်ဒုံ(ပြန်/ဆက်)**

# အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**အုတ်ဖို ဇွန် ၂၈**
အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အ. ထ. က၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူသန်းက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မိုးကြည်က ဆေးဝါးတိုင်းတွင် ဘေးထွက်ဆိုးကျိုးရှိကြောင်း၊ ဆေးများကိုတတ်သိနားလည်သော ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ စနစ်တကျသောက်သုံးရန်နှင့်စပ်ဆေးများ မသောက်ရန် ပြောကြားခဲ့သည်။

လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကိုကိုကျော်က ဓာတုဆိုးဆေး အလွန်အမင်းပါသော အစားအသောက်များကို နှစ်ရှည်လများစားသုံးပါက ဖြစ်ပေါ်လာနိုင်သောရောဂါများအကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရန် ပြောကြားခဲ့သည်။ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး ဒေါက်တာစိုးနိုင်က ဆေးဝါးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းမုန့်ဈေးဆိုင်ရောင်းချသူများအား ဆေးဝယ်ယူရာတွင် ပြည်သူများသိသင့်သည့် အချက်များနှင့် စပ်ဆေးများ၊ တားမြစ်ဆိုးဆေးများအကြောင်းကို နံရံကပ်ပိုစတာများဖြင့် ရှင်းလင်းပြသခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျောင်းတွင်းရှိ မုန့်ဈေးဆိုင်များနှင့် မြို့တွင်းရှိ စားသောက်ကုန်ဆိုင်များအား စစ်ဆေးရာ စားသုံးရန်သင့်-မသင့်၊ ဓာတုဆိုးဆေးရှိ-မရှိ စစ်ဆေးရန် သံသယရှိသောမုန့်များကို စစ်ဆေးရန် ဝယ်ယူသွားခဲ့သည်။

ဆေးဆိုင်များကိုစစ်ဆေးရာတွင်လည်း မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသော ဆေးများကို မီးရှို့ဖျက်ဆီးရန် သိမ်းဆည်းသွားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖရဲ၊ သခွားစိုက်တောင်သူများသို့ စိုက်ပျိုးရေးနည်းပညာပေး

**ချောင်းဦး ဇွန် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက မကျီးခွကျေးရွာအုပ်စု မင်းခေါင်ကျေးရွာ မဟာသိမ်ကျောင်းအတွင်း၌ ဖရဲ၊ သခွားစိုက် အစုအဖွဲ့တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်၊ မုံရွာခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးသန်း၊ ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှတို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေးအတွက် မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲစေရေး၊ မြေဆီလွှာကို တိုးတက်ကောင်းမွန်စေရေး၊ သဘာဝမြေဩဇာပြုလုပ်၍ သုံးစွဲရေးနှင့် မြေဩဇာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဖျက်ပိုးရောဂါများ၊ ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး၊ နည်းပညာနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မကျီးခွ၊ မင်းခေါင်၊ မင်းတည်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဖရဲ၊ သခွားစိုက်တောင်သူ ၁၀၉ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိ

**ဝါးခယ်မ ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စနေနေ့ အထူးသန့်ရှင်းရေးအနေဖြင့် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက စည်ပင်သာယာဈေးမှ အဓိက ရေထွက်ပေါက်များ ဖြစ်သော ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရေး အမှိုက်များ၊ ရွှံ့နွံ့များ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့ နံနက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ရုံးဝန်ထမ်းများ၊ ဈေးဌာနစိတ်ဝန်ထမ်းများဖြင့် သံဈေးဝင်းအတွင်း အမှိုက်များ၊ ရေနုတ်မြောင်းများ ပိတ်ဆို့နေသည်များကို ဆယ်ယူရှင်းလင်းကာ အဆိုပါ သံဈေးဝင်းကို အပတ်စဉ် ဈေးပိတ်ရက်များတွင် သန့်ရှင်းပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(လွှမ်းသီဟ)**

## မြင်းခြံ-မန္တလေးကားလမ်း ထပ်ပိုးလွှာခင်း



**နွားထိုးကြီး ဇွန် ၂၈**
နွားထိုးကြီးမြို့တွင်းရှိ မြင်းခြံ-မန္တလေးကားလမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးက ဂက်ပါဝါကုမ္ပဏီဖြင့် ပူးပေါင်း၍ မြို့တွင်း ၃ မိုင် ၄ ဖာလုံကို ထပ်ပိုးလွှာ ဖြတ်တိုခင်း၍ လမ်းပြင်နေကြောင်း သိရသည်။

ယခုမြို့တွင်း၌ လမ်းပေါက်၊ လမ်းပဲ့ ဖာထေးခြင်း၊ ထပ်ပိုးလွှာခင်းခြင်း ပြီးစီးလျှင် လက်ရှိ ၁၈ ပေလမ်းအား ၂၄ ပေလမ်းအဖြစ် အဆင့်မြှင့်တင်ရန်ရှိကြောင်း လမ်းဦးစီးက ပြောသည်။ မြင်းခြံ-ရေဝန်း-မန္တလေး လမ်းဟောင်းကို ၁၈ ပေမှ ၂၄ ပေလမ်းချဲ့ရန် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ၁၀ မိုင်လမ်းချဲ့ခွင့်ပြုထားကြောင်း လမ်းဦးစီးထံမှ သိရသည်။

**ဒွေးမြင့်မောင်**

## တောင်သူများအား ကောက်စိုက်စက်စွမ်းရည် သရုပ်ပြပွဲ ကျင်းပ



**ပွင့်ဖြူ ဇွန် ၂၈**
မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနအမှတ်(၄၆) စက်မှုလယ်ယာစခန်းမှ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာများ ဖြေရှင်းနိုင်ရေးကိုရည်ရွယ်၍ ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည် ပြသပညာပေးပွဲအား ဇွန် ၂၆ ရက် နံနက် ၈ နာရီက ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံကျောင်း စိုက်ကွင်းတွင်း ပြုလုပ်ခဲ့သည်။

ကောက်စိုက်စက်စွမ်းရည်ပြသပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးကျော်က ပျိုးထောင်ခြင်းလုပ်ငန်းဆိုင်ရာများနှင့် ကောက်စိုက်စက်အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအား ကောက်စိုက်စက်ဖြင့် ကောက်စိုက်ပြသခြင်းနှင့် ပျိုးထောင်ထားရှိမှုတို့အား ပြသရှင်းလင်းခဲ့သည်။

"ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရင် စပါးမျိုးစေ့ကုန်ကျမှုနည်းပါးမယ်။ ပျိုးထောင်ဧရိယာအနည်းငယ်သာလိုအပ်တယ်။ ပျိုးပင်များ ပြုစုထိန်းသိမ်းမှု လွယ်ကူစိတ်ချရတယ်။ ပျိုးပင်များ နုတ်ယူဖို့မလိုဘူး။ သန်မာရောဂါကင်းသော ပျိုးပင်တွေရရှိပြီး လုပ်အားအနည်းငယ်ဖြင့် သက်သောင့်သက်သာ စိုက်ပျိုးနိုင်တယ်။ တစ်နေ့ ဧကများစွာ ကောက်စိုက်ပေးနိုင်တယ်။ လေဝင်လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်တယ်။ ကောက်ပင်လှန်ရက် စောင့်ဆိုင်းဖို့မလို။ ပင်ပွားနှုန်းကောင်းပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် အလွယ်တကူရိတ်သိမ်းနိုင်တဲ့ အကျိုးကျေးဇူးတွေရမှာဖြစ်ပါတယ်။ ရေသွင်းရေထုတ်လွယ်ကူသော ဆည်ရေသောက်ဧရိယာများမှာ တစ်ဧကစိုက်ပျိုးခ ၂၅၀၀၀ ကျပ်ဖြင့် တောင်သူများကို ဝန်ဆောင်မှုပေးပြီး စိုက်ပျိုးပေးနေပါတယ်" ဟု မြို့နယ်ဦးစီးဌာနမှူး ဦးမိုးကျော်က ပြောသည်။

**သူရထွန်း(ပွင့်ဖြူ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များအား ယာယီလိုင်စင်များ ထုတ်ပေး

**မုံရွာ ဇွန် ၂၈**
ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုစနစ်ကျပြီး ဘေးအန္တရာယ်များကင်းရှင်းရေးအတွက် ရည်ရွယ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ရက် ၁၀၀ စီမံချက်ဖြင့် လိုင်စင်များ ထုတ်ပေးလျက်ရှိရာ ဇွန် ၂၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းဒေသကြီး ရောင်းဝယ်ရေးအရာရှိရုံးတွင် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ယာယီလိုင်စင်ထုတ် ပေးလျက်ရှိကြောင်း သိရသည်။

"ဇွန် ၉ ရက်က စတင်ပြီး ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မကွေး စတဲ့မြို့ကြီးတွေမှာ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ရက် ၁၀၀ စီမံချက်ဖြင့် ယာယီလိုင်စင်တွေ စတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယနေ့ မုံရွာမှာ ယာယီလိုင်စင်တွေ အခမဲ့လာရောက်ပြီး ထုတ်ပေးလျက်ရှိပါတယ်။

ယခင်က လိုင်စင်နှစ်မျိုးတည်းသာ ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ ဖြေလျှော့မှုများဖြင့် လိုင်စင်အမျိုးအစားငါးမျိုးအထိ ဆောင်ရွက်ပေးမှာဖြစ်ပြီး ယာယီအနေဖြင့် လိုင်စင်အမျိုးအစား(ဃ)နှင့် (င) တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယာယီလိုင်စင်ပြုလုပ်ထားသည့် လုပ်ငန်းရှင်များအား သတ်မှတ်စည်းကမ်းချက်နှင့်အညီ လာမည့် ဒီဇင်ဘာလအတွင်း လိုင်စင်ကြီးလဲလှယ်ပြီး ပြန်လည်ထုတ်ပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (နေပြည်တော်)မှ ဒုတိယ ညွှန်ကြားရေးမှူး(ကုန်ထုတ်) ဦးမောင်မောင်သော်က ပြောသည်။




စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်မှ ခြောက်ဆိုင်၊ ကလေးခရိုင်မှ သုံးဆိုင်၊ ကသာခရိုင်မှ နှစ်ဆိုင်၊ စစ်ကိုင်းခရိုင်မှ တစ်ဆိုင် စုစုပေါင်း ၁၂ ဆိုင်အား ယာယီလိုင်စင်များ အခမဲ့ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ဂုန်လျှော်-ချည်ပေါင်လျှော် သီးနှံထုတ်လုပ်မှု တိုးမြှင့်ရေး ပညာပေးဆွေးနွေး

**ဝါးခယ်မ ဇွန် ၂၈**
ဂုန်လျှော်-ချည်ပေါင်လျှော် သီးနှံထုတ်လုပ်မှုတိုးမြှင့်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကကလကျေးရွာအုပ်စု၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ စက်မှုသီးနှံဦးစီးဌာနမှ မြို့နယ် ဦးစီးအရာရှိ ဦးအေးကျော်နှင့် စိုက်တိုးမြှင့်အဖွဲ့မှ တာဝန်ရှိသူများက တက်ရောက်လာကြသော ကကလကျေးရွာ၊ လက်ပံတောင်ကျေးရွာ၊ ကဝဲညောင်ချောင်းကျေးရွာများမှ တောင်သူများအား လျှော်အထွက်တိုးစေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ စနစ်တကျစိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ရောဂါပိုးမွှားများအန္တရာယ်မှ ကာကွယ်ခြင်း၊ ဖြစ်ထွန်းအောင်မြင်သောလျှော်များအား အဆင့်ဆင့်ဆောင်ရွက်သွားမှုများကို ပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များကို တင်ပြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ပြောကြားပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## စီမံချက်ဖြင့် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များ အရေးယူ

**မြောင်းမြ ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း မော်တော်ယာဉ် မော်တော်ဆိုင်ကယ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်သွားလာရေးအတွက်ပညာပေးကာလကုန်ဆုံးသွားပြီဖြစ်သည့် ဇွန် ၂၇ ရက်မှ စတင်ကာ စည်းကမ်းမလိုက်နာသော မော်တော်ဆိုင်ကယ်များကို အရေးယူနေပြီဖြစ်သည်။

ဆိုင်ကယ်လိုင်စင်မရှိခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ဆိုင်ကယ်နံပါတ်ပြားမရှိခြင်း၊ အသက်မပြည့်မောင်းနှင်ခြင်း၊ အိပ်ဇောအသံကျယ်လောင်စွာတပ်ဆင်မောင်းနှင်ခြင်း၊ လိုသည်ထက်ပိုသည့်အမြန်နှုန်းဖြင့် မောင်းနှင်ခြင်းတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ပြန်/ဆက်ဦးစီးဌာန၊ စည်ပင်၊ ပညာရေးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ အဖွဲ့များက အရေးယူဆောင်ရွက်လျက်ရှိပြီး၊ တရားရုံးမှ တရားစွဲဆိုသွားမည်ဖြစ်သည်။ **အောင်မင်း(မြောင်းမြ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စစ်ဆေး၍ ယာဉ်မှု ၂၀၆ မှုအရေးယူဆောင်ရွက်ပြီးစီး



**ပေါက် ဇွန် ၂၈**
ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာမှုမရှိသော မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ရက် ၁၀၀ စီမံချက်အနေဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်ထိ ယာဉ်မှု ၂၀၆ မှု စစ်ဆေးအရေးယူဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ယခင်က ပညာပေးကာလသတ်မှတ်၍ မေလဆန်းပိုင်းတွင် စစ်ဆေးခဲ့ပြီး စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာရန်နှင့် ယာဉ်စည်းကမ်းလိုက်နာရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီးဖြစ်သော်လည်း စည်းကမ်းလိုက်နာမှုနည်းပါးသောကြောင့် ယခုကဲ့သို့ အရေးယူဆောင်ရွက်ခဲ့ခြင်းများ စတင်ပြုလုပ်ရကြောင်း ပေါက်မြို့ မြို့မစခန်းမှူး ဒုတိယရဲမှူးစောကြိုင်က ပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် လက်ရှိအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်နှင့် နောက်ကြည့်မှန်မပါခြင်း၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်း၊ မတန်တဆဝန်ပိုတင်ဆောင်ခြင်း၊ သတ်မှတ်အရှိန်ထက် ပိုမိုမောင်းနှင်ခြင်းတို့ကို ဦးစားပေးစစ်ဆေးလျက်ရှိပြီး မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဇွန် ၇ ရက်မှစတင်ခဲ့ရာ ပေါက်မြို့မစခန်းရှေ့၊ ပေါက်မြို့အနောက်ဘက် မြို့ဝင်ဂိတ်ကုန်းထိပ်၊ စည်ပင်သာယာဈေးနှင့် မြို့အရှေ့ထိပ် တြိဂံလမ်းဆုံတို့၌ စစ်ဆေးခဲ့ရာ ပေါက်မြို့ပေါ်ယာဉ်မှု ၁၄၂ မှု၊ ရေပြာစခန်းနယ်မြေ၌ ယာဉ်မှု ၆၄ မှု စုစုပေါင်း ၂၀၆ မှုကို တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ရက် ၁၀၀ စီမံချက် အမှိုက်သိမ်းစနစ်သစ် ကျောက်ကြီးတွင် အောင်မြင်စွာဆောင်ရွက်

**ကျောက်ကြီး ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် မြို့သန့်ရှင်းသာယာရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရက် ၁၀၀ စီမံချက် အမှိုက်သိမ်းစနစ်သစ်ကို ဇွန် ပထမပတ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ အောင်မြင်လျက်ရှိသည်ဟု သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယခင် ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် မြို့တွင်းအမှိုက်များသိမ်းခဲ့ခြင်းမှ ယခုအခါ တနလာ်၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေအထိ ရက်များထပ်တိုးပြီး မြို့မရပ်ကွက် ခုနစ်ရပ်ကွက်နှင့် မြို့အဝင်ဆိပ်ကြီးကျေးရွာအထိ မော်တော်ယာဉ်ဖြင့် ခေါင်းလောင်းတီးစနစ်ကျင့်သုံး၍ အမှိုက်သိမ်းခြင်းနှင့် မြို့မစည်ပင်သာယာဈေးတစ်နေ့ချင်း အမှိုက်ထွက်ရှိမှုပမာဏအလိုက် စဉ်ဆက်မပြတ် အမှိုက်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကျောက်ကြီးမြို့တင်မဟုတ်ဘဲ နတ်သံကွင်းနဲ့ မုန်းကျေးလက်ဈေး အမှိုက်သိမ်းလုပ်ငန်းကိုလည်း အမှိုက်ပမာဏပေါ်မူတည်ပြီး အင်္ဂါနဲ့ သောကြာနေ့တွေမှာ ဆောင်ရွက်နေပါတယ်" ဟု ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်က ရှင်းပြသည်။

မြို့ပေါ်ရပ်ကွက်များတွင် မော်တော်ယာဉ်ဖြင့် ခေါင်းလောင်းတီး အမှိုက်အပြီးသိမ်းစနစ်နှင့် ဈေးအမှိုက်စုပုံနေရာမှ အမှိုက်များကို အမှိုက်ပုံပျောက်အမှိုက်ရှင်းစနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့တွင်းတွင် အမှိုက်ပုံများမရှိတော့ဘဲ မြို့မှာသန့်ရှင်းသပ်ရပ်လာသည်။

"ဈေးအမှိုက်ပုံကို အမှိုက်ပုံမဖြစ်အောင် အမှိုက်သိမ်းစနစ်ကျင့်သုံးတာ တော်တော်အဆင်ပြေသွားပါတယ်။ ဈေးအမှိုက်ပုံက ဈေးအဝင် စည်ပင်သာယာလမ်းနဲ့ကပ်လျက် လူနေအိမ်တွေရဲ့ မျက်နှာစာမှာဖြစ်နေတော့ သန့်ရှင်းမှုအတွက်ရော ကျန်းမာရေးအတွက်ပါ အမှိုက်ပုံရှိမနေသင့်ပါဘူး" ဟု ကျောက်ကြီးမြို့သတင်းကွန်ရက်မှ ဦးသန်းထွန်းက ပြောသည်။

ကျောက်ကြီးမြို့နယ်တွင် အမှိုက်သိမ်းစနစ်သစ်ကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဟု သိရသည်။

**(၁၂၂)**

# ငါးလုပ်ငန်းဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် သဖန်းဆိပ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ကျွန်းလှ ဇွန် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငါးမျိုးစိုက်ထည့်ပွဲကို ဇွန် ၂၇ ရက် နံနက် ၇ နာရီခွဲက ဆည်ဦးစေတီအနီး၌ ကျင်းပကြောင်း သိရသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အတွင်း ငါးမြစ်ချင်းသုံးသိန်း၊ ထိုင်းငါးခုံးမနှစ်သိန်း စုစုပေါင်းငါးမျိုးငါးသိန်း စိုက်ထည့်မည်ဖြစ်ကြောင်း ကန့်ဘလူငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးက ပြောသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နတ်မောက်မြို့နယ် ရေရရှိရေးအတွက် တွင်းကျယ်တူးဖော်နေခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေသော လမ်းတံတားများ ကွင်းဆင်းကြည့်ရှု



**နတ်မောက် ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသော နတ်မောက်မြို့နယ်စည်သာအုပ်စု စမ်းတောကုန်းကျေးရွာ ရေရရှိရေးအတွက် တွင်းကျယ်တူးဖော်နေခြင်းနှင့်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသော လမ်းတံတားပျက်စီးမှုများကို ဇွန် ၂၆ ရက် နံနက်က မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇောဟိန်းကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးသည် ဝန်ထမ်းများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်းနှင့် ရုံးဝန်ထမ်းများနှင့်အတူ စမ်းတောကုန်းကျေးရွာ ရေတွင်းကျယ်တူးဖော်ခြင်းနှင့် မြို့နယ်အတွင်း လမ်းတံတားများ၏ ပျက်စီးမှုအခြေအနေနှင့် မွမ်းမံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ရာနဒီရေပေးဝေရေးသမဝါယမအသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**အောင်လံ ဇွန် ၂၈**
အောင်လံမြို့ စမ်းချောင်းရပ်ကွက် 'ရာနဒီ' ရောင်းဝယ်ရေးနှင့် ရေပေးဝေရေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အောင်လံမြို့ စမ်းချောင်းရပ်ကွက် ကုသိနာရုံ အ. မ. က ကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးဝင်းတင်ကဆောင်ရွက်ပြီး သဘာပတိအဖြစ် 'ရာနဒီ'လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ဆောင်ရွက်ခဲ့သည် ။

အစည်းအဝေးတွင် သဘာပတိဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဒါရိုက်တာအဖွဲ့ဝင် ဦးသန်းဝင်းက ရာနဒီလီမိတက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားကာ မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးဝင်းမြင့်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီး အသင်းသားများထံမှ အတည်ပြုချက်ရယူကာ အသင်းသားများ၏ အကြံပြုစာများကို ဖတ်ကြားရှင်းလင်းပြီး စမ်းချောင်းရပ်ကွက်အတွင်းရှိ အ. မ. က ကျောင်းနှစ်ကျောင်းနှင့် 'ဇေယျသုခ' ဘုန်းတော်ကြီးသင်စာသင်ကျောင်းတို့အား အလှူငွေများပေးအပ်ခြင်းနှင့် အသင်းသားများအား အစုပေါ်အမြတ်ငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သက္ကယ်ကျင်းကျေးရွာသို့ ထင်းများဖြန့်ဝေ

**တံတားဦး ဇွန် ၂၈**
တံတားဦးမြို့နယ် အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြိုင်သာကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာသို့ ဇွန် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာကျောက်ဖျားတောင်ကွင်း ထင်းစိုက်ခင်းတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ ထင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ ယင်းအပြင် တည်ထောင်ပြီး စိုက်ခင်းများကို ရှစ်နှစ်ကျော်သည့်အခါ နီးစပ်လျက်ရှိသည့် ကျေးရွာများထံ လွှဲပြောင်းပေးအပ်ပြီး ထင်းအဖြစ်ထုတ်ယူရကြောင်း ယခု သက္ကယ်ကျင်းကျေးရွာအနေဖြင့် ၂၀၁၀ ခုနှစ်က တည်ထောင်စိုက်ပျိုးခဲ့သည့် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၅၀ ရှိသည့်အနက် ၁၇ ဧကကို ခုတ်ယူခဲ့ရာ ထင်းတန်ရေ ၁၇ တန်ကို ကျေးရွာသို့ဖြန့်ဝေမှာဖြစ်ကြောင်း၊ ယခုထုတ်ယူခဲ့သည့် နေရာကိုလည်း ဌာနမှ ပြန်လည်စိုက်ပျိုးပေးမည်ဖြစ်ကာ နောင်ငါးနှစ်ကျော်ပါက ကျေးရွာသို့ ယခုလိုပြန်လည်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။


ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများထံသို့ ထင်းများဖြန့်ဝေပေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**
















တန် ဖိုး ရှိ လု လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

## ပရဟိတ ကျောင်းသူ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဆည်းစေလို




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ပညာသင်နှစ်မှာ (၂၈၉)သော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး (၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီး ထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူမိန်းကလေးများ ကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျား(80') x အနံ (40') (2RC) အဆောက်အအုံကို အရေးပေါ် ကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက်အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင် ကျပ်(၂၅)သိန်း ကုန်ကျမှာဖြစ်ပါသည်။ **(၁)ခန်းစာနှင့်အထက် အလှူရှင်များအား သားစဉ်မြေးဆက် ဝမ်းမြောက်နုမော်သာခု ခေါ်ဆိုနိုင်ရန် "ကမ္ပည်းကျောက်စာ"** ရေးထိုးဂုဏ်ပြုပေးပါမည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်ရန်**

ကျောင်းအုပ်ဆရာတော်နှင့် အကျိုးဆောင်များ
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၇၉၆၆၂၅၇၀၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ**(A/C No.007-301-00700708002)**
**CB Bank** အကောင့်နံပါတ် **U ZATILA(A/C No.0092600100002526)**

မှတ်ချက်
- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
- ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

## ယောနယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ယောနယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (ကလေး၊ ဂန့်ဂေါ၊ ဆော၊ ထီးလင်း၊ ကျောက်ထု)မြို့နယ်များမှ အသင်းဝင်နှင့် ယောသူ/ယောသားများ စုပေါင်း၍ ဝါဆိုသင်္ကန်း+ဆွမ်းဘောဇဉ်များဖြင့် ယောဓလေ့ အစဉ်အလာမပျက် ဘုံဆွမ်း ဆက်ကပ်လှူဒါန်းပြီး တိပိဋက(ယော)ဆရာတော်ကြီး ဟောကြားတော်မူသည့် သာဓုအနုမောဒနာတရားတော်များ အတူတကွ နာကြားနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက်။ | ။ | (၁၃၇၈ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ရက်) ၃-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) |
| အချိန်။ | ။ | နံနက် ၉း၀၀နာရီ |
| နေရာ။ | ။ | ယောနယ်အသင်း(သတ္တာဒေဝမနုဿာနံ)ဓမ္မာရုံ၊ စွယ်တော်မြတ်စေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၃၈၈၂၅၈၊ ၀၉-၃၀၀၀၆၉၅၁ |

**အမှုဆောင်အဖွဲ့**

သုံးရာသီ ဗမ္ဗာခြင်း
Air-Con
☎ 420144148, 421153797

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ရှောင်းသော/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

မျိုးမြတ်သူ မြတ်ဘားအံ
25000
35000
25000
09-254058712

50% Discount
373275, 708342, 0949219404

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

RUBY
519100
09-51-77212, 535100

## ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း ဒုတိယအကြိမ်အလုပ်ရုံ ဆွေးနွေးပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားခြင်း

(DPTOA)

ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲနှင့်အသင်းသားစုံညီအစည်းအဝေး အား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်တွင်းဘုရားဖူးလုပ်ငန်း လုပ်ကိုင်သူအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန်နှင့် ဘုရားဖူးလုပ်ငန်းစိတ်ဝင်စားသူများ၊ ဖေ့ဘွတ် အွန်လိုင်း အစရှိသူများလည်းတက်ရောက်နိုင်ပါကြောင်းလေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်အချိန် | – | နံနက် ( ၈ း ၀၀ ) နာရီ |
| ကျင်းပမည့်နေ့ရက် | – | ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ( ၂ ) ရက် စနေနေ့ |
| ကျင်းပမည့်နေရာ | – | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ အမှတ် ၃ /အေ၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် |
| ဆက်သွယ်ရန် | | ၀၉ ၅၀၆၆၆၅၇ / ၀၉၅၀၀၄၇၈၆ ၀၉၇၃၁၀၁၈၉၄ |

အမှုဆောင်ကော်မတီ
ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း

FAME Mangosteen
Natural antibiotics
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013084 (0118)

FAME Resveratrol
Cellular Energy Booster
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 013019 (0118)

မုန်ချီ
TMR-012270(0916)
TMR-012269(0916)
Ph.D(Alternative Medicine) (India)

Multi Stories Car Parking System
Platform Lift
Warehouse lift / Yard Ramp
Dock Leveler
Hot Line: 09 799488777, 09 798222399
Aung Thein Than CO.,Ltd.
No.64, Baho Road, Sanchaung Township, Yangon.
Tel: +951 508036,527074,534346,02 76469,067 27029 Fax : 527203
www.aungtheinthanmyanmar.com

"Worldwide Brand"
NOVALIS® LVT
APPROVED
FOR CONDO & LUXURY APARTMENT
From USA (FLoor Score), Germany (DIBT), France (A+), Canada (Declare), Singapor (Green Label)
10 Year Warranty
GreenStep
Call: 09-421029415
09-36408734
WELFLEX CO.,LTD
(Green Step Asia Award 2014-15)
Facebook : welflex co., ltd

ATTOLLO အက်တို(လ်)လို
USD 1800 July 16
USD 700 July 15
USD 3800 August 18
170000 ks July 16
01-389187, 09-32109138, 09-795418474

ရွှေကမ္ဘာ
Ph: 095097001, 0949259491, 09-421177464

GW
0973226006
0973133528
0973077569
09401605559

တစ်ကာ 500k
ဗီနိုင်း 100k

ရောင်ခြည်သစ်
No.194, Myayamon Water Front Villa, Lay Daung Kan Road,26 Qtr, South Dagon
Office : 09 450454770, 09 450454771, 09 450454772, 09 450454773, 09 73123455, 09 73123450

San brotherhood
Air-Con
1HP 260000 Ks
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
681854, 706193, 09-73116475
FMI City 706193,09-5084831,682445(Ext)1421
09-5190383, 09-73251535
CNG 703684, 09-43130068
Capital 09-5053114, 73251545, 01-708842
Junction 01-704101, 09-5002738
01-704649, 09-73066836, 09-73004800
09-43083868, 01-703241
01-709114, 09-5019316


ပုသိမ်မြို့ရှိ ဈေးဝယ်သူ မိဘပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ အကြီးဆုံး Shopping Center
Ocean SUPERCENTER (ပုသိမ်)
၂၀၁၆ ခုနှစ်
ဇွန်လ (၃၀) ရက်နေ့တွင်
ဖွင့်လှစ်ပါမည်။
ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်
အထူးအစီအစဉ်များ
30th June ~ 30th September, 2016
ဆိုင်ခန်းပေါင်း (၁၆) ဆိုင်ကျော်
နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင်များ
ကားအစီးရေ (၃၀) နှင့် မော်တော်ဆိုင်ကယ် (၃၀၀) စီးခန့် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင်
ခေတ်မီ၍ လုံခြုံစိတ်ချရတဲ့ ကလေးကစားကွင်း
Ocean Supercenter အပါအဝင် ဆိုင်ခန်းများမှ
ကျပ် သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်း
အထူးဆု » ကျပ် (၁၀) သိန်းတန် ဈေးဝယ်ခွင့်ကတ် အပါအဝင် အဖိုးတန် ဆုမဲပေါင်းများစွာ...
(၅) သိန်း (၁) ဆု
(၃) သိန်း (၁) ဆု
(၁) သိန်း (၁) ဆု
(၅) သောင်း (၁) ဆု
(၁) သောင်း (၁၅) ဆု
ပျော်ပွဲ ရွှင်ပွဲနှင့် ကံထူးရှင် ရွေးချယ်ပွဲ July 30, Aug 27 & Sept 30
နိုင်ငံကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ Life & Dance အကအဖွဲ့၏ အကအလှုများနှင့်အတူ အခြားအစီအစဉ်ကောင်းများစွာဖြင့် ဖျော်ဖြေတင်ဆက် ပေးသွားမည် ဖြစ်ပါသည်။
စက်တင်ဘာလ (၃၀) ရက်နေ့တွင် အထူးဆု (၁၀) သိန်းအား ကံစမ်းမဲဖောက်ပေးသွားပါမည်။
BLANCO
CANDY LAND Handmade Candy
CHERRY OO WATCH GALLERY
CityCare
CRAZY COLOURS
ERKE In the Sun
ESCORT
K-Queen
MK
PAPILLON
SEASONS
technoland
TTT
ကမ်းနားလမ်း၊ ပုသိမ်မြို့ (မြို့တော်ခန်းမအနား)၊ ဧရာဝတီတိုင်းဒေသကြီး။
www.oceansupercenter.com.mm
LIKE US ON facebook Ocean Supercenter Myanmar

# ကြော်ငြာ

## ဦးထွန်းအောင်ခိုင်(ခ)ဦးအုန်းမောင်(စစ်တွေ) အသက်(၈၀)

**သိုရုံမှူး(ငြိမ်း)၊ ကုန်သွယ်လယ်ယာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၄၂)၊ အခန်း(၂၀၂)နေ (ဦးမောင်ကျော်လှ-ဒေါ်စံလှဦး)တို့၏သား၊ (ဦးမောင်ကြွင်း-ဒေါ်လုံးစိန်)တို့၏ သားသမက်၊ ဒေါ်အေးအေးမူ(ဦးစီးအရာရှိ၊ မြစ်သာရေအားလျှပ်စစ်စီမံကိန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဦးခင်ဇော် (တရားလွှတ်တော်ရှေ့နေ)၊ ဦးအောင်ဇော်မိုး (ချိန်တော်မှီစားသောက်ဆိုင်၊စစ်တွေ)-ဒေါ်နုနုဇံ(အိုးအိမ်ဦးစီးဌာန၊ စစ်တွေ)၊ ဦးဇော်ထွန်းမိုး(ခ)ဦးကျော်ဟိန်း(ကုန်သည်၊ စစ်တွေ)-ဒေါ်သူဇာခိုင် (ပြည်နယ်စာရင်းစစ်ရုံး၊ စစ်တွေ)၊ ဗိုလ်မှူးဇေယျာမင်း(ခ)ဦးဘိုဘိုကျော်လင်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ MRTV)-ဒေါ်ဖြူဖြူလှိုင်(အသံလွှင့်ကျွမ်းကျင်-၂၊ NRC Channel, MRTV)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ဖြူမချေ(ခ)ဒေါ်ဖြူမေ၏ချစ်လှစွာသောခင်ပွန်း၊ မဟေမာန်နှင်းယုနိုင် (ပြည်မြန်မာသတင်းထောက်)-ကိုကျော်မျိုးမင်း(ပြည်မြန်မာသတင်းထောက်ချုပ်)၊ သန့်ထူးအောင်၊ အေမီဖြိုး၊ မြမိုးခိုင်၊ ပိုင်ပိုင်၊ ဘုန်းပြည့်မောင်၊ စောပြည့်သန္တာမင်းတို့၏အဘိုးရှင်၊ ဇွန်ရတီမင်း၏အဖိုးရှင်သည် ရန်ကုန်မြို့နေအိမ်၌ ၂၈-၆-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်သာ(ဖိုးလမင်းယပ်တောင်၊ စစ်တွေ)

**(ရခိုင်တေးသံရှင်၊ ဆိုကရေးတီး-ဒိုင်)**

**အသက် (၆၉) နှစ်**

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ အမှတ်(၃၀)၊ ငပိန်လမ်းနေ (ဦးဘုလှ-ဒေါ်မနော်ဦး)တို့၏သား၊ (ဒေါ်ခိုင်စိန်လှ)၏ချစ်လှစွာသောခင်ပွန်း၊ မောင်မောင်သန်းထိုက်၏မွေးစားဖခင်၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း ဒါယကာ**

**ဦးတင်မောင်**

**အသက် (၈၈) နှစ်**

[ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး] ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏ဖခင် ဦးတင်မောင်သည် ၂၆-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**

**လမ်းအထူးအဖွဲ့(၄)၊ ရွှေညောင်**

**ဝန်ထမ်းမိသားစု**

## ဦးအေးလွင်(အီကျုံး)

**ညောင်လေးပင်**

**အသက်(၆၄)နှစ်**

ဒေါ်လှငြိမ်း၏မောင်၊ ဦးအောင်ငွေ-(ဒေါ်ခင်မိုးလှိုင်)၊ ဦးမြင့်ဝေ-ဒေါ်တင်တင်လှ၊ (ဦးနေလင်း)-ဒေါ်မြင့်မြင့်ရီ၊ ဦးစံလွင်-ဒေါ်ကျင်စုတို့၏ညီ၊ ဦးမောင်မောင်စိုးသန့်-မကြူကြူမာတို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၃၂)နေ ဒေါ်ခင်မာဆွေ၏ခင်ပွန်း၊ မောင်အောင်ကျော်မင်း၊ မနှင်းဦးရွှေရည်တို့၏ဖခင် ဦးအေးလွင်(ခ)အီကျုံးသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၃၂၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြသိန်းကြည် (၉၁)နှစ်

**တောင်တွင်းကြီးမြို့**

တောင်တွင်းကြီးမြို့၊ အုန်းတော(၁)ရပ်ကွက်နေ (ဦးမောင်ကြီး-ဒေါ်ဖွားရှင်)တို့၏သမီး၊ (ဦးခင်)၏ဇနီး၊ (ဦးတင့်လွင်)-ဒေါ်ခင်မာမြင့်၊ ဦးရွှေအေး-ဒေါ်ညိုညိုဌေး၊ ဦးသက်ညွှန့်ဦး-ဒေါ်ချိုချိုဝင်း၊ ဦးခင်သိန်း-ဒေါ်နီနီစန်း၊ ဦးထွန်းဦး-ဒေါ်သီသီအေး၊ ဦးဇော်လင်းဦး-ဒေါ်ခင်သီတာရွှေတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်မြသိန်းကြည်သည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၆၆)၊ ဗိုလ်ချုပ်လမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

**Rev. ဦးကြာအောင်**

**အသက် (၅၀)**

**သင်းအုပ်**

**Amen Immanuel (AG) Church**

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ သပြေပင်ကျေးရွာနေ ဦးရှယ်အောင်(ခ)အောင်ခိုင်-ဒေါ်ပမော်တို့၏ သားကြီး၊ ဦးလင်းအောင်၊ ဦးခိုင်အောင်၊ ဦးဝင်းအောင်၊ ဦးနိုင်အောင်တို့၏အစ်ကိုကြီး၊ ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်နေ ဦးထန်ဟင်းပေါင်-ဒေါ်လွန်းလမ့်ညောင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ် (၉၃)ရပ်ကွက်၊ တိုးချဲ့နေ ဆရာမဒေါ်ညောင်ရှုန်းဒိမ့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဧလိယသိန်းကြာ (Evangel Bible College)၊ မညောင်အက်စတာနွမ်း(ခ)ရွှေကြာ (Grade-10၊ အထက-၂၊ ဒဂုံဆိပ်ကမ်းမြို့နယ်)၊ မရေဗက္ကာဘုတ်ခိုင် (Grade-4၊ အထက-၂၊ ဒဂုံဆိပ်ကမ်းမြို့နယ်)၊ မလိန်းကြာ (Grade-1၊ အထက-၂၊ ဒဂုံဆိပ်ကမ်းမြို့နယ်)တို့၏ ချစ်လှစွာသောဖခင်ကြီး သိက္ခာတော်ရဆရာကြီး ဦးကြာအောင်သည် ၂၈-၆-၂၀၁၆ ရက် နံနက် ၇း၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၆-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မောန္ဓေလဘုရားကျောင်းရှေ့၊ ယုဇနဥယျာဉ်ပိတောက် ကွေ့နှင့် (၉၃)ရပ်ကွက်နေအိမ်တို့မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

**ဒေါ်မြသိန်းကြည် (၉၁)နှစ်**

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၆)နေ (ဦးခင်)၏ဇနီး ဒေါ်မြသိန်းကြည်သည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။) အမှုဆောင်အဖွဲ့

## အာနိစ္စ

## ဦးစံလှိုင်

**(နဲ့-သဘင်အဖွဲ့ဝင်/၅၃၈၇၈)**

**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ပုပ္ပားလမ်း၊ အမှတ်(၁၀၆၉)နေ ဒေါ်ခင်မြိုင်၏ခင်ပွန်း၊ ဒေါ်မြရီ၊ ဦးဝင်းတင်၊ ဦးစိန်လှိုင်တို့၏ဖခင် ဦးစံလှိုင်သည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းကြည် (၈၅)နှစ်

**(မြန်မာ့မီးရထား၊ အင်/ယာဌာန)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း၊ ဗဟိုလမ်း၊ အမှတ် (၃၉၀)နေ (ဦးအောင်သိန်း-ဒေါ်သိုင်းခြုံ)တို့၏သား၊ (ဦးဖိုးကွန်း-ဒေါ်ညွှန့်ရီ)တို့၏သားသမက်၊ ဦးကျော်စိုး (ဒု-ညွှန်ချုပ်၊ ကျေးလက်ဦးစီး)-ဒေါ်ဥမ္မာထွန်း၊ ဦးမောင်မောင်မြင့်-ဒေါ်နီနီထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) ညနေ ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၆ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးချို အသက်(၇၀)

ရန်ကုန်မြို့နေ ( ဦးစိန်-ဒေါ်လူစီ)တို့၏သားလတ်၊ လမ်း(၅၀) Condo၊ အခန်း(၄၁၁)၊ လေးလွှာ၊ တိုက် (B)၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဘေဘီဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးသီဟ-မအေးမိစံ၊ ကိုသန်းဇော်လှိုင်-မနွေးနွေးလွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဘုန်းမြတ်သီဟ၏ ချစ်လှစွာသောအဘိုးသည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## BOSUN ခင်မောင်အေး

**CDC-19653**

**Marinec Shipping Co., Ltd.**

**အသက် (၅၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုမ္မာ(၂၀)လမ်း၊ အမှတ် (၁၄၃၀)နေ (ဦးစံရင်)-ဒေါ်ခင်စန်းတို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် (၅၀၇)၊ ဇာနည် (၁၅)လမ်းနေ (ဦးရွှေလှ)-ဒေါ်အေးတို့၏ သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဦး-ဒေါ်စန်းအေး၊ ဦးတင်ရှိန်-ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ ဦးမောင်လတ်-ဒေါ်ရင်ရင်စန်း၊ ဦးတင်အောင်ကြည်-ဒေါ်ရင်ရင်ဌေးတို့၏ အစ်ကို၊ မောင်မင်းသူအောင်၏ မွေးသဖခင်၊ ဒေါ်သန်းသန်းရီ၏ခင်ပွန်းသည် Sloviemia နိုင်ငံ KOPER ဆိပ်ကမ်း MV-Herbilan Success သင်္ဘောပေါ်၌ ၂၅-၆-၂၀၁၆ (စနေနေ့) ဒေသစံတော်ချိန် နံနက် ၇း၅၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၆ (သောကြာနေ့)တွင် အမှတ် (၅၀၇)၊ ဇာနည် (၁၅)လမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ညွန့် (၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အပိုင်း(၃) ငမိုးရိပ်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၄၀၇) မှန်ခန်း၊ ညာဘက်နေ (ဦးရန်ရှင်း-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးကျော်အုန်း)၏ဇနီး၊ ဦးခင်မောင်ထွန်း (I.W.T-ငြိမ်း)-ဒေါ်ခင်မမ(အမက-၈၊ တာမွေ၊ ငြိမ်း)၊ ဦးခင်မောင်အေး (Ex Eurasia Co., Ltd- ငြိမ်း)-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဥမ္မာ၊ (ဦးညီသိန်းဦး)-ဒေါ်အေးအေးမာ၊ ဦးသက်ခိုင်-ဒေါ်အေးအေးမြတ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်ခင်ညွန့်သည် ၂၇-၆-၂၀၁၆(တနင်္လာနေ့) ည ၁၀း ၅၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါးသဖြင့် ၂၉-၆- ၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးမောင်မောင်မြင့်(ခ)မိုဟာမက်ယူစွပ်(ရန်ကင်း) အသက်(၉၀)

**ဒု-လ/ထညွှန်ကြားရေးမှူး(စက်မှု/စားကုန်-ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးဘိုးမောင်-ဒေါ်မမကြီး)တို့၏သား၊ (ဦးထွန်းညိမ်း-ဒေါ်မယ်တင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်အမှတ်(၂၁၁)၊ အခန်း(၁၁)နေ ဦးစိုးမြင့် (1973 Geol) (MD-Zaburit Medicine)-ဒေါ်ခင်ခင်အေး၊ ဦးသန်းအောင်(စိန်ဂေဟာ၊ ပါရမီစင်တာ)-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်(ခေတ္တ-U.S.A)-ဒေါ်မြင့်မြင့်အေးကျော်(ခေတ္တ-U.S.A)၊ ဒေါ်စန်းစန်းတင့်(စက်မှု/ဆေးဝါး)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုမောင်မောင်ထွန်း-မမေမိုးသူ၊ ကိုစိုင်းဝဏ္ဏ-မမြသီတာအောင်၊ ကိုအာကာစိုးမြင့်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန် ကဘာရိစတန်ဥယျာဉ်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်ကိုလေး (၈၆)နှစ်

**(ရမည်းသင်း)**

ရမည်းသင်းမြို့၊ သီလဝလမ်း၊ ဈေးတောင်ဘက်နေ ဒေါ်အေးကြည် (လက်ဖက်ရည်ဆိုင်)၏ သားသမက်၊ (ဦးဝင်းသိန်း)-ဒေါ်အေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်ခင်ဖြူမာ၊ ဦးတင်ဝင်း-ဒေါ်မိုးမြမြအေး၊ ဒေါ်ချိုချိုအေး၊ ဦးဇော်ဝင်းနိုင်-ဒေါ်စုစုတင်၊ ဦးဇော်ဝင်းလှိုင်-တာတာကို၊ ဦးဆန်းညွှန့်ထူး-ဒေါ်တင်မိုးခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်အေး၏ခင်ပွန်းသည် ၂၆-၆-၂၀၁၆ ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၆ ရက်တွင် ရမည်းသင်းမြို့ အနောက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဇရပ် ဒါယကာကြီး**

## ဦးကျော်သိန်း (၆၄)နှစ်

**ရွှေဝယ်သဇင်(ထားဝယ်)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်စံပြကျေးရွာနေ (ဦးထွန်းခင်-ဒေါ်ချစ်ပို)တို့၏သား၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ အမှတ်(၁၈၈)နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၂၀)နေ ဒေါ်အေးသီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုသက်မောင်ဦး၊ ကိုအာကာဦး၊ ကိုသန်းထွန်းဦး-မဇာခြည်ကျော်(ရွှေမောင်းသံ)၊ ကိုသူရအောင်-မယမုံကျော်တို့၏ချစ်လှစွာသောမွေးသဖခင်၊ မအိသန္တာဆင့်၊ မရှင်းသန့်ယဉ်၊ မောင်ထူးသန့်နေ၊ မောင်ဘုန်းမြတ်သူရ၊ မောင်မင်းသက်မောင်၊ မယွန်းသီရိသူရ၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၉း၂၀နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## ဒေါ်ရင်ရင်တင့် (၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၁၅)၊ မြေညီထပ်(A)နေ (ဦးအောင်သန်း)-ဒေါ်ကြည်စိန်တို့၏သမီး၊ ဦးစိုးလွင်-ဒေါ်လှမြင့်တို့၏သမီးချွေးမ၊ ဦးစိုးမြင့်(စမ်းချောင်း-ပြည်ခိုင်ဖြိုး)၏ ချစ်လှစွာသောဇနီး၊ ဦးအေးချို (ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်အသင်း အမှုဆောင်)-ဒေါ်စန်းစန်းမြင့်(လှဆန်းကြည်ရွှေဆိုင်)၊ ဦးဇော်နိုင်-ဒေါ်စန်းစန်းအေး (ကွမ်းခြံကုန်း)၊ ဦးဟန်ဝင်းနိုင်-ဒေါ်မြင့်မြင့်စန်း၊ (ဦးသန်းလွင်)-ဒေါ်နိုင်နိုင်မော်၊ ဦးအေးမင်းဇော်-ဒေါ်ခင်သန်းဝင်းတို့၏အစ်မကြီး၊ ဗိုလ်မှူးခင်ဇော်-ဒေါ်လင်းလင်းထက်(သမီး)၊ ဦးဖြိုးကျော်သူ(သား)-ဒေါ်ထက်နန္ဒာဝင်းတို့၏ချစ်လှစွာသောမိခင်၊ မဖြိုးအိထက်၊ မောင်စိုးထက်ပိုင်-မအေးပြည့်စုံ၊ မအေးရတနာခိုင်၊ မဆုမြတ်ဝေ-မောင်မြတ်သူကျော်တို့၏ကြည်းမေကြီး၊ မသော်တာထွန်း၊ မကြည်ဖြူခင်တို့၏အဘွားသည် ၂၇-၆-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၆ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ကျော်ဆွေ (၃၈)နှစ်

**(ပါရမီ)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၂၄၁/၂၄၃)နေ ဦးမင်းဆွေ-ဒေါ်မြမြတို့၏ သားကြီး၊ ဦးအောင်နိုင်တိုး-မမြတ်မွန်ဆွေ၊ မောင်အောင်မင်းစိန်တို့၏အစ်ကို၊ အမှတ်(၇၀)၊ ရန်ပြေ (၁၆)လမ်း၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးလှထူး)-ဒေါ်သန်းမြင့်တို့၏ သားသမက်၊ မဖြိုးဇာခြည်ထူး၏မောင်၊ ကိုဝင်းသူအောင်၊ မစိမ့်စိမ့်သူ၊ မထိုက်ထိုက်ထူးတို့၏အစ်ကို၊ မခင်နှင်းနှင်းထူး (လမ်းမတော်မြို့နယ် ပညာရေးမှူးရုံး)၏ ခင်ပွန်း မနန္ဒာဝတ်ရည်၏ ဖခင်သည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၈း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသူစု

## ဒေါ်မြတ်လေးတင်

**(Mabel Soe Tin)**

**အသက်(၇၀)**

**B.Sc (Chem;)**

**စိန်ဖရန့်စစ်၊ကျောင်းသူဟောင်း**

**စက်မှု၊ စားကုန်**

(ဗိုလ်မှူးစိုးတင်-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ (ဒေါ်စီစီတင်)-ဦးသန်းထူး၊ ဒေါ်သီသီတင်၊ ဒေါ်ဌေးဌေးတင်-ဦးကျော်စိုး၊ ဒေါ်ဝင်းဝင်းတင်-ဦးနွယ်တင်တို့၏ညီမ၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အောင်ချမ်းသာ (၃-၄)လမ်း၊ မေသူအိမ်ရာ၊ တိုက် (D) ၂၀၂ နေ ဦးကျော်ဝင်း (အထွေထွေမန်နေဂျာ၊ စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဒေါက်တာဒေါ်နှင်းလွင်ဦး-ဗိုလ်မှူးထူးအောင်ဝင်းတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်မြတ်လေးတင်သည် ၂၆-၆-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းကြည် (၉၂)နှစ်

**(ပဲခူး၊ ဒိုက်ဦး၊ သုံးခွ)**

(ဦးညို-ဒေါ်ခင်မြ)တို့၏သမီးကြီး၊ ဦးအုန်းကျော် (ဂျပန်ခေတ် စစ်တက္ကသိုလ်ပထမပတ် ဗိုလ်သင်တန်းဆင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင် ပထမဆင့်)၏ချစ်လှစွာသောဇနီး၊ [ဦးတင်အောင်-ဒေါ်သန်းရီ(ခ)ဒေါ်ပုချို]၊ [ဦးစိုးတီ (မြန်မာ့လေကြောင်း-ငြိမ်း)]-ဒေါ်တင်တင်အုန်း (အထက- ၂၊ တာမွေ-ငြိမ်း)၊ (ဦးဟန်စိုး)-ဒေါ်သိန်းနွဲ့ (အောင်သိဒ္ဓိသွေးဆေး)၊ [ဦးသန်းတင် (ညွှန်ကြားရေးမှူး၊ အလုပ်သမားဝန်ကြီးဌာန)]-ဒေါ်ခင်ဝင်းမြင့်(အထက-၂၊တာမွေ-ငြိမ်း) တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါက်တာသန်းထွဋ်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ပညာရေးသုတေသန)-ဒေါက်တာဒေါ်ခင်မျိုးနောင် (ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးကျော်ကျော်အောင် (ဒေါ်တင်တင်နှင့်သားများ အီလက်ထရောနစ်)-ဒေါ်စိုးစပယ် (MF TB-ငြိမ်း)၊ ဒေါ်စိုးမာမာ (အမက-၃၃၊ တာမွေ)၊ ဒေါက်တာသိန်းထွဋ် (မျက်စိ အထူးကုဆရာဝန်ကြီး)-ဒေါက်တာသူဇာအောင် (ကလေးအထူးကုဆရာဝန်ကြီး)၊ ဦးကျော်ဇင်ဝင်း (Software Engineer, Newyork)-ဒေါ်ခိုင်ကလျာ (ပထမအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း၊ New York)တို့၏ ချစ်လှစွာသောကြီးကြီးသည် ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၈း၃၀နာရီထိ အမှတ် (၁၇)၊ လေးလွှာ၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူဆွေမျိုးများ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းကြည် (၉၂)နှစ်

**(ပဲခူး၊ ဒိုက်ဦး၊ သုံးခွ)**

ဦးအုန်းကျော် (ဂျပန်ခေတ် စစ်တက္ကသိုလ်ပထမပတ် ဗိုလ်သင်တန်းဆင်း၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင်ပထမဆင့်)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးထိုက်အောင်(ငြိမ်း)-ဒေါ်စန္ဒာအုန်းကျော် (ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း-ငြိမ်း)၊ ဒေါ်နီလာအုန်းကျော် (ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ ဒေါ်ဝင့်ဝါအုန်းကျော် (ဒု လ. ဝ. ကမှူး-ငြိမ်း) [အင်ကြင်းဖူးမူကြို]တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်ထူးထိုက်အောင် (သွားဆေးတက္ကသိုလ်)၊ မောင်ထူးနောင်ဝင့် (Yatanarpon Cyber City)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၈း၃၀နာရီအထိ အမှတ်(၁၇)၊ လေးလွှာ၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးကိုကိုကြီး အသက်(၇၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်နေ (ဦးလှကျော်-ဒေါ်တင်လှ)တို့၏သား၊ ဦးမောင်မောင်ကြီး၏ ညီ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ် (၁၀၆၃)နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးမြင့်ကို-ဒေါ်နွယ်နီအောင်၊ ဦးစိုးကိုကို-ဒေါ်ဝင်းဝင်းမော်၊ ဦးဝင်းကိုကို- ဒေါ်သိင်္ဂီစု၊ ဦးကျော်မင်းထွေး-ဒေါ်ဇာနည်ဝင်းတို့၏ မွေးသဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၇-၆-၂၀၁၆ (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်မြင့်မြင့် (Irene) အသက်(၇၀)

**M.Sc(Botany)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ မာလာမြိုင်ရိပ်သာ၊ အမှတ်(၅၃၁/ဘီ) (၁-အေ)နေ (ဦးဘတင်-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ (ဒေါ်အေးကြည်၊ ဒေါ်ခင်ငြိမ်း)တို့၏သမီးတူမ၊ (ဦးတင်မှန်-ဒေါ်မြဆက်)တို့၏သမီးချွေးမ၊ ဦးကျော်ဝင်းမှန်၏ချစ်ဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်ခင်မူ၊ ဦးကျော်ညွှန့်မှန်-ဒေါ်မေအုံးညွှန့်ဝေ၊ ဒေါ်လွင်လွင်မှန်-ဦးကျော်တင်၊ ဒေါ်အေးအေးမှန်-ဦးကျော်တင် (Kenneth)၊ ဦးကျော်သန်းမှန်-ဒေါ်ခင်ဆွေဦး၊ ဒေါ်ဖြူဖြူမှန်-ဦးလှိုင်ဘုန်းမြင့်၊ ဦးကျော်မြင့်မှန်-ဒေါ်မြင့်မြင့်ခိုင်တို့၏အစ်မ ဒေါ်မြင့်မြင့်သည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်မြင့်မြင့် (Irene) အသက်(၇၀)

**M.Sc(Botany)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ မာလာမြိုင်ရိပ်သာ၊ အမှတ်(၅၃၁/ဘီ) (၁-အေ)နေ (ဦးဘတင်-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ (ဒေါ်အေးကြည်၊ ဒေါ်ခင်ငြိမ်း)တို့၏သမီးတူမ၊ (ဦးတင်မှန်-ဒေါ်မြဆက်)တို့၏သမီးချွေးမ၊ ဦးကျော်ဝင်းမှန်၏ချစ်ဇနီး၊ ဒေါ်မာလာဝင်းမှန်-Mr. Jerome Price၊ ဒေါ်ချိုဇင်ဝင်းမှန်-(ဦးဝင်းဟန်ထွန်း)၊ ဒေါ်ဆွေဇင်ဝင်းမှန် (Qatar Airways)၊ ဒေါ်ဆုစန္ဒီဝင်းမှန် (OMan Airways)တို့၏ ချစ်လှစွာသောမိခင်၊ လင်းနန္ဒီထွန်း၊ နှင်းအိန္ဒြီထွန်း၊ David Price၊ Andrew Price၊ Natalie Irene Priceတို့၏ချစ်လှစွာသော ဘွားဘွား ဒေါ်မြင့်မြင့်သည် ၂၈-၆-၂၀၁၆(အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မြင့် (၅၇) နှစ်

**ရွှေ့ဆောင်စက်မှု သ/မ (အင်/ယာဌာန၊ D.C.P.T)**

ရန်ကုန်မြို့၊ အမှတ် (၂၉/ ၃၆၁)၊ ပိတောက်လမ်း၊ ဝန်ထမ်းကြီးများရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ (ဦးအေးကို)-ဒေါ်တင်ကြည်တို့၏ သားကြီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်နေ (ဦးကျင်ရှိန်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါက်တာကြည်နွယ်အောင်-ဒေါက်တာ ရဲကျော်စွာဝင်း၊ ဗိုလ်ကြီးဖြိုးသူဇော် (ကက-လေ)၊ ကိုသန့်ထူးအောင် (Weather News Co.)တို့၏ မွေးသဖခင်၊ မောင်ကျော်စွမ်းရည်အောင်၏အဘိုး၊ ဒေါ်နွယ်နွယ်ရှိန် (83, Meach:၊ ရွှေ့ဆောင်စက်မှု သ/မ)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၆-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၄၅နာရီတွင် မင်္ဂလာဒုံ ခုတင်(၁၀၀၀) စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ စစ်ဆေးရုံအအေးခန်း၌ သရဏဂုံတင်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၆ (တနင်္လာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ယူရို ၃၆ သန်းကျော်တန်ဖိုးရှိ ကျောက်စိမ်း ၆၂၄ တွဲ ရောင်းချရ

**နေပြည်တော် ဇွန် ၂၈**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၀၆၂ တွဲအနက်မှ အတွဲ ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရာ ၆၂၄ တွဲကို ယူရို ၃၆ ဒသမ ၅၆ သန်းဖြင့် ရောင်းချခဲ့သည်။

ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲ ရောင်းရငွေ ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲ ရောင်းရငွေမှာ ၃ ဒသမ ၂၉ သန်းဖြစ်၍ ယနေ့အထိ စုစုပေါင်းရောင်းချမှုမှာ ၄၂ ဒသမ ၉၇ သန်း ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တစ်နေ့လျှင် ကျောက်စိမ်းအတွဲ ၁၀၀၀ စီကို ဇူလိုင် ၃ ရက်အထိ ရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ယူရို ၂၀၀၀၀၁ တန်ဖိုးရှိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဟု သိရသည်။

**(သတင်းစဉ်)**



# ဗန်ကောက်(ဒွန်မောင်း) - ရန်ကုန် ခရီးစဉ်သစ် ဇူလိုင်လတွင် စတင်ပျံသန်းမည်

**ရန်ကုန် ဇွန် ၂၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံတို့မှ နေ့စဉ်နှင့်အမျှ ခရီးသွားများပြားလာမှုအပေါ် အခြေခံကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် Thai Lion Air လေကြောင်းလိုင်းမှ ဗန်ကောက်(ဒွန်မောင်း)-ရန်ကုန်ခရီးစဉ်သစ်ကို နေ့စဉ်တစ်ရက် နှစ်ကြိမ်နှုန်းဖြင့် ဇူလိုင်လတွင် စတင်ပျံသန်းတော့မည်ဖြစ်သည်။

ဗန်ကောက်မြို့အခြေစိုက် Thai Lion Air လေကြောင်းလိုင်း၏ မန်နေဂျင်းဒါရိုက်တာ လေယာဉ်မှူးကြီး ကပ္ပတိန် Darsito Hendroseputor က "ကျွန်တော်တို့ရဲ့ လေကြောင်းပျံသန်းခြင်းလုပ်ငန်းဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကကျတဲ့ကဏ္ဍတစ်ခုပါ။ မြန်မာနဲ့ ထိုင်းနိုင်ငံတို့ဟာလည်း ကာလရှည်လျားတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသလို ၁၆၀၉ ကီလိုမီတာရှည်တဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေလည်းဖြစ်ကြပြီး ဖွံ့ဖြိုးဆဲ ဖွံ့ဖြိုးလာပြီဖြစ်တဲ့ မြန်မာပြည်အတွက် လေကြောင်းခရီးသွားလုပ်ငန်းတွေဟာ နိုင်ငံဖွံ့ဖြိုးမှု၊ ပြည်ပဝင်ငွေရရှိမှုအပြင် အခြားဖွံ့ဖြိုးမှုတွေကိုပါ ပိုမိုကြီးထွားလာစေမှာဖြစ်ပါတယ်"ဟုပြောသည်။

ဗန်ကောက်မြို့အခြေစိုက် Thai Lion Air လေကြောင်းလိုင်းအနေဖြင့် ဇူလိုင် ၂၂ ရက်မှ စတင်ကာ ထိုင်းနိုင်ငံ ဒွန်မောင်းမှ ရန်ကုန်သို့ စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မှ ဒွန်မောင်းခရီးစဉ်ကိုလည်း **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

**တရုတ်နိုင်ငံ၌ ကမ္ဘာ့အရှည်ဆုံးနှင့် အမြင့်ဆုံးဖန်တံတား ကြံ့ခိုင်မှုစမ်းသပ်စစ်ဆေး**

စာမျက်နှာ - ၄

**၂၀၁၆ ခုနှစ် ပါဠိပထမပြန် စာမေးပွဲအောင်စာရင်းထုတ်ပြန်**

စာမျက်နှာ - ၁၀

**အီတလီအသင်း ကွာတားဖိုင်နယ်တွင် ဂျာမနီအသင်းနှင့်တွေ့မည်**

စာမျက်နှာ - ၁၃

# ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်၌ မကွေး-ချင်း၊ ရတနာပုံ-Horizon တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၈**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်(တတိယနေ့)ပွဲစဉ်များကို ဇွန် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး MNL ကလပ်အသင်းများ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဒုတိယအဆင့်(တတိယနေ့) ပွဲစဉ်အဖြစ် သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် ရတနာပုံအသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့သည် လက်ရှိ MNL ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူကာ အဆင့် (၁)နှင့်(၂) နေရာတို့တွင် ရပ်တည်နေသည့် အသင်းများဖြစ်သောကြောင့် ရှုံးထွက်ပြိုင်ပွဲတွင်ပါ ရလဒ်ကောင်းများ ထပ်မံရယူနိုင်ခြင်းရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။ ယခုတွေ့ဆုံနေသော အသင်းများသည် ဇွန်လတတိယပတ်က MNL ပြိုင်ပွဲတွင်တွေ့ဆုံခဲ့ဖူးပြီး ရတနာပုံအသင်းက Horizon အသင်းကို သုံးဂိုး-တစ်ဂိုး၊ မကွေးအသင်းက ချင်းယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော် ယခုပြိုင်ပွဲသည် ရှုံးထွက်ပြိုင်ပွဲဖြစ်သောကြောင့် မထင်မှတ်သည့် **စာမျက်နှာ ၅ ကော်လံ ၅ သို့** ○




ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်၌ တွေ့ဆုံနေသည့် ရတနာပုံအသင်းနှင့် Horizon အသင်းတို့ အမှတ်ပေးပြိုင်ပွဲ၌ တွေ့ဆုံခဲ့စဉ်။





